ဗမာ့ဆန်း 吉祥

တရုတ်ကွန်မြူနစ်ပါတီ ပါတီဝင်တို့၏ ချမ်းမြေ့သာယာမှု:

共产党人的幸福

ကျွန်တော့်အိမ်ထောင်စု၏ အခက်အခဲများ ဖြေလည်သွား:ပြီ

我家的难事解决了

2022 10
总第 344 期
ISSN 1009-9417

欢迎您到金色的土地——缅甸来！
“福地”热诚地欢迎您！

缅甸有丰富的旅游资源

◆有闻名世界的瑞光大金塔;
◆有号称“塔林”的蒲甘圣地;
◆有世界第一大书的瓦城“碑林”;
◆有世界第一大的“敏滚”大钟;
◆有缅甸故宫曼德勒皇城;
◆还有世界唯一的茵莱湖水上人家的独特风光;
◆还有避暑胜地彬乌伦、阳光灿烂的“昌达”海滨……
◆更有动人心弦的翡翠、珠宝的诱惑，等着您的到来！

※ 联系电话：0095-2-31832
0095-99061291　0095-95198193

※ 电子邮件：zuqing@mandalay.net.mm

缅甸曼德勒“福地”旅游有限公司

地址：缅甸曼德勒 41 条街（83/84 条街中间）68 号

ᏗᏂᏲᏙᏁ
吉祥

တရုတ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အလှအပကို ဖော်ပြနိုင်သော ရိုးရာသစ်သားအဆောက်အဦး ဆောက်လုပ်ရေးလက်ရာ။

中国非物质文化遗产——传统木结构建筑营造技艺 CFP 图

主管：中华人民共和国国务院新闻办公室
主办：云南省人民政府新闻办公室
承办：云南日报报业集团
编辑出版：云南省南亚东南亚区域国际传播中心

编辑指导委员会成员
主任：彭 斌 何祖坤
副主任：赖 勇 王廷尧
主要管理人员
总编辑：王廷尧（兼）
法人代表、常务副总编辑：熊 燕
执行主编：张若谷
编辑部主任：舒 文
编辑部副主任：曹曦桐

缅文译审：郭联美 许清媛 祝湘辉
第一读者：巴 乌（缅籍）
中文编辑：陈灿霞
缅文编辑：张莹琳 李雨曈
翻译：李祖清（缅籍）许清媛 杜光民（缅籍）
视觉设计：武 瑞
仰光分社：张莹琳 Zaw Ye Aung（缅籍）
发行：张俊宏

地址：中国云南省昆明市西山区日新中路 516 号云报传媒广场 A 座 9 楼
编辑部电话：86-871-64112973（传真）
办公室电话：86-871-64101644
发行部电话：86-871-64101727
邮 编：650034
仰光发行代理：仰光传媒集团
仰光分社地址：No.22/ 24, Aye Condo 4 floor ,Shin Saw Pu Road, Sanchaung Township, Yangon
电 话：09795503422 09959543599
发行范围：国内外公开发行
邮发代号：64-35
出版日期：每月五日
中国标准连续出版物号
ISSN 1009-9417
CN 53-1115/G2
http://www.yunnangateway.com
E-mail:yunnanjixiang@163.com

广告经营许可证号：5300004000052
印 刷：云南日报印务中心
定 价：10 元（人民币）/2000 缅币

တာဝန်ခံစီမံခန့်ခွဲသူ--တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးဌာန
ထုတ်ဝေသူ--ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန
တာဝန်ယူဆောင်ရွက်သူ--ယူနန်နေ့စဉ်သတင်းစာအဖွဲ့
စီစဉ်တည်းဖြတ်၍ပုံနှိပ်ထုတ်ဝေသူ--"မဂ်လာ"မဂ္ဂဇင်းပြန်တည်းအဖွဲ့

စာတည်းညွှန်ကြားရေးကော်မတီအဖွဲ့ဝင်
တာဝန်ခံ-- ဖုန်ပင်၊ ဟော်ကျိုခွင်း
ဒုတိယတာဝန်ခံ-- လိုက်ယုံ၊ ဝမ်ထင်ရောင်
အဓိကတာဝန်ထမ်းဆောင်သူများ
အယ်ဒီတာချုပ်--ဝမ်ထင်ရောင်
ဥပဒေအကြံပေး၊ အမြတ်မ်းအမှုဆောင် ဒုတိယအယ်ဒီတာချုပ်--ရှန်ရမ်
အမှုဆောင်အယ်ဒီတာချုပ်--ကျန်းဇော့ကူ
စာတည်းဌာနတာဝန်ခံ--စူဝိန်
စာတည်းဌာနဒုတိယတာဝန်ခံ--ဆည်းဆာ

မြန်မာစာ တည်းဖြတ်ပြန်ဆိုသူ--မဂ်လာဝင်း၊ ဒေါ်ခင်စိန်၊ သန့်ဇင်မောင်
ပထမဆုံးစာဖတ်သူ--ဘဦး(မြန်မာနိုင်ငံသား)
တရုတ်စာအယ်ဒီတာ--ချိန်ချန်ရှာ
မြန်မာစာ အယ်ဒီတာ--ဖွေးဖွေးကြည်လင်၊ ခင်သက်နင်း
မြန်မာစာဘာသာပြန်--လီကြူချင်း(မြန်မာနိုင်ငံသား)၊ ဒေါ်ခင်စိန်၊ တော်ကောင်းမင်း(မြန်မာနိုင်ငံသား)
ဒီဇိုင်းဆွဲသူ--ဝူရွှေ
ရန်ကုန်ဗြိုရုံးခွဲ--ဖွေးဖွေးကြည်လင်၊ ဇော်ရဲအောင်(မြန်မာနိုင်ငံသား)
ဖြန့်ချိရေးဝန်ထမ်း--ကျန်းကြီမ်ဟုန်

လိပ်စာ- (၉)လွှာ၊ အဆောက်အဦး(A) ၊ ယူနန်နေ့စဉ်သတင်းစာအဖွဲ့ မီဒီယာရင်ပြင်၊ အမှတ် (၅၁၆)၊
RixinZhong လမ်း၊ ရှီးစန်းရပ်ကွက်၊ ကူမင်းမြို့၊ ယူနန်ပြည်နယ်၊ တရုတ်နိုင်ငံ
Fax--၈၆-၈၇၁-၆၄၁၁၂၉၇၃
ဖုန်းနံပါတ်--၈၆-၈၇၁-၆၄၁၀၁၆၄၄
ဖြန့်ချိရေးဌာနဖုန်းနံပါတ်--၈၆-၈၇၁-၆၄၁၀၁၇၂၇
စာပို့သင်္ကေတ--၆၅၀၀၃၄
ရန်ကုန်မြို့ဖြန့်ချိရေးအေဂျင်စီ၊ Yangon Media Group Ltd.
ရန်ကုန်မြို့ရုံးခွဲလိပ်စာ-No.22/ 24၊ အေးကွန်ဒို ၄ လွှာ၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ရန်ကုန်မြို့ရုံးခွဲဖုန်းနံပါတ်။ ၀၉၇၉၅၅၀၃၄၃၂ ၊ ၀၉၉၅၅၄၃၄၃
တရုတ်ပြည်တွင်းပြည်ပတွင် ဖြန့်ချိထုတ်ဝေသည်
စာပို့ရန်အစားထိုးနံပါတ်--၆၄-၃၅
လစဉ် ၅ ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေသည်
တရုတ်စံချိန်စံညွှန်းစဉ်ဆက်မပြတ်ပုံနှိပ်ထုတ်ဝေရေးနံပါတ်များ
ISSN 1009-9417
CN 53-1115/G2
http://www.yunnangateway.com
E-mail:yunnanjixiang@163.com

ကြော်ငြာဖော်ပြရန်ခွင့်ပြုချက်နံပါတ်--၅၃၀၀၀၀၄၀၀၀၀၅၂
ပုံနှိပ်သူ--ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ပုံနှိပ်မှုလုပ်ငန်းဌာန
မဂ္ဂဇင်းတန်ဖိုး--RMB ၁၀၊ ၂၀၀၀ ကျပ်

၂၀၂၂ ခုနှစ်တွင် “မင်္ဂလာ” မဂ္ဂဇင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မျက်နှာဖုံးဆောင်းပါးအဖြစ် တင်ဆက်လျက်ရှိပါသည်။ ယခုလထုတ်မဂ္ဂဇင်းတွင် တရုတ်နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော “ရိုးရာသစ်သားအဆောက်အဦး ဆောက်လုပ်ရေးလက်ရာ” စာဖတ်ပရိသတ်များအတွက် ရေးသားဖော်ပြပေးမည်ဖြစ်ပါသည်။ စာမျက်နှာ ၆၂ တွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

2022 年，《吉祥》杂志以非物质文化遗产作为封面主题，本期为大家介绍中国非物质文化遗产——传统木结构建筑营造技艺，详见 P62。

ရှုပ်ပျိမ်ကွင်း 视觉

4 တရုတ်ကွန်မြူနစ်ပါတီ ပါတီဝင်တို့၏ ချမ်းမြေ့သာယာမှုများ
共产党人的幸福

6 ဝါသနာသည် အသက်အရွယ် ကန့်သတ် မထားပါ
热爱无关年龄

“မင်္ဂလာ”ဖတ်မှတ်ခရာ 吉祥阅读

8 ကျွန်တော့်အိမ်ထောင်စု၏ အခက်အခဲများ ပြေလည်သွားပြီ
我家的难事解决了

24 ဤဆယ်စုနှစ်အတွင်း ကျဲ့ကျန်းပြည်နယ်နှင့် ယူနန်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှု တစ်စေ့တစ်စောင်း လေ့လာကြစို့
这十年：东看浙江 西看云南

26 အိမ်ထောင်စုတိုင်း သာယာချမ်းမြေ့မှုများ ရရှိ
幸福到万家

32 တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသရှိ မြို့ပြနှင့်ကျေးလက်တို့သည် သာယာချမ်းမြေ့သော ဘဝ အတူတည်ဆောက်
山海城乡共筑幸福生活

33 တရုတ်ပြည်၏ ဆင်းရဲမှုလျော့ပါးရေးလုပ်ငန်း အောင်မြင်မှုမှာ မျက်မြင်ထင်ရှားဖြစ်သည်
中国扶贫事业的成就有目共睹

34 လက်ကိုင်ဖုန်းဖြင့် အကဖျော်ဖြေမှုများ ရှုစားခြင်း
打开手机看舞蹈

ရောင်စုံလှပသော ယူနန်ပြည်နယ် 七彩云南

42 သာယာလှပသော တယ်ဟုန်တွင် ကြည်လင်သောရေ၊ စိမ်းလန်းသော တောင်တန်းများနှင့် ပြည့်နှက်နေပြီး ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်အကြောင်း ဖော်ပြလျက်ရှိ
美丽德宏，讲述绿水青山好故事

CONTENTS

တရုတ်ယဉ်ကျေးမှု 中国文化

46 တရုတ်နိုင်ငံ၏ "ထူးခြားသော တိရစ္ဆာန်"— ချီလင်
中国"神奇动物"在身边——麒麟

စားကောင်းသောက်ဖွယ် 美食生活

48 ထူးခြားသော ခံတွင်းတွေ့သည့် အချဉ်အရသာ
不一样的味觉体验——酸

"မင်္ဂလာ"မဂ္ဂဇင်းသို့ ပေးစာတစ်စောင် 给《吉祥》的一封信

52 "မင်္ဂလာ"မဂ္ဂဇင်းကို မြန်မာစာဖတ်သူများထံသို့ ကျွန်မ ဆောင်ကြဉ်းပေးခဲ့ဖူးသည်
我把《吉祥》带给缅甸读者

မြန်မာပြည်ကအသံ 缅甸之声

54 ရင်ထဲက"ချုံချင့်"မြို့
我心中的重庆

ပျော်ရွှင်လေ့လာ တရုတ်ဘာသာ 学中文

62 တရုတ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အလှအပကို ဖော်ပြနိုင်သော ရိုးရာသစ်သားအဆောက်အဦး ဆောက်လုပ်ရေးလက်ရာ
中国非物质文化遗产——传统木结构建筑营造技艺

共产党人的幸福

တရုတ်ကွန်မြူနစ်ပါတီ ပါတီဝင်တို့၏ ချမ်းမြေ့သာယာမှုများ

ယနေ့ တရုတ်နိုင်ငံတွင် ၂၀၂၁ ခုနှစ် နှစ်ကုန်အထိ တရုတ်ကွန်မြူနစ်ပါတီ၏ ပါတီဝင်ဦးရေသည် စုစုပေါင်း ၉၆.၇၁၂ သန်း ရှိပြီ ဖြစ်ပါသည်။ ၎င်းတို့သည် လုပ်ငန်းနယ်ပယ်အသီးသီးတို့တွင် လုပ်ကိုင်ကြပြီး မတူညီသော အလုပ်အကိုင်များ လုပ်ကြသော်လည်း သူတို့အားလုံးသည် ပြည်သူတို့အတွက် ဝန်ဆောင်မှုပေးလိုသည်ဟု သဘောတူကာ အမြတ်မထိန်းသိမ်းလျက်ရှိသည်။ ယနေ့ တရုတ်နိုင်ငံတွင် တရုတ်ကွန်မြူနစ်ပါတီ၏ ပါတီဝင်တိုင်းသည် အသက်ကယ်ဆယ်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျေးလက်ဒေသ ရှင်သန်ထွန်းကားရေးနှင့် ပြည်သူလူထု၏ နေထိုင်မှုဘဝကို စောင့်ကြည့်ရေး အစရှိသော နယ်ပယ်အသီးသီးတို့၌ ကြိုးပမ်းဆောင်ရွက်နေကြသည်။ ၎င်းတို့သည် တူညီသော ချမ်းမြေ့

သာယာမှုရည်မှန်းချက် ရှိပါသည်။ ပြည်သူတို့၏ ချမ်းမြေ့သာယာမှုအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်ပေသည်။

ယခုနှစ် အောက်တိုဘာလတွင် တရုတ်ကွန်မြူနစ်ပါတီ၏ ၂၀ ကြိမ်မြောက် ပြည်လုံးကျွတ် ကွန်ဂရက်ကို ပေကျင်းမြို့၌ ကျင်းပခဲ့သည်။ အတိတ်ကို ပြန်ကြည့်ကာ အနာဂတ်ကို မျှော်ကြည့်လျှင် အဆိုပါကွန်ဂရက်သည် တရုတ်နိုင်ငံ၏ နိုင်ငံရေးတွင် အရေးကြီးသော ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင် အာရှဒေသတွင်း နိုင်ငံတကာ ပြန်ကြားရေးစင်တာမှ "မင်္ဂလာ" မဂ္ဂဇင်းသည် နိုဝင်ဘာလ၌ တရုတ်ကွန်မြူနစ်ပါတီ၏ ၂၀ ကြိမ်မြောက် ပြည်လုံးကျွတ် ကွန်ဂရက်ဆိုင်ရာ အထူးကော်လံကို ဖွင့်လှစ်မည် ဖြစ်ပါသည် စာဖတ်ပရိသတ်များနှင့်အတူ တရုတ်နိုင်ငံ ခေတ်သစ် ဆယ်စုနှစ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွ ပြန်ကြည့်ကာ လူသားတို့၏ အေးအတူ ပူအမျှ ဘုံအသိုက်အဝန်း၏ ကောင်းမွန်သော အနာဂတ်ကို လက်တွဲတည်ဆောက်ရန် မျှော်လင့်ကြပါစို့။ စာဖတ်ပရိသတ်များ စောင့်မျှော်ဖတ်ရှုရန် ရိုသေစွာဖြင့် ပန်ကြားအပ်ပါသည်။

图片来源：新华社 中新社 武瑞 设计

မဂ္ဂဇင်းကို အလွယ်တကူ ဖတ်ရှုရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫描二维码 轻松听杂志

我们要坚持以增强人民体质、提高全民族身体素质和生活质量为目标，高度重视并充分发挥体育在促进人的全面发展中的重要作用。

——中国国家主席习近平

（摘自《习近平谈治国理政》第四卷）

ကျွန်တော်တို့သည် ပြည်သူ့ပြည်သားများ၏ ကျန်းမာရေးကို ပိုမို ကောင်းမွန်လာစေခြင်း၊ တိုင်းရင်းသားလူမျိုးအားလုံး၏ ကိုယ်ခန္ဓာကျန်းမာရေးနှင့် နေထိုင်မှုအရည်အသွေး မြှင့်တင်ခြင်းတို့ကို ပန်းတိုင်အဖြစ် ထားပြီး ကာယပညာကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အကျိုးသက်ရောက်မှု ရှိအောင် အလေးထားလုပ်ဆောင်ရပါမည်။

-- တရုတ်နိုင်ငံတော်သမ္မတ ရှီကျင့်ဖိန် (“ရှီကျင့်ဖိန် တရုတ်နိုင်ငံရေးရာစီမံခန့်ခွဲမှု”အတွဲ ၄ မှ ကောက်နုတ်သည်)

图片故事

ပုံများဖြင့် ပြောပြခြင်း ။ ။ ဝါသနာသည် အသက်အရွယ် ကန့်သတ် မထားပါ

热爱无关年龄

来自河南省郑州市的“火玫瑰”街舞队成立于2008年，现有16名固定成员，年龄最小的45岁，最大的已经71岁，平均年龄超过50岁。她们来自各行各业，因热爱街舞而聚在一起。

队员每周会在一起练舞，虽然已不再年轻，但跳起街舞来，该有的张扬、动感与时尚一样不少。凭着不懈努力，她们从小小的训练室跳进了综艺节目，甚至跳上了国际街舞比赛的舞台。

“‘火玫瑰’这个名字红红火火，代表了我们积极向上、不服老的精气神。热爱无关年龄，我们会一直坚持跳街舞，直到跳不动的那天，也希望有更多人加入我们，为自己热爱的运动拼搏。”街舞队副队长侯艳丽说。

ဟော်နန်ပြည်နယ် ကျိန့်ကျိုးမြို့ရှိ "မီးနှင်းဆီ" street dance အဖွဲ့သည် ၂၀၀၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အမာခံအဖွဲ့ဝင် ၁၆ ဦးရှိပါသည်။ အသက် အငယ်ဆုံးသည် ၄၅ နှစ် ရှိကာ အသက် အကြီးဆုံးသည် ၇၁ နှစ်ရှိပြီ ဖြစ်ရာ ပျမ်းမျှအသက်မှာ ၅၀ ကျော်ရှိသည်။ သူတို့သည် လုပ်ငန်းနယ်ပယ်အသီးသီးမှ လာပြီး street dance ကို ကြိုက်နှစ်သက်သောကြောင့် ဆုံစည်းနေကြခြင်း ဖြစ်ပါသည်။

အဖွဲ့ဝင်များသည် အပတ်တိုင်း စုစည်းပြီး အကလေ့ကျင့်တတ်ကြသည်။ ငယ်ရွယ်နုပျိုသည့် အရွယ် မဟုတ်သော်လည်း အက ကသည့်အခါ၌ လူပ်ရှားမှု ကောင်းပြီး ဖက်ရှင်အပြည့်ရှိပါသည်။ စဉ်ဆက်မပြတ် ကြိုးပမ်းမှုဖြင့် သေးငယ်သော လေ့ကျင့်ခန်းလေးမှ အထွေထွေ အနုပညာအစီအစဉ်သို့ သာမကဘဲ အပြည်ပြည်ဆိုင်ရာ street dance ပြိုင်ပွဲများသို့ တိုင်အောင် ဝင်ရောက်နိုင်ခဲ့ကြသည်။

"'မီးနှင်းဆီ' ဆိုတဲ့ နာမည်ဟာ ရဲရဲတောက် ဖြစ်ပါတယ်။ ကျွန်မတို့ဟာ အသက်အရွယ်ကို လျစ်လျူရှုရပြီး တက်ကြွတဲ့ စိတ်ဓာတ်ကို ဖော်ပြထားတယ်။ ဝါသနာဟာ အသက်အရွယ် ကန့်သတ် မထားပါဘူး။ လုံးဝ လူပ်လို့ မရတဲ့နေ့အထိ ကျွန်မတို့ ဆက်ပြီး ကရမယ်။ နောက်ထပ် အဖွဲ့ဝင်တွေ တိုးလာဖို့လည်း ကျွန်မတို့ မျှော်လင့်ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ အားကစားကို လုပ်ဆောင်ကြပါစို့" ဟု အဆိုပါအကအဖွဲ့မှ ဒုတိယခေါင်းဆောင် ဟောရန့်လီက ပြောကြားပါသည်။

图片来源：新华社　武瑞 设计

ကျွန်တော့်အိမ်ထောင်စု၏ အခက်အခဲများ ပြေလည်သွားပြီ

我家的难事解决了

我去上班孩子怎么办？孩子读书怎么办？没钱治病怎么办？在外打拼的子女担心独自在家的老人怎么生活……近年来，中国在保障改善民生上做了大量扎实有效的工作，曾经困扰无数家庭的难题正在一一得到解决，“我觉得很幸福”成为越来越多群众的真切感受。今天，我们一起走进他们的生活，听听他们的故事，聊聊越来越好的日子。

တရုတ်နိုင်ငံတော်သမ္မတ ရှီကျင့်ဖိန်က “ပြည်သူတို့ သာယာချမ်းမြေ့သော ဘဝပိုင်ဆိုင်ရေးဆိုတာ ကျွန်တော်တို့ လုပ်သမျှ အလုပ်အားလုံးရဲ့ အန္တိမ ရည်မှန်းချက်ပန်းတိုင်ပဲ ဖြစ်တယ်”ဟု မိန့်ကြားခဲ့သည်။ ကျွန်တော်အလုပ်သွားနေချိန်တွင် အိမ်က ကလေးများအား မည်သူ ထိန်းပေးမည်နည်း။ ကလေးတို့ ကျောင်းတက်ရန် မည်ကဲ့သို့ လုပ်ရမည်နည်း။ ဆေးကုရန် ပိုက်ဆံမရှိပါက မည်ကဲ့သို့ လုပ်မည်နည်း။ အပြင်တွင် အလုပ် ထွက်လုပ်နေသည့် သားသမီးများသည် အိမ်မှာ ကျန်နေခဲ့သည့် အသက်အရွယ်ကြီးရင့်သော မိဘများအတွက် စိတ်ပူကြရသည်... ယခုနှစ်များတွင် တရုတ်နိုင်ငံသည် ပြည်သူ့နေထိုင်မှုဘဝ တိုးတက်ကောင်းမွန်ရေးအတွက် လက်တွေ့ကျပြီး ထိရောက်သော အလုပ်များကို လုပ်ဆောင်ပေးခဲ့သည်။ တစ်ချိန်က အိမ်ထောင်စုများအား စိုးရိမ်ပူပန်စေခဲ့ကြရသည့် အခက်အခဲများကို တစ်ခုပြီးတစ်ခု အဆင်ပြေအောင် ဖြေရှင်းပေးခဲ့သည်။ “ကျွန်တော် အရမ်းပျော်ရွှင်တယ်”ဆိုသည်မှာ ပို၍ များပြားလာသော ပြည်သူ

“မင်္ဂလာ”ဖတ်မှတ်စရာ

本期导读
吉祥阅读

P 08

ကျွန်တော့်အိမ်ထောင်စု၏ အခက်အခဲများ ဖြေလည်သွားပြီ

我家的难事解决了

P 24

ဤဆယ်စုနှစ်အတွင်း ကဲ့ကုန်းယည်နယ်နှင့် ယုန်းယည်နယ်တို့၏ ပုံပြိုးတိုးတက်မှု တစ်ဆောင်ဆောင်း လေ့လာကြစို့

这十年：
东看浙江 西看云南

P 34

လက်ကိုင်ဖုန်းပြင့် အကာအဖုံးပြုမှုများ ရှုစားခြင်း

打开手机看舞蹈

လူထုတို့၏ အမှန်တကယ် ခံစားချက် ဖြစ်သည်။ ယနေ့မှာ တော့ ကျွန်တော်တို့သည် သူတို့၏ ဘဝကို ခံစား၍ သူတို့၏ အကြောင်းများကို နားထောင်ပြီး တစ်နေ့တခြား ပိုမို တိုးတက်ကောင်းမွန်လျက်ရှိသည့် ဘဝနေ့ရက်များအကြောင်း ကို ပြောကြပါသည်။

ဝေဟင်မှ ရိုက်ကူးထားသော နန်ကျင်းမြို့ ဖုခုန်လယ်မြေများမှ ဝေဝေဆာဆာ ပွင့်နေသော ဆီထွက်မုန်ညင်းပန်းများသည် နေရောင်အောက်တွင် တောက်ပ စွာ ပြုံးနေသကဲ့သို့ တွေ့ရစဉ်။

航拍南京浦口农田里盛开的油菜花，灿烂的“笑脸”在阳光下绽放 中新社 图

“မေမေနှင့် လိုက်ပြီး အတူရုံးတက်”

“跟着妈妈去上班”

အန်းဟွေးပြည်နယ် ဝူဟူမြို့, ဖန်ချန်ဇုန် စင်အိုင်ကလေးထိန်းစခန်းတွင် ကလေးများသည် မုဏ္ဍိပညာရေးသင်တန်းမှ ခံယူနေစဉ်။
安徽省芜湖市繁昌区新爱婴儿童之家，孩子们正在接受早期教育 中新社 图

CFP 图

လွန်ခဲ့သော ၄ နှစ်က ကျဲ့ကျန်းပြည်နယ် ဟန်ကျီးမြို့, ပင်းကျန်းဇုန်တွင် နေထိုင်သော စွန်နတ်နတ်သည် သမီးဖြစ်သူ ဇောင်ရှင်းရှင်းကို မွေးဖွားခဲ့သည်။ ရင်ခွင်ထဲမှ ချစ်စရာကောင်းလှသော ကလေးလေးကို ကြည့်ရင်း ကလေးအတွက် အလေးဂရုပြုမှုနှင့် ချစ်ခင်ပြုစုစောင့်ရှောက်မှုများကို အတတ်နိုင်ဆုံး ပေးရမည်ဟု စွန်နတ်နတ် တိတ်တဆိတ် ဆုံးဖြတ်လိုက်သည်။

ရှင်းရှင်း၏ ဖခင်သည် သိပ္ပံနှင့်နည်းပညာ ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသည်။ သူသည် များသောအားဖြင့် အလုပ်များသဖြင့် ကလေးကို ပြုစုစောင့်ရှောက်ရန် အချိန်လုံးဝမရှိပေ။ အိမ်တွင်ရှိ သက်ကြီးရွယ်အိုများက ကလေးကို ပြုစုပျိုးထောင်လျှင် ၎င်းတို့၏ ကိုယ်အားနှင့် ဉာဏ်အား မလုံလောက်သကဲ့သို့ ကလေးပြုစုခြင်း သဘောတရားများ ကလည်း ခေတ်နှင့် မလိုက်နိုင်သောကြောင့် စွန်နတ်နတ်

သည် အလုပ်မှ နှုတ်ထွက်ပြီး အိမ်ရှင်မတစ်ယောက်အဖြစ် စတင်လုပ်ဆောင်ခဲ့ပါသည်။

မိခင်၏ ချစ်ခင်ပြုစုစောင့်ရှောက်မှုအောက်တွင် ကလေးသည် တစ်နေ့တခြား ကျန်းမာစွာ ကြီးထွားလာပါသည်။ သို့သော် စွန်နတ်နတ်၏ စိတ်ထဲမှာ အခြားသော ထင်မြင်ချက်များ တဖြည်းဖြည်း ထွက်ပေါ်လာသည်။ "ကျွန်မက လူ့အဖွဲ့အစည်းနဲ့ အဆက်ပြတ်နေတယ်လို့ ခံစားမိတယ်။ စိုးရိမ်စရာ အများကြီးရှိတယ်။ ကျွန်မက ကိုယ်ပိုင်လုပ်ငန်းကိုလည်း လုပ်ချင်တယ်"ဟု စွန်နတ်နတ်သည် အိမ်ရှင်မတို့၏ ရင်ဖွင့်သံများကို ဖော်ပြထားသည်။

တဒင်္ဂအတွင်း ၂၀၂၁ ခုနှစ်သို့ ရောက်လာပြီး ရှင်းရှင်းသည် အသက် ၃ နှစ် ပြည့်တော့မည် ဖြစ်သည်။ အိမ်နှင့် မဝေးသော ဟိုင်ချန်အခြေစိုက်စခန်းတွင် စွန်နတ်နတ်သည် ကွန်ရက်နည်းပညာ ကုမ္ပဏီလီမိတက်တစ်ခု၏ လုပ်ငန်းလည်ပတ်မှုရာထူးအတွက် လျှောက်ထားခဲ့သည်။ အဆိုပါ အခြေစိုက်စခန်းတွင် ချိန်ကျားဝမ်း မူကြိုကျောင်း၏ ဟိုင်ချန်ကျောင်းခွဲ၌ ကလေးထိန်းသင်တန်း ဖွင့်လှစ်ထားပြီး အသက် ၂ မှ ၃ နှစ်အထိရှိ ကလေးများကို လက်ခံသည်။ အဆိုပါ မူကြိုကျောင်းသည် အစိုးရပိုင် မူကြိုကျောင်းတစ်ကျောင်းဖြစ်ပြီး စက်မှုဇုန်ရှိ ကုမ္ပဏီဝန်ထမ်းများ၏ သားသမီးများအတွက် ကလေးထိန်းဝန်ဆောင်မှုများ ပေးကာ တစ်လလျှင် တရုတ်ယွမ် ၈၀၀ သာ ပေးရသည်။ ဤသို့သော စက်မှုဇုန်အတွင်းရှိ မူကြိုကျောင်းမှာ ကလေးများက မိဘတို့နှင့်အတူ ရုံးတက်စေခြင်းကြောင့် မိသားစု အမြောက်အမြား၏ စိုးရိမ်မှုများကို ဖြေရှင်းနိုင်ပါသည်။ ထို့အပြင် အဆိုပါ မူကြိုကျောင်းသည် အဆင့်မြင့်သိပ္ပံနည်းပညာကုမ္ပဏီမှ ဝန်ထမ်းများ၏ အလုပ်နှင့် အနားယူသည့်အချိန်အရ ကလေးများကို နောက်ကျစွာ ကြိုပို့နိုင်ခြင်း၊ ကျောင်းဆင်းချိန်တွင် ကလေးထိန်းခြင်း၊ နွေရာသီ ကျောင်းပိတ်ရက်များတွင် ကလေးထိန်းခြင်းစသည့် ဝန်ဆောင်မှုကိုလည်း ပေးပါသည်။

မိဘတို့၏ ချမ်းမြေ့သာယာမှုများသည် ကလေးထိန်းသည့် စိတ်ဖိအားများကို ပြေလျော့စေသကဲ့သို့ ကလေးတို့၏ ချမ်းမြေ့သာယာမှုများသည် မိဘတို့၏ ချစ်ခြင်းမေတ္တာများကို အချိန်မရွေး ခံစားနိုင်သည်။ ကလေးငယ် အများစုသည် မိမိ၏ မိဘများအကြောင်း ပြောရာတွင် "သားရဲ့ မေမေက ဒုတိယထပ်မှာ ရှိတယ်"၊"သမီးရဲ့ဖေဖေက တတိယထပ်မှာ ရှိတယ်"ဟု ပြောရင်း မျက်နှာပေါ်မှာ ပျော်ရွှင်မှုနှင့် ပြည့်နှက်နေကြပါသည်။

本刊综合

01 "ကလေးတိုင်းအား ပြုစုစောင့်ရှောက် ပညာသင်ပေးခြင်း"ဆိုင်ရာ ကိန်းဂဏန်းများ

数说"幼有所育"

လွန်ခဲ့သော ၁၀ နှစ်အတွင်း တရုတ်ပြည် တစ်ပြည်လုံးတွင် ၃ နှစ်မူကြိုတန်း ကျောင်းဝင်ခွင့်နှုန်းမှာ လျင်မြန်စွာ တိုးတက်လာကာ ၂၀၁၁ ခုနှစ်ရှိ ၆၂.၃% မှ ၂၀၂၁ ခုနှစ်ရှိ ၈၈.၁% သို့ ရောက်ရှိလာခဲ့သည်။

၂၀၂၅ ခုနှစ်တွင် လူဦးရေ တစ်ထောင်လျှင် အသက် ၃ နှစ် အောက်ရှိ ကလေးထိန်းခြင်း အရေအတွက်သည် ၄.၅ ခု ပိုင်ဆိုင်ရာ မိဘမဲ့ကလေးများနှင့် အကယ်၍ မှီခိုသူ မရှိသော ကလေးများအတွက် အတတ်နိုင်ဆုံး အာမခံခြင်းကို အကောင်အထည်ဖော်ရမည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း မူကြိုပညာရေး အရင်းအမြစ်၏ စုစုပေါင်း အရေအတွက်မှာ လျင်မြန်စွာ တိုးတက်လာသည်။ ၂၀၂၁ ခုနှစ်တွင် တရုတ်ပြည် တစ်ပြည်လုံး၌ မူကြိုကျောင်း၏ အရေအတွက်မှာ ၂.၉၅ သိန်း ရှိခဲ့ရာ ၂၀၁၁ ခုနှစ်တုန်းကထက် ၁.၂၈ သိန်း ပိုများပြီး ၇၆.၈% တိုးလာသည်။ ကျောင်းနေအရွယ်ရှိ ကလေးများ၏ ဆက်လက် တိုးတက်နေသော ကျောင်းဝင်ခွင့်လိုအပ်ချက်ကို အာမခံခဲ့ပါသည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း မူကြိုပညာရေး အရင်းအမြစ်များ၏ ဖွဲ့စည်းတည်ဆောက်ပုံသည် ကြီးမားသော ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် တရုတ်ပြည် တစ်ပြည်လုံး၌ အများပြည်သူအတွက် အကျိုးပြုမူကြိုကျောင်း၏ အရေအတွက်မှာ ၂.၄၅ သိန်း ရှိရာ မူကြိုကျောင်း စုစုပေါင်း အရေအတွက်၏ ၈၃% ရှိခဲ့သည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း တရုတ်ပြည် အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများနှင့် ကျေးလက်ဒေသများတွင် မူကြိုပညာရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ တရုတ်ပြည် တစ်ပြည်လုံး၌ မူကြိုကျောင်းအသစ်များ၏ ၈၀% ခန့်သည် အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများမှာ စုစည်းထားပြီး ၆၀% ခန့်သည် ကျေးလက်ဒေသများမှာ စုစည်းထားပါသည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း မူကြိုပညာရေးဆရာ၊ ဆရာမများ၏ မွေးထုတ်ခြင်း အတိုင်းအတာသည် အဆက်မပြတ် ကျယ်ပြန့်လာခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် တရုတ်ပြည်တစ်ပြည်လုံး၌ မူကြိုကျောင်းကျောင်းအုပ်ကြီးနှင့် အချိန်ပြည့်ဆရာများ၏ ဦးရေ စုစုပေါင်းမှာ ၃.၅ သန်း ကျော်ပြီး ၂၀၁၁ ခုနှစ်တုန်းကထက် ၂ သန်း ပိုများလာကာ ၁.၃ ဆ တိုးလာခဲ့သည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း ဗဟိုဘဏ္ဍာရေး အထောက်အပံ့ဖြင့် မူကြိုပညာရေး ဖွံ့ဖြိုးတိုးတက်ရေး အထူးရန်ပုံငွေ၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းငွေပမာဏမှာ တရုတ်ယွမ် ၁၇၀ ဘီလီယံ ကျော်လွန်ခဲ့သည်။

“သားသမီးတို့ အဆင်ပြေစွာ ကျောင်းတက်နိုင်ရင် ကျွန်ုပ်တို့ စိတ်ချရပြီ”

“孩子上好学，我们就安心!”

ပုံ ၁။ ဆန်းရှိုးပြည်နယ် ထိုက်ယွမ်မြို့ စင်ကျိန့်လမ်း မူလတန်းကျောင်းတွင် ကျောင်းသားကျောင်းသူများက မိမိ၏ မေးခွန်းဖြေကြားလွှာ အမှတ်ရရှိမှုအခြေအနေကို ပြသနေစဉ်။

图① 在山西省太原市新建路小学，学生们展示自己闯关答题的成绩单 新华社 图

ပုံ ၂။ ချင်းဟိုင်ပြည်နယ် ကော်လော့ တိဗက်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ မာတော်ခရိုင် တိုင်းရင်းသားဘော်ဒါနေ အလယ်တန်းကျောင်းဒုတိယတန်း ကျောင်းသားကျောင်းသူများသည် ကျောင်းအားလပ်ချိန်တွင် မာတီမီဒီယာသင်တန်းအစီအစဉ်များကို လေ့လာကြည့်ရှုနေစဉ်။

图② 青海省果洛藏族自治州玛多县民族寄宿制中学二年级的学生在课间观看多媒体课件 新华社 图

“ဒင်ဒေါင် ... ဒင်ဒေါင် ...” ညနေ ၅ နာရီ ၁၅ မိနစ်တွင် ကျောင်းဆင်းခေါင်းလောင်းသံ ထွက်ပေါ်လာသည်နှင့်အတူ ကျန်းမာရေးပြည်နယ် စူးကျိုးမြို့ အဆင့်မြင့်သိပ္ပံနည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန် ရှီးကျိုစမ်းသပ်မူလတန်းကျောင်းတွင် ရုတ်ခြည်း စည်ကားလာပါသည်။ ကျောင်းသူကျောင်းသားများသည် စားပွဲခုံကို သိမ်းဆည်းကြပြီး ကျောပိုးအိတ်ကို ပိုးကြကာ ဆရာ၏ ဦးဆောင်မှုအောက်တွင် အတန်းအလိုက် သပ်ရပ်စွာ တန်းစီပြီး ကျောင်းဝင်းထဲမှ တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြသည်။ ကျောင်းတံခါးဝရှေ့တွင် စောင့်နေသော မိဘဘိုးဘွားတို့အကြား ရေအိုက်ဟိုင်မိုင်သည် သူ၏ ကလေး ၂ ယောက်ကို တစ်ချက်ကြည့်လိုက်ပါသည်။ အသက် ၁၀ နှစ်ရှိ သားကြီး ရေဟောင်ထင်သည် စတုဏ္ဍတန်း တက်နေပြီး သားငယ် ရေဖုန်းသည် တတိယတန်း တက်နေပါသည်။

ယခုနှစ် အသက် ၃၈ နှစ်ရှိ ရေအိုက်ဟိုင်မိုင်သည် တရုတ်ပြည် ချင်းဟိုင်ပြည်နယ် ဟိုင်တုံးမြို့ ဟွာလုံ ဟွေ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်မှ ဟွေ တိုင်းရင်းသားလူမျိုး ဖြစ်ပါသည်။ သူသည် စူးကျိုးမြို့တွင် လက်လုပ်ခေါက်ဆွဲဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားရာ ၁၃ နှစ်ရှိပြီ ဖြစ်သည်။ ဤကာလအတွင်းတွင် သူ၏ သား ၂ ယောက်ကို တစ်ယောက်ပြီးတစ်ယောက် မွေးဖွားခဲ့သည်။ သူ့ဇနီးနှင့် သူသည် စူးကျိုးမြို့ကို အလွန် နှစ်သက်သောကြောင့် အနာဂတ်တွင် စူးကျိုးမှာ အမြဲတမ်း အခြေချနေထိုင်၊ အလုပ်လုပ်မည်ဟု မျှော်လင့်ထားပါသည်။ သို့သော် လွန်ခဲ့သော ၄ နှစ်က သူတို့မိသားစုသည် ပြဿနာများနှင့် ကြုံတွေ့ခဲ့ပါသည်။

ကလေးများ ကျောင်းတက်နိုင်ရန် ရေအိုက်ဟိုင်မိုင်နှင့် ဇနီးတို့သည် အလွန် စိုးရိမ်ခဲ့ကြပါသည်။ အခြားဒေသမှ အလုပ်သမားများ၏ သားသမီးများအနေဖြင့် ကလေးတို့သည် စူးကျိုးသန်းခေါင်စာရင်း မရှိပါက ကျောင်းတက်နိုင်သလော။ သားကြီးသည် ကျောင်းနေအရွယ် ရောက်ခါ

နီးပြီ ဖြစ်၍ စူးကျိုးခ်ဉ် မူလတန်းကျောင်း မတက်နိုင်ပါက သူတို့မိသားစုသည် ချင်းဟိုင်မွေးရပ်မြေသို့ ပြန်ရန် ပြင်ဆင်မည် ဖြစ်ပါသည်။

စုံစမ်းလေ့လာချက်များအရ စူးကျိုးတွင် အမှတ်စုဆောင်းမှု အစိုးရမူဝါဒ ရှိခြင်း၊ အိမ်ငှားခြင်း၊ လူမှုရေးအာမခံပေးဆောင်ခြင်းစသည့် လုပ်ငန်းရပ်များ ရှိသည့်အပြင် လူနေရပ်ကွက် ပရဟိတလှုပ်ရှားမှုများတွင် ပါဝင်လုပ်ကိုင်ပါက အမှတ်များကိုလည်း ရယူနိုင်သည်ဟု ရေအိုက်ဟိုင်မိုင်က သိရှိခဲ့သည်။ "ကျွန်ုပ်မိသားစုလိုပဲ နေထိုင်ခွင့် လက်မှတ်စတဲ့ ထောက်ခံစာတွေ ရှိရင် အစိုးရပိုင်ကျောင်းမှာ တက်ဖို့ လျှောက်နိုင်ပါတယ်"ဟု သူက ပြောသည်။

၂၀၁၉ ခုနှစ် ဇွန်လတွင် အမှတ်စုဆောင်းမှုနည်းလမ်းဖြင့် ရေဟောင်ထင်၏ ကျောင်းတက်ခြင်းလျှောက်လွှာကို အတည်ပြုခဲ့ပါသည်ဟု ပညာရေးဌာနမှ ဝန်ထမ်းသည် ရေအိုက်ဟိုင်မိုင်အား ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။ ဤသတင်းကို ကြားရပြီးနောက် သူတို့မိသားစုသည် စိုးရိမ်သောစိတ် သက်သာသွားကြသည်။ တစ်နှစ်ကြာပြီးနောက် ရေဖုန်းသည် အမှတ်စုဆောင်းမှုနည်းလမ်းဖြင့် အဆင်ပြေချောမွေ့စွာ ကျောင်းတက်ပြီးနောက် သူ့အစ်ကို ရေဟောင်ထင်နှင့် တူညီသော ကျောင်းတစ်ကျောင်းမှာပင် ကျောင်းတက်ခဲ့သည်။ ယခုနှစ်ပိုင်းတွင် ရေအိုက်ဟိုင်မိုင်၏ အနီးပတ်ဝန်းကျင်ရှိ မိတ်ဆွေတို့၏ သားသမီး များစွာသည် အမှတ်စုဆောင်းမှုနည်းလမ်းဖြင့် အိမ်အနီးတစ်ဝိုက်ရှိ အစိုးရပိုင်ကျောင်းသို့ အဆင်ပြေစွာ တက်နေကြသည်ဟု သူက ပြောသည်။

စူးကျိုးမြို့တွင် စူးကျိုးသန်းခေါင်စာရင်း မရှိသည့် အခြားဒေသမှ ရွှေ့ပြောင်းလုပ်သားတို့၏ သားသမီးများသည် အစိုးရပိုင် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းတက်ရန် အမှတ်စုဆောင်းမှုနည်းလမ်းကို အသုံးပြုနိုင်ပါသည်။ အထက်တန်းကျောင်းကို အဆင်ပြေစွာ တက်၍ ကျန်းစူးပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို တိုက်ရိုက်ပါဝင်ဖြေနိုင်ကြောင်း သိရပါသည်။ ရေအိုက်ဟိုင်မိုင်ကဲ့သို့သော မြို့သူမြို့သားအသစ်သည် ကလေးများအတွက် "အဆင်ပြေစွာ ကျောင်းတက်မှသာ တက္ကသိုလ်တက်နိုင်"သည့် မျှော်ချက်များကို လုံးလုံးလျားလျား အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

本刊综合

02 "လူတိုင်း ပညာသင်ကြားခွင့် ရှိခြင်း"ဆိုင်ရာ ကိန်း ဂဏန်းများ
数说"学有所教"

လက်ရှိတွင် တရုတ်ပြည် တစ်ပြည်လုံးခ်ဉ် အလယ်တန်း အသက်မွေးဝမ်းကျောင်း ကျောင်းအရေအတွက်မှာ ၉၇၈၆ ခု ရှိကာ အဆင့်မြင့် အသက်မွေးဝမ်းကျောင်း၏ ကျောင်းအရေအတွက်မှာ ၁၅၁၈ ခု ရှိသည်။ ခရိုင်တိုင်းတွင် အလယ်တန်း အသက်မွေးဝမ်းကျောင်း တစ်ကျောင်းနှင့် ပြည်နယ်ခွဲတိုင်းတွင် အဆင့်မြင့်အသက်မွေးဝမ်းကျောင်း တစ်ကျောင်း အနည်းဆုံး ရှိရစေမည်ကို အခြေခံအားဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

တရုတ်ပြည်သည် အဓိက ကောလိပ်နှင့် တက္ကသိုလ်ကျောင်းများက ကျေးလက်ဒေသနှင့် ဆင်းရဲနွမ်းပါးသော ဒေသများမှ ကျောင်းသားကျောင်းသူများကို ခေါ်ယူလက်ခံခြင်း အထူးအစီအစဉ်ကို ဆက်လက် ဆောင်ရွက်လျက်ရှိနေသည်။ ၂၀၁၂ ခုနှစ်မှ ယခုနှစ်အထိ ကျောင်းသူကျောင်းသား စုစုပေါင်း ၀.၉၅ သန်းကျော်ကို ကျောင်းဝင်ခွင့်ပေးခဲ့သည်။

ယခုအခါတွင် လူဦးရေ ၃ သိန်းအထက်ရှိသော ခရိုင်များမှာ အထူးပညာရေးကျောင်းများ ဖွင့်လှစ်ထားပြီး မသန်စွမ်းကလေးများအတွက် မသင်မနေရပညာရေး ကျောင်းဝင်ခွင့် နှုန်းမှာ ၉၅% အထက်တွင် ရှိပါသည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း နိုင်ငံတော်ဘဏ္ဍာရေးဆိုင်ရာ ပညာရေးအသုံးစရိတ်သည် GDP ၏ အချိုးမှာ ဆယ်နှစ် ဆက်တိုက်ကာ ၄% ကျော် ရှိခဲ့ပေသည်။

၂၀၂၁ ခုနှစ်အထိ တရုတ်ပြည်တွင် အဆင့်အသီးသီးနှင့် အမျိုးအစားအသီးသီးတို့မှ အချိန်ပြည့် ပညာရေးဆရာ၊ ဆရာမဦးရေ စုစုပေါင်းမှာ ၁၈.၄၄ သန်းခန့် ရှိကာ ၂၀၁၂ ခုနှစ်ကထက် ၂၆% တိုးများခဲ့သည်။

“အတတ်ပညာ တတ်ကျွမ်းစွာ လေ့လာ၍ အလုပ်အကိုင် ရရှိသည်”

“学好技术，在家门口就业！”

ဝမ်ကိုင်ဖန်းသည် ပေကျင်းမြို့၊ မင်ထိုကိုးဇုန် ယန့်ချီမြို့နယ် ကျဲရှီကျေးရွာရှိ ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာတစ်ခု၏ မန်နေဂျာ ဖြစ်ပေသည်။ မန်နေဂျာ ဖြစ်သည့် အလျောက် ဝမ်ကိုင်ဖန်းသည် ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာ၏ အတွင်းအပြင်အားလုံးကို သန့်ရှင်းသပ်ရပ်စွာ စီမံထားရှိသည်။ ဧည့်သည်များက ကျဲရှီကျေးရွာအကြောင်းကို မေးမြန်းလာခဲ့လျှင် သူမက “ကျဲရှီ” ဟူသော နာမည်၏ အရင်းအမြစ်မှစ၍ ရွာထဲတွင်ရှိသော ရှေးဟောင်းရေတွင်းအထိ ခရေစေ့တွင်းကျ အကုန်ရှင်းပြတတ်သည်။ ကုမ္ပဏီအစည်းအဝေးတွင် အချက်အလက်များ တင်ပြရသည့်အခါ သူသည် လက်ပ်တော့ကွန်ပျူတာကို ဖွင့်၍ ရုံးလုပ်ငန်းသုံးဆော့ဖ်ဝဲအမျိုးမျိုးတို့ဖြင့် ဖိုင်များကို ကျွမ်းကျင်ပိုင်နိုင်စွာ စီမံခန့်ခွဲတတ်ပါသည်။ အလုပ်ကိစ္စ ဆောင်ရွက်ရန် ရှိ၍ တောင်ပေါ်က ဆင်းရသည့်အခါ သူမသည် အိမ်စီးကားလေးကို မောင်းနှင်၍ မြွေလိမ်မြွေကောက် တောင်ပေါ်လမ်းအတိုင်း မြန်မြန်သွားပြီး မြန်မြန်ပြန်လာတတ်သည်။ ယခုကဲ့သို့ လုပ်ငန်းဝတ်စုံကို ဝတ်ကာ လုပ်ငန်းခွင်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်တတ်သည့် ဝမ်ကိုင်ဖန်းမှာ လွန်ခဲ့သော နှစ် ၂၀ ကျော်က ပေကျင်းသို့ စတင်ရောက်ရှိချိန်တွင် ယနေ့ခေတ် လုပ်ငန်းခွင်အတွက် လိုအပ်သည့် အတတ်ပညာများကို ဘယ်တစ်ခုမျှ မတတ်ဟု မည်သူက ထင်မိပါမည်နည်း။

ဝမ်ကိုင်ဖန်းသည် ကန်းစုပြည်နယ် ချင့်ယန်းနယ်သူဖြစ်သည်။ ပညာအရည်အချင်း မမြင့်သော ဝမ်ကိုင်ဖန်းသည် ပေကျင်းသို့ ရောက်ခါစတွင် ဖက်ထုပ်ဆိုင်တစ်ဆိုင်၌ ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဝင်ငွေလည်း များများစားစား မရှိခဲ့ပါ။ နောက်ပိုင်းတွင် အခမဲ့အသက်မွေးဝမ်းကျောင်းသင်တန်းများကို တက်ရောက်ခဲ့ရာမှတစ်ဆင့် လမ်းစတင်ပေါ်ပေါက်ခဲ့ပြီး သူမ၏ ဘဝကို ပြောင်းလဲစေနိုင်သော အောင်မြင်မှုတစ်ခု ဖြစ်လာခဲ့သည်။ “ မင်ထိုကိုးဇုန်ရဲ့ လူ့

ပုံ ၁။ အသက်မွေးဝမ်းကျောင်းကောလိပ်မှ ကျောင်းသားကျောင်းသူများက ဆေးကုသမှုဆိုင်ရာ တူရိယာပစ္စည်းများ ထုတ်လုပ်ရေးစက်ရုံတွင် လက်တွေ့သင်ယူလေ့လာနေကြစဉ်။

图① 职业学院学生进入医疗器械工厂实地学习 新华社 图

ပုံ ၂။ ဆန်းရှီးပြည်နယ် ရန်ချိန်ခရိုင် ဆာဖေါ်ရွာတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ဆက်ခံသူ ချောင်လင်း (ဘယ်ပုံ) နှင့် ဝန်ထမ်းတစ်ယောက်သည် ကြွေထည်ထုတ်လုပ်မှုအတတ်ပညာကို ဆွေးနွေးဖလှယ်နေစဉ်။

图② 在山西省阳城县沙坡村，非物质文化遗产传承人乔琳（左）和工作人员交流珐华制作技巧 新华社 图

ပုံ ၃။ ဟော်ပေပြည်နယ် လင်ချိန်ခရိုင် တုံးကျိန့်မြို့နယ် ပေမွန်ရွာမှ ရွာသူရွာသားများသည် မိခင်နှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ရေးစက်ရုံတစ်ခုတွင် အလုပ်လုပ်နေကြသည်ကို တွေ့ရစဉ်။

图③ 河北省临城县东镇镇北孟村村民在母婴用品加工厂工作 新华社 图

ပုံ ၄။ ဟော်ပေပြည်နယ် ရှင်ထိုင်မြို့ ဟိုကော်မြို့နယ် ရှီကျွမ်ရွာမှ ရွာသားရွာသူများက အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကြသည်ကို တွေ့ရစဉ်။

图④ 河北省邢台市河郭镇郄庄村村民在服装加工厂工作 新华社 图

စွမ်းအားအရင်းအမြစ်နဲ့ လူမှုဖူလုံရေးဌာနက စီစဉ်ပြုလုပ်တဲ့ ဇာထိုးပန်းထိုးသင်တန်းကို တက်ရောက်ပြီးတဲ့နောက် ပိုင်းမှာ ဇာထိုးပန်းထိုးအလုပ်နဲ့ ကျွန်မရဲ့ လစဉ်ဝင်ငွေမှာ တရုတ်ယွမ် ရာဂဏန်းနဲ့ချီ ရလာခဲ့တယ်” ဟု ဝမ်ကိုင်ဖန်းက ပြောသည်။ ဇာထိုးပန်းထိုး အတတ်ပညာ တတ်မြောက်လာပြီး ဝမ်ကိုင်ဖန်း၏ အရှေ့မှာ တံခါးကြီးတစ်ချပ် ဖွင့်လှစ်လာသကဲ့သို့ ဖြစ်ခဲ့လေသည်။ “ ကျွန်မက ပိုကောင်းတဲ့ အလုပ်အကိုင် ရရှိဖို့အတွက် တခြားအတတ်ပညာတွေကိုလည်း တတ်မြောက်အောင် သင်ချင်လာခဲ့တယ်။”

မုန့်ဖုတ်သင်တန်း၊ ကော်ဖီပန်းချီ(Latte art) သင်တန်း၊ ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာစီမံခန့်ခွဲမှုသင်တန်း ... မင်ထိုကိုးဇုန် လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဌာနက ဖွင့်လှစ်ထားသည့် သင်တန်းများအားလုံးကို ဝမ်ကိုင်ဖန်း တက်တက်ကြွကြွ တက်ရောက်ခဲ့ပါသည်။ အတတ်ပညာ အမျိုးမျိုး တတ်မြောက်ထားသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးများလာခဲ့သည့် ဝမ်ကိုင်ဖန်းသည် ပေကျင်းမြို့ ဟွိုင်ကျင်ရှိရဲ့ ယဉ်ကျေးမှုခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်တွင် ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာ၏ ဝန်ထမ်းအဖြစ် အလုပ်ရရှိခဲ့သည်။ စောင်များနှင့် အိပ်ရာခင်းများကို ကျွမ်းကျင်စွာ ခေါက်တတ်ရန်၊ ထမင်းစားပွဲပေါ်တွင် ပန်းကန်ခွက်ယောက်များကို စနစ်တကျ စီတတ်ရန်၊ ဟင်းပွဲများကို နေရာတကျ ချတတ်ရန်အတွက် သူမသည် ကြိမ်ဖန်များစွာ လေ့ကျင့်ခဲ့သည်။ ဝမ်ကိုင်ဖန်း၏ ကြိုးစားမှုကို ကုမ္ပဏီဘက်ကလည်း သိမြင်သောကြောင့် သူမအား ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာ၏ ဝန်ထမ်းအဖြစ်မှ မန်နေဂျာအဖြစ်သို့ ရာထူးတိုးပေးခဲ့ပေသည်။ ယခုအခါ ဝမ်ကိုင်ဖန်းသည် ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာ ၂ ခုကို တာဝန်ယူ စီမံခန့်ခွဲလျက်ရှိသည်။

ပြည်သူတို့ “အလုပ်လုပ်လျှင် ဝင်ငွေရှိ”စေရန်အတွက် အလုပ်အကိုင် “ရှိမရှိ”ဟူသော ပြဿနာကို ဖြေရှင်းပေးရမည်သာမက အလုပ်အကိုင် “ကောင်းမကောင်း” ဟူသော ကိစ္စကိုလည်း ဖြေရှင်းပေးပြီး အရည်အသွေး ပိုမို မြင့်မားသည့် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ပိုမို ပြည့်ဝစွာ ဖော်ဆောင်ပေးရမည် ဖြစ်သည်။ ဝမ်ကိုင်ဖန်းတို့ကဲ့သို့သော ကျေးလက်မှ လုပ်သားများသည် လေ့ကျင့်မှုသင်တန်းအမျိုးမျိုး တက်ခြင်းမှတစ်ဆင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာသစ်များကို သင်ယူလေ့လာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းကောင်းများစွာ ရရှိလာနေကြပြီ ဖြစ်သည်။

本刊综合

03 “အလုပ်လုပ်လျှင် ဝင်ငွေရှိခြင်း”ဆိုင်ရာ ကိန်းဂဏန်းများ

数说“劳有所得”

ဘွဲ့ရကျောင်းသူကျောင်းသားများ၊ ရွှေ့ပြောင်းလုပ်သားများ၊ အလုပ်အကိုင် ရရှိရန် ခက်ခဲသူများစသည့် အဓိကအုပ်စုများ၏ အလုပ်အကိုင် အခွင့်အလမ်း တည်ငြိမ်ခိုင်မာလျက်ရှိသည်။ ယခင်က ဆင်းရဲနွမ်းပါးဒေသများရှိ လုပ်သားများသည် ဆင်းရဲခြင်းမှ လွတ်ကင်းလာပြီး တစ်ရပ်တစ်ကျေးသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်သည့် လူဦးရေမှာ သန်း ၃၀ အထက်တွင် အဆက်မပြတ် ရှိနေခဲ့သည်။

မြို့ပြနှင့်ကျေးလက်ရှိ အလုပ်အကိုင် အခြေအနေပုံစံများမှာ သမိုင်းဝင် ပြောင်းလဲမှုကြီး ဖြစ်ပေါ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြို့ပြ၌ အလုပ်အကိုင် ရရှိမှုအချိုးမှာ ကျေးလက်ဒေသကို ပထမဦးဆုံးအကြိမ် ကျော်တက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၌ ထိုအချိုးမှာ ၆၂.၇% အထိ ရောက်ရှိလာပြီး ၂၀၁၂ ခုနှစ်ကထက် ၁၃.၈% မြင့်တက်လာခဲ့သည်။

လွန်ခဲ့သော ဆယ်နှစ်အတွင်း မြို့ပြ၌ အလုပ်အကိုင် ရရှိမှုမှာ သိသိသာသာ တိုးတက်လာခဲ့သည်။ မြို့ပြတွင် အသစ် ထပ်တိုးလာသည့် အလုပ်အကိုင်ရရှိသူ အရေအတွက်မှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၃ သန်း ကျော်လာခဲ့သည်။

လွန်ခဲ့သော ဆယ်နှစ်အတွင်း လုပ်အားခများကို စဉ်ဆက်မပြတ် တိုးမြှင့်ပေးလာခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် မြို့ပြ၏ ဝန်ထမ်းလုပ်အားခမှာ ၂၀၁၂ ခုနှစ်ကထက် ၂ ဆ တိုးလာခဲ့သည်။

အလုပ်အကိုင် အနေအထားကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ပေးလာခဲ့ပါသည်။ ဝန်ဆောင်မှုကဏ္ဍ၏ အလုပ်အကိုင်ဆွဲဆောင်မှု အားကောင်းလာခဲ့သည်။ အဆိုပါကဏ္ဍတွင် လုပ်ကိုင်နေသူဦးရေအချိုးမှာ ၂၀၁၂ ခုနှစ်တွင် ၃၆% ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၄၈% ရှိလာခဲ့ပါသည်။

CFP 图

"ကျွန်တော်သည် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာစနစ် ပြုပြင်ပြောင်းလဲရေး၏ အကျိုးခံစားရသူပါ"

"我就是医改的受益者!"

"အဲဒီရောဂါ ဖြစ်စတုန်းကဆိုရင် စကား နှစ်ခွန်းသုံးခွန်း တောင် ကောင်းကောင်း မပြောနိုင်ခဲ့ဘူး။ အဲဒီတုန်းက ကင်ဆာကျိတ်က လေပြွန်ကို ပြားနေအောင် ဖိထားတာ လေ . . ." ယခုနှစ် ဩဂုတ်လဆန်းတွင် ပေကျင်းတက္ကသိုလ် ကင်ဆာဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ ကုသဆောင်၌ အသက် ၆၃ နှစ်အရွယ်ရှိ ကျန်းပင်းကျာသည် တစ်ယောက်တည်း ဆေးရုံတက်ရန် ဆေးရုံသို့ ရောက်လာခဲ့သည်။ ဆေးရုံတက်ရောက်ရန် လိုအပ်သော ကိစ္စများကို ဆောင်ရွက်ခဲ့၍ ပစ္စည်းများကို နေရာချထားလိုက်ပြီးနောက် အတိတ်အကြောင်းကို ပြန်ပြောင်းစဉ်းစားသည့်အခါ ကျန်းပင်းကျာမှာ ကြောက်စိတ် မပြေနိုင်သေးဘဲ ရှိနေခဲ့သည်။

ကျန်းပင်းကျာ ခံစားနေရသည့် ရောဂါမှာ အဖြစ်နည်းသော ရောဂါတစ်မျိုး ဖြစ်သည့်အလျောက် ပျောက်ကင်းအောင် ကုသနိုင်ရန် ရွေးချယ်စရာ အလွန်နည်းပါးသည်။ ပေကျင်းတက္ကသိုလ် ကင်ဆာဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ ကုသမှုဌာနမှ ဌာနမှူး ဒေါက်တာ လုမင်၏ မိတ်ဆက်ပေးမှုဖြင့် သူသည် ပြည်တွင်းတွင် တီထွင်ဆန်းသစ်ထားသော ကုထုံးဆေးအသစ်၏ စမ်းသပ်မှုအဖွဲ့တွင် ပါဝင်လာခဲ့သည်။ Surufatinib ဟု အမည်ရှိသော ဆေးဝါးကို တရုတ်ဆေးဝါးကုမ္ပဏီက သုတေသနပြု၍ ထုတ်လုပ်ထားသည့် ကင်ဆာကုသဆေးသစ် ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တရုတ်အမျိုးသားဆေးဝါးထုတ်ကုန် စီမံခန့်ခွဲမှုဦးစီးဌာနထံမှ ခွင့်ပြုချက် ရရှိလာသည်။

ဆေးစမ်းသပ်မှုအဖွဲ့တွင် ကျန်းပင်းကျာသည် ၂ နှစ်နှင့် ၃ လကြာနေခဲ့သည်။ ကျန်းမာရေး အခြေအနေတွင် အဆက်မပြတ် ကောင်းမွန်လာခဲ့သည်။ ထိုကာလအတွင်း ဆေးကုသမှုစရိတ် အများစုကို အဆိုပါ ဆေးစမ်းသပ်မှုတွင် ပါဝင်အစမ်းသပ် ခံခဲ့သည့်အတွက် ပေးရန် မလိုဘဲ

သက်သာခွင့်ရရှိခဲ့သည်။ ယခုနှစ် ဧပြီလတွင် ကျန်းပင်းကျာ၏ ကင်ဆာကျိတ်များ ပြန်လည် ဖြစ်ပွားလာပြီးနောက် ပေကျင်းတက္ကသိုလ် ကင်ဆာဆေးရုံကြီး၌ ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသမှုခံယူခဲ့သည်။ စုစုပေါင်း ကုန်ကျစရိတ် တရုတ်ယွမ် ၈ သောင်းကျော် ကျသင့်သော်လည်း ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ အာမခံ ရှိသောကြောင့် သူသည် တရုတ်ယွမ် ၁ သောင်းကျော်ကိုသာ ပေးချေခဲ့ရသဖြင့် များစွာ သက်သာခဲ့သည်။

“ကျွန်တော်ဟာ ကျန်းမာရေးနဲ့ ဆေးဘက်ဆိုင်ရာ စနစ် ပြုပြင်ပြောင်းလဲရေးရဲ့ အကျိုးခံစားရသူပဲဗျလို့ ထင်မိတယ်။” ကင်ဆာရောဂါနှင့် တိုက်ပွဲဝင်ခဲ့သည့် နှစ်ကာလများအတွင်း ရောဂါသည်တစ်ယောက်အနေဖြင့် စိတ်ဖိအားများ တော်တော်လျော့နည်းသွားသည်ဟု ခံစားမိကြောင်း ကျန်းပင်းကျာက ပြောပြပါသည်။ “နိုင်ငံတော်က နှစ်စဉ် ဆေးကုမ္ပဏီများနဲ့ ညှိနှိုင်းပြီး ဈေးနှုန်းကို လျှော့ချပေးခဲ့တာကြောင့် လူအတော်များများ ကျန်းမာရေးနဲ့ ဆေးဘက်ဆိုင်ရာ အာမခံကတစ်ဆင့် ဆေးကုသမှုစရိတ်တွေ သက်သာလာခဲ့တယ်။ ရောဂါ ကြီးကြီးမားမား ဖြစ်ခဲ့ရင်လည်း ဆေးကုသမှု ခံယူဖို့ မတတ်နိုင်လို့ လက်လွှတ်ရတဲ့အထိ မဖြစ်တော့ဘူးလေ။”

စွန့်ဦးတီထွင်သော ဆေးဝါးများ ပေါ်ထွက်လာ၍ လူ့သက်တမ်းသည် ပို၍ ရှည်လာခဲ့သည်။ ကျန်းပင်းကျာသည် တေးကဗျာများကို စတင်ရေးဖွဲ့လာပြီး ရသ စုံလင်စွာဖြင့် ဘဝကို နေထိုင်ဖြတ်သန်းလျက်ရှိသည်။

本刊综合

ပုံ ၁။ ဆန်းတုံးပြည်နယ် ကျောက်ကျွမ်မြို့ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဌာန ကလေးအထူးကြပ်မတ်ကုသဆောင်မှ လူနာခန်းတွင် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက targeted therapy ကို ခံယူပြီးသော Spinal Muscular Atrophy လူနာများအတွက် အားပေးနေသည်ကို တွေ့ရစဉ်။

图① 在山东省枣庄市妇幼保健院儿童 ICU 病房，医护人员为完成靶向治疗的脊髓性肌萎缩症患儿加油鼓劲 新华社 图

ပုံ ၂။ ကျွဲ့ကျန်းပြည်နယ် တင်းကျားကမ်ရွာမှ ၈၈ နှစ် အရွယ်ရှိ သက်ကြီးရွယ်အို တစ်ဦးသည် သူနာပြုနှင့် မိသားစုဝင်တို့၏ အကူအညီဖြင့် ရွှေ့လျားကျန်းမာရေး စစ်ဆေးမှုယာဉ်အတွင်း ဝင်ရောက်ပြီး ဆေးစစ်ဆေးမှုအတွက် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

图② 浙江省丁家港村 88 岁的老人在护士和家人的帮助下进入移动体检车，准备进行体检 新华社 图

ပုံ ၃။ ဖူကျန့်ပြည်နယ် စန်းမြင်မြို့ ကျန်းလော်ခရိုင် ဝမ်အန်းမြို့နယ် ဗဟို ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ စင်တာမှ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးသည် လူနာများအတွက် ဆေးဝါးများ ရွေးချယ်ပေးနေသည်ကို တွေ့ရစဉ်။

图③ 福建省三明市将乐县万安镇中心卫生院的医务人员在为患者配药 中新社 图

04 “ရောဂါဖြစ်လျှင် ဆေးကုသနိုင်ခြင်း”ဆိုင်ရာ ကိန်းဂဏန်းများ

数说“病有所医”

CFP 图

၂၀၂၁ ခုနှစ် နှစ်ကုန်အထိ တရုတ်ပြည် တစ်ပြည်လုံးတွင် တည်ဆောက်ထားသော အခြေခံကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာဌာန အမျိုးမျိုး၏ အရေအတွက်မှာ ၉.၈ သိန်းကျော် ရှိ၍ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းဦးရေ ၄၄ သိန်းကျော်ရှိသည်။

၂၀၂၁ ခုနှစ် နှစ်ကုန်အထိ တရုတ်ပြည် တစ်ပြည်လုံးရှိ ပြည်နယ်ခွဲနှင့် ပြည်နယ်ခွဲအဆင့်မြို့၊ ခရိုင်(ခရိုင်အဆင့်မြို့၊ ဧရိယာ) အားလုံးတွင် မိသားစုဆရာဝန်များကို စာချုပ်စနစ်ဖြင့် ငှားရမ်းခန့်ထား၍ ကျန်းမာရေးဝန်ဆောင်မှုများ ပေးလာခဲ့သည်။ မိသားစုဆရာဝန်အဖွဲ့ ၄.၂ သိန်းကျော်ကို ဖွဲ့စည်းပေးထားပြီ ဖြစ်သည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တရုတ်ပြည်၏ အခြေခံကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာအာမခံ ဝယ်ယူထားသူဦးရေမှာ ၁၃၆၀ သန်းကျော် ရှိလာခဲ့ပြီ ဖြစ်၍ လွှမ်းခြုံနိုင်မှုသည် ၉၅% အထက်တွင် တည်ငြိမ်စွာ ထိန်းထားနိုင်ခဲ့သည်။

ပြည်သူတစ်ဦးချင်း၏ အသုံးစရိတ်တွင် ကျန်းမာရေးအတွက် ပေးချေရသည့် အချိုးမှာ ၂၀၁၂ ခုနှစ်တွင် ၃၄.၃၄% ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၂၇.၇%သို့ လျော့နည်းလာခဲ့သည်။

"သွားရအောင်၊ သက်ကြီးရွယ်အိုကန်တင်းကို ထမင်းသွားစားကြရအောင်"

"走，上老年食堂吃饭去!"

မိုးစဲသည်ကို မြင်တော့ အသက် ၆၇ နှစ်အရွယ် ကျန်းရကျိုးသည် သူ့ဇနီးကို အမြန်ဆွဲထုတ်လိုက်ပါသည်။ သူပြောနေသော ကန်တင်းမှာ ရပ်ကွက်ရှိ သက်ကြီးရွယ်အိုကန်တင်း ဖြစ်ပေသည်။ ယမန်နှစ် ဆောင်းဦးရာသီတွင် အဆိုပါကန်တင်း ဖွင့်လှစ်ခဲ့သည်နှင့်အညီ ရပ်ကွက်နေထိုင်သူများသည် လက်ဖက်ရည်သောက်ရင်း သို့မဟုတ် ထမင်းစားပြီးရင်း စကားစမြည်ပြောကြသည့် ရေပန်းစားသော အကြောင်းအရာများ ဖြစ်လာပါသည်။ ၎င်းသတင်းကောင်း ရောက်ရှိလာသည်နှင့် ကျန်းရကျိုးအတွက် ထမင်းစားရန် စိုးရိမ်မှု တစ်ခု ဖြေရှင်းပေးခဲ့ပါသည်။

ထမင်းစားခြင်းသည် ဖြစ်ရိုးဖြစ်စဉ် တစ်ခုဖြစ်သည့် စိတ်စိုးရိမ်မှု ဖြစ်နေသလော။ အဆိုပါအကြောင်းရင်းများ ပြောမိလျှင် ဇာတ်လမ်းက ရှည်သည်။ ကျန်းရကျိုးနှင့် သူ့ဇနီးဖြစ်သူ ဟုန်ကျီဟွာတို့သည် ဟော်ပေပြည်နယ် ချိန်တယ့်မြို့ အဆင့်မြင့်သိပ္ပံနည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန် ပင့်ဟိုရပ်ကွက် ဂူထုံးယွမ်းလူနေမှုအိမ်ရာတွင် နေထိုင်ကြသည်။ နောက်ပိုင်းတွင် သူ့မြေးလေးကို ပြုစုစောင့်ရှောက်ပေးရန်အတွက် သူ့ဇနီးသည် ဖူကျန့်ပြည်နယ် ဖူကျိုးမြို့ရှိ သမီး၏ အိမ်သို့ သွားရောက်ကူညီခဲ့ပါသည်။ ကျန်းရကျိုးသည် ချိန်တယ့်မြို့တွင် တစ်ဦးတည်းသာ နေထိုင်လာပြီး တစ်နေ့တာ၏ အစာသုံးနပ်ကို ပေါ့ပေါ့ပါးပါး စားလေ့ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဟုန်ကျီဟွာ၏ ကျန်းမာရေးအခြေအနေ မကောင်းမွန်သည့်အတွက်ကြောင့် ကျန်းရကျိုးသည် သူမအား ပြန်ခေါ်လာခဲ့ပါသည်။ အစပိုင်းတွင်မူ သူသည် သူ့

ကျန်းစူးပြည်နယ် ရှိချမ်းမြို့ ရှိဟုန်ခရိုင်အတွင်းရှိ ဆေးကုသရေးနှင့် ပြုစုစောင့်ရှောက်ရေး အဖွဲ့အစည်းတစ်ခုတွင် သက်ကြီးရွယ်အိုများသည် အစားအစာများ သုံးဆောင်နေသည်ကို တွေ့ရစဉ်။
江苏省宿迁市泗洪县城区一家医养服务机构，老人们在用餐 CFP 图

ဇနီးအား နေ့စဉ်နေ့တိုင်း ချက်ပြုတ်ကျွေးမွေးပြုစုရခြင်း ကြောင့် သူ့ခန္ဓာကိုယ်ကလည်း မခံနိုင်တော့ပေ။ သို့ဖြစ်၍ တစ်နေ့တာ၏ အစာသုံးနပ်အတွက် ကျန်းရကျိုးသည် သူ့ဇနီးအား ခေါ်ကာ နေအိမ်အောက်ထပ်က စားသောက်ဆိုင်လေးတွင် အတူတူစားကြခဲ့သည်။ အလွန် အဆင်မပြေပေ။

ယမန်နှစ် စက်တင်ဘာလတွင် ရပ်ရွာရှိ သက်ကြီးရွယ်အိုကန်တင်း ဖွင့်လှစ်လာသည်မှာ အံ့အားသင့်စရာ ဖြစ်ခဲ့ပါသည်။ ကျန်းရကျိုးသည် ၎င်း၏ မှတ်ပုံတင်ကတ်ကို ချက်ချင်းယူဆောင်လာပြီး ရပ်ကွက်ရုံးသို့ မှတ်ပုံတင်ရန် သွားရောက်ခဲ့ပါသည်။ ခဏအကြာတွင် ပင့်ဟိုရပ်ကွက် သက်ကြီးရွယ်အိုကန်တင်း၏ ထမင်းစားကတ်တစ်ခု ရရှိခဲ့သည်။ "ဒီကတ်ကို ကိုင်ပြီး ဦးလေးက ကန်တင်းကို တိုက်ရိုက်သွားစားလို့ ရပါပြီရှင်"ဟု အဆိုပါရပ်ကွက်စီမံခန့်ခွဲရေး ကော်မတီမှ ဒုတိယဌာနမှူး ယွီလန်က ပြုံးလျက် ပြောဆိုပါသည်။

တစ်နေ့တာ၏ အစာသုံးနပ်အား အေးအေးဆေးဆေး စား၍ ရနိုင်လာသည့်အတွက် ကျန်းရကျိုးက စိတ်လန်းဆန်းလာပါသည်။ "လူတစ်ယောက်အတွက် တစ်နေ့ကို တရုတ်ယွမ် ၂၀ ပဲ ကုန်ကျပါတယ်။ အရင်တုန်းကဆို ဒီငွေနဲ့ တစ်နပ်ပဲ စားလို့ ရနိုင်ပါတယ်။ ကြည့်စမ်း၊ ဒီကန်တင်းက နေ့စဉ်ချက်ပြုတ်တဲ့ ဟင်းလျာတွေကို တစ်ရက် ကြိုတင်ကြေညာပေးတယ်။ ဟင်းလျာ၊ ထမင်းဖြူနဲ့ ဟင်းရည် အကုန်လုံး ရရှိတယ်။ သကြားလျှော့၊ အဆီလျှော့ စတဲ့ ဟင်းပွဲစုံတွေကို ခွဲခြားပေးထားပါတယ်။ အသားဟင်းတွေနဲ့ သက်သတ်လွတ်ဟင်းတွေ လိုက်ဖက်ပေါင်းစပ်ထားတာကြောင့် သက်ကြီးရွယ်အိုတွေအတွက် အထူးသင့်လျော်ပါတယ်" ဟု ကျန်းရကျိုးက ပြောဆိုပါသည်။

ထမင်းဖြူနှင့် ဟင်းလျာများအား ရွေးချယ်ယူဆောင်လာကာ ထိုင်ပြီးနောက် ကျန်းရကျိုးသည် တူနှင့် ချက်ချင်းမစားရဘဲ လက်ကိုင်ဖုန်းကို ထုတ်ယူပြီး ဗီဒီယိုကို ရိုက်ကူးခဲ့သည်။ သူသည် ကန်တင်းနှင့် ဟင်းလျာများရော မျက်နှာချင်းဆိုင်ထိုင်နေသော သူ့ဇနီးပါ ဟိုနားဒီနား ရိုက်ကူးခဲ့ပါသည်။ ကျန်းရကျိုးသည် အဆိုပါဗီဒီယိုလေးကို မိုင်ပေါင်းထောင်ချီဝေးသည့် သမီးဆီကို ပို့ပေးခဲ့ပါသည်။ "ကျွန်ုပ်တို့ ရပ်ကွက်မှာ သက်ကြီးရွယ်အိုကန်တင်း ရှိလာတယ်ဆိုတော့ ကျွန်ုပ်ရဲ့ သမီးလေးဟာ လုံးဝ စိတ်ချသွားပါတယ်" ဟု သူက ဆက်လက်ပြောဆိုပါသည်။

本刊综合

05 "သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ခြင်း"ဆိုင်ရာ ကိန်းဂဏန်းများ
数说"老有所养"

၂၀၂၂ ခုနှစ် နှစ်မကုန်မီ တရုတ်ပြည်သည် ခရိုင် (ခရိုင်အဆင့်မြို့၊ ဇုန်) တိုင်းတွင် မသန်စွမ်းသော၊ တစ်စိတ်တစ်ပိုင်း မသန်စွမ်းသော အလွန်အမင်း ဆင်းရဲနွမ်းပါးသူများအား ကျွမ်းကျင်စွာ ပြုစုစောင့်ရှောက်ရန် ခရိုင်အဆင့် ဘိုးဘွားရိပ်သာ အနည်းဆုံးတစ်ခုစီကို တည်ဆောက်မည် ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တရုတ်ပြည်၏ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့အစည်းများနှင့် အဆောက်အဦး အရေအတွက်မှာ ၁၁၆၀၀၀ မှ ၃၂၉၀၀၀ သို့ တိုးလာပြီး ကုတင်အရေအတွက်မှာ ၆.၇၂ သန်းမှ ၈.၂၁ သန်းအထိ တိုးများလာခဲ့ပါသည်။

၂၀၂၅ ခုနှစ်တွင် တရုတ်ပြည် တစ်ပြည်လုံး၌ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့အစည်းများ၏ သုနှာပြုကုတင် အချိုးအစားမှာ ၅၅% အထိ တိုးမြှင့်လာရန် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်တွင် တရုတ်ပြည် ပြည်သူ့ပြည်သားတို့၏ ပျမ်းမျှသက်တမ်းသည် ၇၈.၂ နှစ်အထိ တိုးလာခဲ့ပါသည်။

CFP 图

CFP 图

"ကျွန်တော့်အိမ်ထဲ လင်းလက်တောက်ပတဲ့ နေရောင်ခြည်တွေ ဖြာကျနေတယ်"

"阳光照进我屋里"

တွေ့ကျုံးပြည်နယ် ချမ်ရိုးမြို့ ရှင်ရန် ခြောင်တိုင်းရင်းသားကျေးရွာအုပ်စုအမှတ် ၁၀ အိမ်ခင်းရှိ နွမ်းပါးမှုလျော့ချရန် နေရာပြောင်းရွှေ့၍ စုပေါင်းပြန်လည်နေရာချထားရေးစခန်းတို့ တွေ့ရစဉ်။
贵州省黔西市新仁苗族乡麻窝寨易地扶贫搬迁集中安置点 新华社 图

ချုံပေါင်းချိုင့်၏ မိသားစုသည် ပေကျင်းမြို့ အရှေ့ဘက်မြို့ဇုန် ဖူရှန်းရပ်ကွက် ယွီအလ်လမ်းသွယ်ရှိ အမှတ် ၃၀ အိမ်ဝင်း၌ နှစ်ပေါင်း ၃၀ ကျော် နေထိုင်ခဲ့ပါသည်။ စုစုပေါင်း ၃၄၃ မီတာအရှည်ရှိပြီး အရှေ့ဘက်မှ အနောက်ဘက်သို့ သွားလာသော ဤလမ်းသွယ်မှာ မင်မင်းဆက်ခေတ်တွင် ဖောက်လုပ်ထားသည့် ရှေးရိုးရာမြို့ဟောင်းလမ်းသွယ် ဖြစ်သည်။ ထူးခြားသော သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းထားပါသည်။ သို့သော်လည်း အဆိုပါလမ်းသွယ်တွင် နေထိုင်သော ပြည်သူပြည်သားများအတွက်မူ ယခင်ကြာမြင့်သောကာလအတွင်းတွင် လူစည်ကားပြီး ရှုပ်ပွနေသည့် နေရာတစ်ခု ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် ချုံပေါင်းချိုင့်၏ မိသားစုမှ မိသားစုဝင် ၃ ဦးတို့သည် အမှတ် ၃၀ အိမ်ဝင်း အလယ်ဗဟိုရှိ မြောက်ဘက်ကို မျက်နှာမူထားသော အိမ်ရာလေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ထိုစဉ်က စုစုပေါင်းဧရိယာ စတုရန်းမီတာ ၃၀၀ ကျော် ကျယ်ဝန်းသည့် အိမ်ဝင်းအတွင်းတွင် အိမ်ထောင်စု ၁၄ စု နေထိုင်ခဲ့ကြပါသည်။ အိမ်ထောင်စုတစ်ခုစီ၏ နေထိုင်မှုဧရိယာမှာ ဆယ်စတုရန်းမီတာသာ ရှိသည်။ မည်သည့်အိမ်ထောင်စုဖြစ်စေ နေထိုင်ရန် မလုံလောက်ပေ။ မည်သို့ ဖြေရှင်းရမည်နည်း။ ဤအိမ်ဝင်းတွင် သီးသန့်တည်ဆောက်ရန် စဉ်ဆက်မပြတ် ပြုလုပ်ရမည်။ "ကိုယ့်အိမ်ရှေ့မှာ ပိတ်ဆို့နေတာ ရှင်းလင်းတိုးချဲ့ပြီး မီးဖိုချောင်

06 "နေထိုင်ရန် အိမ်ရာများ၊ အာမခံပေးခြင်း"ဆိုင်ရာ ကိန်းဂဏန်းများ
数说"住有所居"

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်းတွင် တရုတ်ပြည်ရှိ မြို့ပြပေါင်း ၄၀ ၌ ထောက်ပံ့ရေးအင့်ားအိမ်ရာ ၆.၅ သန်းအား ဆောက်လုပ်ပြီး လူဦးရေ သန်း ၂၀ နီးပါးရှိသော ထွန်းသစ်စမြို့ပြနေထိုင်သူများ၊ လူငယ်များ၏ နေထိုင်မှုအခက်အခဲများကို ဖြေရှင်းပေးနိုင်မည် ဖြစ်သည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်းတွင် တရုတ်ပြည် တစ်ပြည်လုံး၌ မြို့ပြလူနေမှု အသိုက်အဝန်းဟောင်း စုစုပေါင်း ၁၁၅၀၀၀ ကို ပြန်လည်ပြုပြင်ခဲ့ပြီး နေထိုင်သူ အိမ်ထောင်စု သန်း ၂၀ ကျော်ကို အကျိုးပြုခဲ့သည်။ အခြေခံအားဖြင့် ဓာတ်လှေကား ၅၁၀၀၀ စင်းကို တပ်ဆင်ထားပြီး သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစသည့် ရပ်ကွက်ဝန်ဆောင်မှု အဆောက်အဦး ၃၀၀၀၀ ကျော်ကို ထည့်သွင်းတည်ဆောက်ထားပါသည်။

၂၀၁၂ ခုနှစ်မှ စတင်၍ တရုတ်ပြည်၏ ဒေသအသီးသီးတို့သည် ကျေးလက်ဒေသ ပျက်စီးနေသော အိမ်ရာများအား ပြန်လည်ပြုပြင်မွမ်းမံရေးကို အားသွန်ခွန်စိုက် လုပ်ဆောင်သည်။ တရုတ်ပြည် တစ်ပြည်လုံး၌ မှတ်ပုံတင်ထားသည့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု ၂၃.၄၁၆ သန်းတို့၏ အိမ်ရာလုံခြုံမှုကို အာမခံနိုင်ရန် ဖော်ဆောင်ခဲ့ပါသည်။

ဟော်ပေပြည်နယ် ရှီကျားကျွမ်မြို့ အဆင့်မြင့်သိပ္ပံနည်းပညာဖွံ့ဖြိုးတိုးတက်မှုဇုန်အတွင်းရှိ ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ထားသည့် တိုက်အိမ်များကို တွေ့ရစဉ်။

河北省石家庄市高新技术产业开发区棚户区改造新建的楼房 新华社 图

တစ်ခု တည်ဆောက်ခဲ့ပါတယ်။ သားသမီးတွေ ကြီးပြင်းလာတာနဲ့ နေထိုင်ဖို့နေရာ မရှိတော့လို့ အဆိုပါမီးဖိုချောင်ကို နည်းနည်းတော့ တိုးချဲ့ခဲ့ပါတယ်။ ဒီနေရာမှာ ထမင်းလည်း ချက်ပြုတ်ခဲ့တယ်။ လူလည်း နေထိုင်ခဲ့ပါတယ်။ ဒီအိမ်ရာတွေကို တည်ဆောက်တဲ့အတွက် အိမ်ဝင်းအတန်းတွေရဲ့ အကျယ်မှာ ၁ မီတာလောက် ရှိပါတယ်။" ထိုနှစ်တုန်းက ဖြတ်ကျော်ခဲ့သည့် အခက်အခဲများကို ပြန်လည်သတိရပြီး ချုံပေါင်းချိုင့်သည် သူ့ခေါင်းကို အထပ်ထပ် ခါယမ်းခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် အဆိုပါလမ်းသွယ်တွင် နေထိုင်သူများ၏ နေထိုင်မှုအခက်အခဲများကို ဖြေရှင်းရန် အပြောင်းအလဲများကို ရင်ဆိုင်လာခဲ့ရပါသည်။ အရှေ့ဘက်မြို့ဇုန်ရှိ ချုံပေါင်းချိုင့် နေထိုင်သည့် လမ်းသွယ်တွင်ရှိသော အိမ်ဝင်းအချို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီး ပြန်လည်ပြုပြင်ခဲ့သည်။ "အဲဒီတုန်းက ကိုယ်ရဲ့ ဆန္ဒအလျောက် လျှောက်လွှာတင်လို့ ရပါတယ်။ ဆက်လက် နေထိုင်ဖို့ ရွေးလို့ရပါတယ်။ ဒါမှမဟုတ် တိုက်အိမ်များသို့ ရွှေ့ပြောင်းနေထိုင်နိုင်တယ်။ ကျွန်ုပ်တို့ အိမ်ဝင်းကဆိုရင် အိမ်နီးနားချင်းဟောင်း မိသားစု ၁၂ စုဟာ ရွှေ့ပြောင်းနေထိုင်ဖို့ ရွေးချယ်ကြခဲ့တယ်။ ကျွန်ုပ် မိသားစုနှင့် အိမ်ထောင်စု နောက်တစ်စုတို့ဟာ ဒီနေရာမှာ ဆက်လက်နေထိုင်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။" ၎င်းအိမ်ဝင်းကို ပြန်လည်ပြုပြင်သည့် အချိန်ကာလအတွင်းတွင် ချုံပေါင်းချိုင့်သည် အားလပ်သည့် အချိန်များ၌ ပြန်လည်ကြည့်ရှု၍ အကြံပြုချက်များကို အတည်ပြုလေ့ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ချုံပေါင်းချိုင့်သည် မိသားစုဝင်များနှင့်အတူ နေအိမ်အသစ်တွင် အခြေချ နေထိုင်လာကြသည်။

လက်ရှိတွင် အမှတ် ၃၀ အိမ်ဝင်း၌ လမ်းသွယ်ဟောင်း၏ ထူးခြားချက်ဝိသေသလက္ခဏာများကို ထိန်းသိမ်းထားရုံသာမက ရှုခင်းများ သာယာလှပပြီး အဆင်ပြေစွာ နေထိုင်လာနိုင်ပါသည်။ "အခု ကျွန်တော်ဟာ အရမ်းပျော်တယ်။ ဒီလို ပြောလိုက်ချင်တယ်။ ဒီအိမ်ဝင်းကို မြင်ဖူးတဲ့သူတိုင်း အားမကျတဲ့လူ တစ်ယောက်မှရှိမှာ မဟုတ်ပါဘူး "ဟု ချုံပေါင်းချိုင့်သည် ဂုဏ်ယူစွာ ပြောဆိုပါသည်။"အရင်က အိမ်ဝင်းမှာ ကိုယ်တိုင်တည်ဆောက်တဲ့ အိမ်ရာတွေဖြစ်ပါတယ်။ အချင်းချင်း ပိတ်ဆို့ထားသဖြင့် နေရောင်တောင် မဝင်ရောက်နိုင်ဘူး။ အခုကတော့ နေ့စဉ်နံနက်တိုင်း နေရောင်ခြည်တွေဟာ အိမ်ထဲသို့ လင်းလက်စွာ ဖြာကျလာပါတယ်"ဟု သူက ဆက်လက် ပြောဆိုပါသည်။

本刊综合

"စိတ်ပူပင်စရာ" မရှိတော့သည့်အတွက် မျက်နှာပေါ်က အပြုံးသည်လည်း ပိုများလာသည်

ကျန်းရှီးပြည်နယ် ကျင်ကောင်းဆန်းမြို့ ရှိန်ရှမ်း ကျေးရွာမှ ရွာသူရွာသားများ၏ မျက်နှာပေါ်မှ အပြုံးများကို တွေ့ရစဉ်။

江西省井冈山市神山村村民的笑脸 新华社 图

ကျန်းရှီးပြည်နယ် ယွီတူခရိုင် ကျီစန်းမြို့နယ် ကန်နောင်ကျေးရွာတွင် သူမအတွက် စိတ်ပူပင်စရာ မရှိတော့ပေ။ သူမ၏ မျက်နှာပေါ်က အပြုံးများလည်း ပိုများလာသည်ဟု ကော်ယွီဟွာနှင့် ရင်းနှီးကြသော ရွာသူရွာသားများက ပြောပါသည်။ " စိတ်ပူပင်စရာ"ဆိုသည်မှာ ကော်ယွီဟွာက ပေးရမည့် အကြွေးများ ဖြစ်ပေသည်။

အဆိုပါကိစ္စမှာ ၂၀၀၈ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။ ထိုနှစ် စက်တင်ဘာလတွင် ကော်ယွီဟွာ၏ ချွေးမသည် နှလုံးရောဂါ ခံစားခဲ့ရပြီး ခွဲစိတ်ရန် အရေးပေါ် လိုအပ်ခဲ့သည်။ သူမ၏ သားငယ်သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်သော်လည်း တစ်နှစ်ပတ်လုံး ဝင်ငွေ များစွာ မရှာနိုင်ခဲ့ပေ။ ကော်ယွီဟွာ၏ ခင်ပွန်း၏ ကျန်းမာရေးမှာ အမြဲတမ်း မကောင်းမွန်သည့်အတွက်ကြောင့် ယခင်တုန်းက ဆေးကုသမှုခံနိုင်ရန် သူမ မိသားစု၏ စုဆောင်းငွေအားလုံးကို သုံးစွဲခဲ့ရသည်။ ကော်ယွီဟွာသည် ဆွေမျိုးများနှင့် သူငယ်ချင်းများထံမှ ရဲဝံ့စွာ ချေးငှားခဲ့ပါသည်။ ကံကောင်းသည်မှာ တရုတ်ယွမ် ၆၀၀၀ နီးပါး ကုန်ကျသည့် ခွဲစိတ်မှုစရိတ်မှာ နောက်ဆုံးတွင် လုံလောက်စွာ ရရှိခဲ့ပါသည်။ သူမ ချွေးမ၏ ကျန်းမာရေးအခြေအနေမှာ သက်သာရာရခဲ့ပါသည်။ သို့သော်လည်း လေးလံသော အလုပ်များကို မလုပ်နိုင်တော့ပေ။ " တရုတ်နှစ်သစ်ကူးပွဲတော်ရောက်တဲ့အခါမှာ ကျွန်မရဲ့ခင်ပွန်းဟာ အကြွေး

"心头病"好了，笑脸更多了

CFP 图

တောင်းရမှာကို ကြောက်ပါတယ်။ နှစ်သစ်ကူးညစာစားပွဲမှာ သူက ကျယ်လောင်စွာ သက်ပြင်းချနေတုန်းပဲ" ဟု ကော်ယွီဟွာက ပြောဆိုပါသည်။

၂၀၁၄ ခုနှစ်တွင် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ နာမကျန်းမှုကြောင့် ဆင်းရဲနွမ်းပါးသော ကော်ယွီဟွာ၏ မိသားစုသည် ထိုနှစ်တွင် မှတ်ပုံတင်ထားသည့် ဆင်းရဲနွမ်းပါး အိမ်ထောင်စု (အစိုးရ၏ ဆင်းရဲနွမ်းပါးမှလျှော့ချရေးအစီအစဉ်တွင် ပါဝင်ခြင်းဖြင့် ဒေသအစိုးရသည် မှတ်ပုံတင်ထားသည့် အကြောင်းအရာကို အခြေခံ၍ အိမ်ထောင်စုအလိုက် ဆင်းရဲနွမ်းပါးမှလျှော့ချရန် အကူအညီပေးရေးအစီအမံများကို အထူးတလည် ဖော်ဆောင်ပေးသည်။) တစ်ခုဖြစ်လာခဲ့ပါသည်။ ထောက်ပံ့ငွေများ ရရှိပြီးနောက် ကော်ယွီဟွာ၏ မိသားစုတို့ဘဝမှာ တဖြည်းဖြည်း ကောင်းမွန်လာပါသည်။ မကြာခင်တွင်မူ သူမ၏ မိသားစုတို့ လယ်မြေများအား အငှားချပြီး ဝင်ငွေအသစ် ရလာခဲ့သည်။ အခြားသော အလုပ်တစ်ခုခုကို ထပ်လုပ်ရန် ကော်ယွီဟွာက စဉ်းစားခဲ့ပါသည်။ တစ်နေ့တွင် အဆိုပါကျေးရွာမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖော်ဆောင်ပေးသည့် အစိုးရဝန်ထမ်းများသည် သူမ၏ အိမ်ကို ရောက်ရှိလာပြီး လယ်ယာစိုက်ပျိုးရေးဖန်လုံအိမ်သို့ သွားရောက်ကူညီပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။

ၜင်းခရိုင်သည် အခြားနေရာများမှ ထိပ်တန်းစီးပွားရေးလုပ်ငန်းအဖွဲ့များကို ဖိတ်ခေါ်ခဲ့သည်။ ကန်နောင်ကျေးရွာ အပါအဝင် ကျေးရွာ ၉ ရွာတွင် တရုတ်မူ(တရုတ်မူတစ်မူသည် ၆၆၆.၆၇ စတုရန်းမီတာ ရှိပါသည်) ၃၀၀၀ ကျော်ရှိသော ဟင်းသီးဟင်းရွက် စတီးဘောင် ဖန်လုံအိမ်များကို တည်ဆောက်ကာ ကျီစန်းဆီလီနီယမ် ပေါများကြွယ်ဝသော ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးဥယျာဉ်ဇုန်ကို ဖန်တီးခဲ့ပါသည်။ ၜင်းဒေသ၏ ၉၀% အထက်ရှိသော ဆင်းရဲနွမ်းပါး အိမ်ထောင်စုတို့သည် သမဝါယမအသင်းတွင် ရင်းနှီးမြှုပ်နှံကြကာ ဟင်းသီးဟင်းရွက် ဖန်လုံအိမ်များ၏ စိုက်ပျိုးရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာကြပါသည်။

အစပိုင်းတွင် ကူညီလုပ်ကိုင်သူသာဖြစ်သည့် ကော်ယွီဟွာသည် ယခုအခါတွင်မူ ဆီလီနီယမ် ပေါများကြွယ်ဝသော ခဝဲသီးပင်များ စိုက်ပျိုးသည့် လူသိများသော "ဒေသခံပါရဂူ" ဖြစ်လာခဲ့သည်။ သူမသည် လူ ၆ ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ကာ ၜင်းကျေးရွာ၏ စိုက်ပျိုးရေးသမဝါယမအသင်းအတွက် ကိုယ်စားပြုကာ ခဝဲသီးစိုက်ပျိုးရေးဖန်လုံအိမ် တစ်လုံးကို စီမံခန့်ခွဲခဲ့သည်။ လစဉ်လတိုင်း အခြေခံလစာမှာ တရုတ်ယွမ် ၂၇၀၀ ရှိသည်။ လွန်ခဲ့သော ၂ နှစ်တွင် သူမသည် ကိုယ်ပိုင်လုပ်ငန်းကို ရဲဝံ့စွာ စွန့်ဦးတီထွင်ကာ ဖန်လုံအိမ် တစ်လုံးကို ကန်ထရိုက်ယူခဲ့သည်။ သူမ၏ နှစ်စဉ်ဝင်ငွေမှာ တရုတ်ယွမ် ၇၀၀၀၀ မှ ၈၀၀၀၀ ခန့်ထိ တိုးများလာခဲ့သည်။ နောက်ဆုံးတွင် သူမ၏ မိသားစုသည် ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ပြီး အကြွေးများဆပ်ကာ စိတ်ပူပင်စရာလည်း ပျောက်ကင်းသွားခဲ့ပါသည်။

本刊综合



ကျဲ့ကျန်းပြည်နယ် ဟုဇျားမြို့, တယ်ချင်းခရိုင် ဝုရမ်းရပ်တွင်မှ ရွာသူရွာသားများသည် အဝါရောင်သစ်ခွပန်းများ နေဝုလှန်းနေသည်ကို တွေ့ရစဉ်။
浙江省湖州市德清县舞阳街道山民村村民在晾晒石斛花新华社-图

2012 年至 2022 年，中国共产党第十八次全国代表大会召开后的 10 年，中国走过了极不寻常、极不平凡的路。这 10 年，世界巨变，中国方案为全球贡献智慧；这 10 年，中国腾飞，但以人民为中心的发展思想从未改变。观察这 10 年的中国，可以有许多不同的视角；解析这 10 年，会有许多精彩的故事。这一次，云南省南亚东南亚区域国际传播中心《吉祥》杂志联合浙江天目新闻、《浙江日报》海外版，带你走进中国一西一东两个省份——云南与浙江。

我们将每月邀请 4 位在滇浙两地长居的外国人，听他们的故事、聊他们的 10 年，从他们的视角越过山海，看见中国。

၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ၁၈ ကြိမ်မြောက် ပြည်လုံးကျွတ်ကွန်ဂရက် ကျင်းပပြီးနောက် ဆယ်နှစ်တာ ကာလတွင် တရုတ်ပြည်သည် သာမန်ထက် အထူးလွန်ကဲ၍ ပုံမှန်ထက် အလွန်ထူးကဲသော လမ်းကြောင်းကို လျှောက်လှမ်းလာခဲ့ပေသည်။

ဤဆယ်စုနှစ်အတွင်း ကမ္ဘာကြီးသည် အကြီးအကျယ် ပြောင်းလဲသွားပြီဖြစ်သည်။ တရုတ်ပြည်၏ ကိုင်တွယ်ဖြေရှင်းနည်းက တစ်ကမ္ဘာလုံးအတွက် ဉာဏ်ပညာ ပေးစွမ်းလာခဲ့သည်။ “The Belt and Road”က တစ်ကမ္ဘာလုံးအား အပြန်အလှန် အကျိုးရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါက လူသားတို့၏ ကံကြမ္မာကို ခိုင်မြဲစွာ အပြန်အလှန် ချိတ်ဆက်ပေးလာခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေး အဆိုပြုချက်များက ကမ္ဘာ့စီးပွားရေး ပြန်လည် ဦးမော့လာစေရန်အတွက် အားသစ်လောင်းပေးခဲ့သည်။

ဤဆယ်စုနှစ်အတွင်း တရုတ်ပြည်သည် တစ်ဟုန်ထိုးတိုးတက်လာခဲ့သည်။ သို့သော် ပြည်သူကို ဗဟိုပြုသည့် ဖွံ့ဖြိုးရေးအတွေးအယူကိုမူ မည်သည့်အခါကမှ မစွန့်လွှတ်ခဲ့ပေ။ တရုတ်ကွန်မြူနစ်ပါတီ တည်ထောင်ခြင်း နှစ်တစ်ရာပြည့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း နှစ် ၇၀ ပြည့်၊ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒကျင့်သုံးခြင်း နှစ် ၄၀ ပြည့် . . . တရုတ်ကွန်မြူနစ်ပါတီ၏ ဦး

看云南

这10年

ယူနန်ပြည်နယ် ကုမင်းမြို့ ယိရျန်ခရိုင် ကိန်ကျာရင် ယမ်၊ ဗြောင်တိုင်းရင်းသားကျေးလွှာအုပ်စု၏ စပါးစိုက်ခင်းအလှများကို တွေ့ရစဉ်။
云南省昆明市宜良县耿家营彝族苗族乡的稻田景色 新华社 图

ဆောင်မှုအောက်တွင် တရုတ်ပုံစံ ခေတ်မီရေးလုပ်ငန်းများ အောင်မြင်မှုအသစ် ရရှိလာခဲ့ပါသည်။ အတော်အသင့် ချောင်လည်သော လူ့အဖွဲ့အစည်းကို ဘက်ပေါင်းစုံက တည်ဆောက်နိုင်ခဲ့၍ လုံးဝဥသုံ ဆင်းရဲမွဲတေမှု ပြဿနာကို သမိုင်းဝင် ဖြေရှင်းနိုင်ခဲ့သည်။ ထိုရှေးဟောင်းတိုင်းပြည်ကြီးမှာ ရှင်သန်အားတို့ အညွန့်တလူလူ ဖြစ်လာနေပြီဖြစ်သည်။

ဤဆယ်စုနှစ်အတွင်း တရုတ်ပြည်ကို ရှုထောင့်အမျိုးမျိုးက လေ့လာနိုင်သည်။ ဤဆယ်စုနှစ်ကို စိစစ်ကြည့်လျှင် ပြောင်မြောက်သော ဇာတ်ကြောင်းများ များစွာ ရှိလာမည် ဖြစ်ပါသည်။ ယခုတစ်ကြိမ်တွင် ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတကာပြန်ကြားရေးစင်တာနှင့် "မဂ်လာ"မဂ္ဂဇင်းသည် ကျဲ့ကျန်းထျန်းမှ သတင်းဌာန၊ "ကျဲ့ကျန်းနေ့စဉ်သတင်းစာ" ပြည်ပဗားရှင်းတို့နှင့် ပူးပေါင်း၍ စာဖတ်သူတို့အား တရုတ်နိုင်ငံ၏ အနောက်ဘက်နှင့် အရှေ့ဘက် ပြည်နယ်နှစ်ခု ဖြစ်သော ယူနန်နှင့် ကျဲ့ကျန်းပြည်နယ်ဆီသို့ ခေါ်ဆောင်သွားမည် ဖြစ်သည်။

တစ်ခုက တောင်တန်းဒေသ၊ တစ်ခုက ပင်လယ်ကမ်းရိုးတန်းဒေသ ဖြစ်သည်။ တောင်တန်းနှင့်ပင်လယ်သည် တရုတ်နိုင်ငံ၏ ဗဟုဖြစ်မှုနှင့် ရှင်သန်အားတို့ကို ထင်ဟပ်ပြသလျက်ရှိသည်။ တောင်တန်းနှင့်ပင်လယ်သည် တရုတ်ပြည်၏ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကိုလည်း သရုပ်ဖော်ပြလျက်ရှိသည်။ တောင်တန်းနှင့်ပင်လယ် ဆုံတွေ့သည့်အခါ ကျွန်ုပ်တို့သည် ရည်မှန်းချက်နှင့် ကြိုးပမ်းမှုကို တွေ့မြင်ရသည်။ အခွင့်အလမ်းနှင့် ဆန်းသစ်တီထွင်မှုကို တွေ့မြင်ရသည်။ စိန်ခေါ်မှုနှင့် စွဲမြဲစောင့်ထိန်းခြင်းကို တွေ့မြင်ရသည် . . .

သြဂုတ်လမှစ၍ ကျွန်ုပ်တို့သည် ယူနန်ပြည်နယ်နှင့် ကျဲ့ကျန်းပြည်နယ်တို့တွင် အမြဲတမ်းနေထိုင်လျက်ရှိသည့် နိုင်ငံခြားသား ၄ ဦးကို လစဉ် ဖိတ်ခေါ်ကာ သူတို့၏ ဘဝဇာတ်ကြောင်းကို နားထောင်ရင်း သူတို့၏ ဆယ်နှစ်တာ အတွေ့အကြုံများကို ပြောရင်း သူတို့၏ ရှုထောင့်များမှ တောင်တန်းနှင့် ပင်လယ်ကို ကျော်ဖြတ်ကာ တရုတ်ပြည်ကို ကြည့်မြင်ကြမည်ဖြစ်ပါသည်။

အိမ်ထောင်စုတိုင်း သာယာချမ်းမြေ့မှုများ ရှိ 幸福到万家

ကျွန်ုပ်တို့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဖော်ဆောင်နေတယ်ဆိုတာ ပြည်သူလူထု သာယာချမ်းမြေ့သော ဘဝပိုင်ဆိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို စိစစ်လေ့လာပြီး စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးဖို့ပဲ ဖြစ်တယ်။ ကျွန်ုပ်တို့က ပြည်သူတို့ရဲ့ အေးချမ်းပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်နိုင်ရေး၊ ဘေးကင်းလုံခြုံရေးနဲ့ ပျော်ရွှင်ချမ်းမြေ့ရေးတို့ကို အစဉ်အမြဲ နှလုံးသွင်းထားရမယ်။ ပြည်သူတို့ အလေးထားတဲ့ အလုပ်အကိုင်၊ ပညာရေး၊ လူမှုလုံခြုံရေး၊ ကျန်းမာရေး၊ နေထိုင်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ စားသောက်ကုန်ဘေးကင်းရေး၊ ရပ်ရွာငြိမ်ဝပ်ပိပြားရေးစတဲ့ လက်တွေ့ပြဿနာများကို အားသွန်ခွန်စိုက် ဖြေရှင်းပေးပြီး တစ်ခုပြီး တစ်ခု အကောင်အထည်ဖော်လာအောင် လုပ်ဆောင်ပေးရမယ်။ တစ်နှစ်ပြီး တစ်နှစ် ဆက်တိုက်လုပ်ဆောင်၍ ပြည်သူများအား ထိုပြောင်းလဲမှုများကို မြင်တွေ့စေရပြီး အကျိုးကျေးဇူးများလည်း ရရှိခံစားလာကြစေဖို့ ကြိုးစားကြရမယ်။

——တရုတ်နိုင်ငံတော်သမ္မတ ရှီကျင့်ဖိန်

Michael။ ။ ပရဟိတလုပ်ငန်းဖော်ဆောင်တာဟာ ပျော်ရွှင်မှုတစ်မျိုးလည်း ဖြစ်ပါတယ်

迈克尔：做公益也是一种快乐

■ 本刊记者 王靖中 / 文



受访者供图

ဂျာမနီနိုင်ငံ Dortmund မြို့မှ Michael သည် ၁၉၈၇ ခုနှစ်တွင် ရှန်ဟိုင်း ဖုဒန်တက္ကသိုလ်သို့ တရုတ်စာ လေ့လာရန် ရောက်လာခဲ့ပါသည်။ နောက်ပိုင်းတွင် သူသည် ဖီကို အမှတ်တံဆိပ်စက်ဘီးကို စီးကာ ရှန်ဟိုင်းမြို့မှ ထွက်ခွာပြီး ကီလိုမီတာ ၁၁၀၀ ကျော်ကွာဝေးသည့် ဝူဟန်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ရက်ပေါင်း ၂၀ ကျော် ခရီးစဉ်တွင် သူသည် တရုတ်လူ့အဖွဲ့အစည်း၏ အလွှာပေါင်းစုံအကြောင်းအရာများကို လေးနက်စွာ စူးစမ်းလေ့လာခဲ့ပါသည်။

"၁၉၇၉ ခုနှစ်မှာ ဂျာမနီနိုင်ငံကနေ ထွက်ခွာပြီး နိုင်ငံများစွာမှာ စေတနာ့ဝန်ထမ်း လုပ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက် အမှတ်တရ အရှိဆုံးကတော့ ဒီနှစ်တွေမှာ တရုတ်နိုင်ငံမှာ လုပ်ကိုင်တဲ့ အတွေ့အကြုံတွေပါပဲ။" ၂၀၀၅ ခုနှစ်တွင် Michael သည် တရုတ်နိုင်ငံကို ပြန်ရောက်ကာ ယူနန်ပြည်နယ်သို့ ရောက်ရှိခဲ့ပါသည်။ လင်ချန်းမြို့ လင်ရှန်းဇုန်၏ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးနှင့် ကုသရေးစီမံကိန်းကို တာဝန်ယူကာ ရလဒ်များ ထူးထူးခြားခြား ရရှိခဲ့ပါသည်။ အဆိုပါအဖွဲ့အစည်းမှ ယခင်ကကြိုတင်ကာကွယ်ရေး၊ ကုသရေးပုံစံနှင့် အတွေ့အကြုံများဖြင့် ဒေသတွင်း အေအိုင်ဒီအက်စ်ရောဂါကူးစက်ခံလူနာအရေအတွက် သိသိသာသာ ကျဆင်းလာရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင် Michael သည် "အနာဂတ်မျှော်လင့်ချက်" သူငယ်တန်းကျောင်းစီမံကိန်းကို ဖော်ဆောင်ကာ ဒေသအတွက် ကျောင်းဆရာ၊ ဆရာမများ မွေးထုတ်ခြင်းနှင့် အခြေခံအဆောက်အဦး အခြေအနေများ တိုးတက်ကောင်းမွန်အောင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသနေ ကလေးများအတွက် မရှိမဖြစ် လိုအပ်သော မူကြိုပညာရေးကို ပံ့ပိုးပေးပါသည်။

လွန်ခဲ့သော ၂ နှစ်အတွင်း Michael သည် ယူနန်ပြည်နယ်တွင် ကာဗွန်နိမ့် စာသင်ကျောင်း ရှေ့ပြေးစမ်းသပ်စီမံကိန်းကို စတင်ဖော်ဆောင်ခဲ့သည်။ ကျောင်းသူကျောင်းသားများအား လေ့လာသင်ယူခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုမှာ လူသားအပေါ် သယ်ဆောင်လာသော သိသာထင်ရှားသည့် သက်ရောက်

ဗီဒီယို ကြည့်ရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫二维码看视频

မှုကို နားလည်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် ကမ္ဘာမြေကာကွယ်ရေးဆိုင်ရာ အသိပညာများကို မြှင့်တင်ရန် ရည်ရွယ်ထားသည်။ "ကျွန်တော့်အတွက် ပရဟိတလှုပ်ရှားမှုတွေကတစ်ဆင့် သူတစ်ပါးကို ကူညီနိုင်ရင် အကြီးဆုံး ပျော်ရွှင်မှုပဲ ဖြစ်တယ်"ဟု Michael က ပြောသည်။

Tran Thi Thanh Nga ။ ။ အလုပ်ကို ဆောင်မြင်စွာ လုပ်ကိုင်ရင်းနှင့် အေးချမ်းသော နေထိုင်မှုအိပ်မက်ကို ဖော်ဆောင်နိုင်ခဲ့

陈氏青娥：收获事业 实现安居梦

本刊记者 李玲 / 文

"ကျွန်မ နာမည် Tran Thi Thanh Nga လို့ ခေါ်ပါတယ်။ ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့က လာတယ်။ အခု ကျွန်မဟာ ယူနန် Minzu တက္ကသိုလ်က ဗီယက်နမ်ဘာသာစကားဌာန်ပါမောက္ခဆရာမတစ်ယောက် ဖြစ်ပါတယ်။ ကျွန်မက ၂၀၁၄ ခုနှစ်မှာ ပညာ သင်ယူလေ့လာဖို့ ယူနန်ပြည်နယ်သို့ တစ်ယောက်တည်း လာရောက်ခဲ့ပါတယ်။ ဗီယက်နမ်–တရုတ်နှစ်နိုင်ငံ ယဉ်ကျေးမှုတို့အကြား တူညီမှုတွေ ရှိလို့ ကျွန်မဟာ ယူနန်ပြည်နယ်မှာ စာသင်လေ့လာမှုနဲ့ နေထိုင်မှုတို့ လျင်လျင်မြန်မြန် အဆင်ပြေလာခဲ့ပါတယ်။ ဒီနေရာကို အလွန် ရင်းနှီးတယ်လို့လည်း ခံစားမိတယ်။"ကျောင်းသူမှ ဆရာမ၊ မိန်းကလေးမှ ကိုယ်ဝန်ဆောင်မိခင်၊ ယူနန်ပြည်နယ်တွင် နေထိုင်သော ၈ နှစ်တာ ကာလအတွင်း Tran Thi Thanh Nga သည် သူမ ဘဝ၏ မတူညီသော အချိန်ကာလများ၌ ကိုယ်ပိုင်တာဝန်များကို ပြောင်းလဲထမ်းဆောင်ရန် ဖြတ်ကျော်ခဲ့ပါသည်။ လက်ရှိ အနေအထားအရ သူမသည် အေးချမ်းသာယာသော နေထိုင်မှု ဘဝနှင့် ကောင်းမွန်သော အလုပ်အကိုင်အပေါ် ကျေနပ်ပြီး ပျော်ရွှင်နေပါသည်။

ယူနန်ပြည်နယ်သို့ ရောက်ရှိပြီးနောက် ပြဿနာများကို အမှီအခိုကင်းစွာ ဖြေရှင်းနိုင်စွမ်းသည် တစ်နေ့ထက်တစ်နေ့ ကောင်းမွန်လာပြီး မိမိ၏ ဘဝလမ်းကြောင်းကို ပိုပြီး ရှင်းလင်းစွာ သိရှိလာပါသည်ဟု သူမက ဆက်လက်ပြောဆိုပါသည်။ Tran Thi Thanh Nga က ဗီယက်နမ်ဘာသာစကား လေ့လာမှုသင်တန်းကို ထူထောင်ဖွင့်လှစ်ကာ လက်ရှိအချိန်တွင် သင်တန်းသူသင်တန်းသား စုစုပေါင်း ၅၀၀ ကျော်အား ပို့ချပေးခဲ့ပါသည်။

"ယူနန်ပြည်နယ်မှာ နေထိုင်တဲ့ကာလအတွင်း မြို့ပြနဲ့ ကျေးလက် လူနေမှုပတ်ဝန်းကျင် စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်လာတာကို ကျွန်မက မျက်မြင်ကိုယ်တွေ့ခဲ့တယ်။ အနီးအနားပတ်ဝန်းကျင်တွင် နေထိုင်သူများက စိန်းလန်းတဲ့ ဘဝတွေကို မျှော်လင့်တမ်းတနေကြပုံကို နက်နက်ရှိုင်းရှိုင်း ခံစားမိပါတယ်"ဟု Tran Thi Thanh Nga က ပျော်ရွှင်စွာ ပြောဆိုပါသည်။ ယူနန်ပြည်နယ်၏ မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် တံခါးဖွင့်လှစ်မှုဖြစ်စဉ်တွင် အခြေခံအဆောက်အဦး ချိတ်ဆက်မှုတို့သည်လည်း အံ့သြဖွယ်ကောင်းသော အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိနေပါသည်။ ၎င်းအနက် ဗီယက်နမ်–တရုတ် အပြည်ပြည်ဆိုင်ရာ လမ်းကြောင်းမှာ ယူနန်ပြည်နယ်အတွင်းရှိ ကူမင်းမှ ဟိုခိုအထိ ရထားလမ်းပိုင်းသည် ဖွင့်လှစ်ခဲ့ပြီ ဖြစ်ပါသည်။ အနာဂတ်တွင် ဟိုခိုတွင် ရထားဖြင့် ဗီယက်နမ်သို့ ပြန်ရောက်နိုင်မည်ဟု သူမက မျှော်လင့်ထားပါသည်။

受访者供图

Blessing ။ ။ တရုတ်နိုင်ငံ၏ နေထိုင်မှုဘဝတွင် ခီးဓမ္မာပြီး ဂီတလုပ်ငန်းကို ထမြောက်အောင်မြင်ရန် လုပ်ဆောင်

布莱辛：融入中国生活 成就音乐事业

◘《浙江日报》海外版记者 肖艳艳 / 文

受访者供图

ဟန်ကျိုးမြို့၏ မြောက်ဘက်ရှိ ရီးဝင်လမ်းတွင် မြေအောက်တစ်ပိုင်း စတိုးဆိုင်ရှိ ဂီတစတူဒီယို ဖြစ်သည့် Studio 316 ၌ တေးဂီတကို ချစ်မြတ်နိုးကြသော အာဖရိကလူငယ်များက စုစည်းထားသည်။ သူတို့သည် အာဖရိကတေးဂီတ အစိတ်အပိုင်းများကို လူကြိုက်များသော တေးဂီတများတွင် ပေါင်းစပ်လိုစိတ် ပြင်းပြကြပါသည်။

အဆိုပါ ဂီတစတူဒီယို၏ တည်ထောင်သူနှင့် CEO မှာ ဇင်ဘာဘွေမှ Blessing ဖြစ်ပါသည်။ Studio 316 ကို တည်ထောင်ရခြင်း၏ မူလရည်ရွယ်ချက်မှာ အာဖရိကဂီတများကို တရုတ်လူမျိုးများအား ပိုမို သိရှိနားလည်နိုင်စေရန် ဖြစ်ကြောင်း ၎င်းက ပြောသည်။

တီးဝိုင်းဖျော်ဖြေပွဲများအပြင် ဂီတလေ့ကျင့်ရေးသင်တန်းများ၊ ဘော့စ်၊ ဒရမ်အစုံ၊ အာဖရိကဒရမ် အစရှိသည့် တူရိယာများကိုလည်း သူတို့က သင်ကြားပို့ချပေးပါသည်။ ထိုသင်တန်းများတွင် တရုတ်လူငယ် အများအပြား ပါဝင်ရန် ဆွဲဆောင်ခဲ့သည်။ ပန်းချီအနုပညာကျောင်းသူ မွန်ယာချင်သည် Studio 316 ၏ တီးဝိုင်းခေါင်းဆောင် Joshua ထံမှ ဘော့စ်ဂီတာ တီးခတ်ခြင်းကို ပုံမှန်သင်ယူနေသည်။ “ကျွန်မက ဘော့စ်ရဲ့ အသံ အတက်အကျကို အရမ်းကြိုက်တယ်။ အာဖရိကလူမျိုးတို့က ဘော့စ်တီးတဲ့အခါမှာ ထူးခြားတဲ့ စည်းချက်ဝါးချက်နဲ့ ကာရံကို အထူးခံစားနိုင်တယ်။ အဲဒါကို တရုတ်ဂီတပညာရှင်တို့ဆီက မခံစားရနိုင်သော ခံစားချက်တစ်မျိုး ဖြစ်ပါတယ်”ဟု မွန်ယာချင်က ပြောပြသည်။

Joshua သည် သင်ကြားပို့ချခြင်းနှင့် လေ့လာသင်ယူခြင်းတွင် ယဉ်ကျေးမှု နှစ်မျိုး၏ ပေါင်းစပ်ရောနှောမှုကိုလည်း ခံစားရသည်။ “ကျွန်တော်တို့ ဖန်တီးလုပ်ကိုင်နေတဲ့ ဂီတအလုပ်တွေက လူတိုင်းအတွက် ပျော်ရွှင်မှုတွေ ဆောင်ကြဉ်းပေးတဲ့ စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်ရေးနည်းလမ်းတစ်မျိုး ဖြစ်ပါတယ်။ ဒီနေရာကို ရောက်ရှိလာတဲ့ တရုတ်မိတ်ဆွေတွေက မိမိတို့ကို သက်တောင့်သက်သာနေတဲ့အခါမှာ ခုနကပြောတဲ့ ပျော်ရွှင်မှုကို ခံစားကြနိုင်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ အသားအရောင် မတူကွဲပြားပေမယ့် ဝါသနာနဲ့ သဘောထား တူညီတဲ့ လူတွေ ဖြစ်ကြပါပဲလို့လည်း ခံစားနိုင်ပါတယ်။”

အနာဂတ်အစီအစဉ်များနှင့် ပတ်သက်၍ Blessing သည် Studio 316 ၏ အယူအဆနှင့် သဘောတရားများ အကြောင်းကို လူတိုင်းသိရှိနိုင်ရန်အတွက် ကြိုးပမ်းသွားရန် မျှော်လင့်ထားပါသည်။ Joshua သည် Studio 316 ၏ အနာဂတ်အပေါ်လည်း အလွန် ယုံကြည်မိပါသည်။ “တရုတ်နိုင်ငံက အလွန် ဖော်ရွေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ စီးပွားရေးကလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီး နေရာတိုင်းမှာ အခွင့်အလမ်းတွေ ရှိတယ်လို့ ပြောနိုင်တယ်။ ကြိုးကြိုးစားစားနဲ့ အလုပ်လုပ်ရင် အကျိုးအမြတ်ရလဒ်များကို ရရှိလာလိမ့်မယ်လို့ ကျွန်တော်က ယုံကြည်ပါတယ်”ဟု သူက ပြောပါသည်။

ဗီဒီယို ကြည့်ရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫二维码看视频

Negi ။ ။ တရုတ်ပြည်ကို လေးစားချစ်မြတ်နိုးသော ယောဂဆရာ

耐吉：爱上中国的印度瑜伽教练

《浙江日报》海外版记者 肖艳艳 / 文

"ကျွန်တော်က တရုတ်သားမက်တစ်ယောက် ဖြစ်ပါတယ်။ အခုဆိုရင် 'China fan' စစ်စစ် ဖြစ်ပြီး နောင်မှာ တရုတ်ပြည်အကြောင်းကို အရမ်းကျွမ်းကျင်တဲ့ နိုင်ငံခြားသား တစ်ယောက် ဖြစ်ဖို့ မျှော်လင့်ပါတယ်"ဟု Negi က ပြောပါသည်။ သူသည် ယောဂ မွေးရပ်မြေ ဖြစ်သည့် အိန္ဒိယနိုင်ငံ Rishikesh မှ လာ၍ တရုတ်ပြည်တွင် ၁၅ နှစ်ကြာ နေထိုင်ပြီး ဤနေရာတွင်လည်း အိမ်ထောင်ကျခဲ့ပါသည်။ လွန်ခဲ့သည့် ၆ နှစ်က သူသည် ကျဲ့ကျန်းပြည်နယ် ဝင်းလင်မြို့သို့ ရောက်လာခဲ့ပြီး ယောဂဆရာတစ်ဦးအဖြစ် ထမ်းဆောင်ခဲ့ပါသည်။

"ဝင်းလင်မြို့ဟာ တိတ်ဆိတ်ပြီး လှပတဲ့ မြို့ငယ်လေးတစ်မြို့ ဖြစ်တယ်။ လူတွေကို သက်တောင့်သက်သာဖြစ်စေပါတယ်။" ဝင်းလင်မြို့သို့ ပထမဆုံးအကြိမ် ရောက်လာစဉ်က Negi က ဤကဲ့သို့ ခံစားခဲ့ပါသည်။ နေထိုင်မှုဘဝတွင် အဆိုပါမြို့ကို ဖြည်းဖြည်းချင်း သိကျွမ်းလာသည်နှင့်အမျှ ဝင်းလင်၏ ရာသီဥတုသည် သူ့မွေးရပ်မြေနှင့် အလွန် ဆင်တူကြောင်း သူက တွေ့ရှိခဲ့သည်။ နွေးထွေးဖော်ရွေသော ဝင်းလင်နယ်သူနယ်သားများသည်လည်း သူ့ကို စွဲလမ်းစေပါသည်။

လွန်ခဲ့သော ၁၅ နှစ်အတွင်းတွင် Negi သည် တရုတ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို မျက်မြင်ကိုယ်တွေ့ခဲ့ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမှုနှင့် မြို့ပြ၏ သာယာလှပမှုတို့တွင် အထူးသဖြင့် ဝင်းလင်အပါအဝင် မြို့ငယ်လေးများသည် ကြီးမားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်းသည် Negi အား လေးလေးနက်နက် စွဲမှတ်စေခဲ့ပါသည်။ "ကျေးရွာတွေက ပန်းခြံလို လှတယ်။ အများသုံးသန့်စင်ခန်းတွေတောင် အရမ်းလှတယ်။ ဗီဒီယိုထဲမှာ ပြတဲ့နေရာဟာ ဘယ်နေရာလဲလို့ အင်တာနက်သုံးစွဲသူ အမြောက်အမြားက ကျွန်တော့်ကို သီးသန့်မက်ဆေ့ချ်တွေ ပို့ပြီး မေးခဲ့တယ်။ တရုတ်ပြည်သို့ ပထမဆုံးအလည်အပတ် ခရီးစဉ်အတွက် ဘာတွေကို ပြင်ဆင်ထားဖို့ လိုအပ်

受访者供图

သလဲလို့ ကျွန်တော့်ဆီ အကြံတွေကိုလည်း တောင်းကြတယ်" ဟု Negi က ပြောသည်။

တစ်ချိန်တည်းတွင် Negi သည် သူ့ကိုယ်သူ တရုတ်ယဉ်ကျေးမှု သံတမန်တစ်ဦးအဖြစ် သတ်မှတ်ခဲ့ပါသည်။ သူသည် ဝင်းလင်နှင့်ပတ်သက်သော အရာ ၃ ခုကို ကြိုက်နှစ်သက်ပါသည်။ ပင်လယ်ရှုခင်း၊ ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာနှင့် ပင်လယ်စာများ ဖြစ်သည်။ ယောဂပို့ချခြင်းအပြင် Negi ၏ အကြီးမားဆုံးသော ဝါသနာမှာ စားကောင်းသောက်ဖွယ်များနှင့် ရှုခင်းသာနေရာများကို ဗီဒီယိုရိုက်ကူးပြီး နိုင်ငံခြားလူမှုမီဒီယာပလက်ဖောင်းများတွင် တင်ကာ တရုတ်ပြည်ရှိ မိမိ၏ နေထိုင်မှုဘဝကို အင်တာနက်သုံးစွဲသော သူများထံ အတူမျှဝေခြင်းပင် ဖြစ်ပါသည်။ "ကိုဗစ်-၁၉ ကပ်ရောဂါ မကြာခင် ပြီးဆုံးသွားဖို့ မျှော်လင့်ပါတယ်။ ပြီးတော့ ပင်လယ် ရှုစားဖို့၊ ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာတွင် နေထိုင်ဖို့ ကျွန်တော်ရဲ့ မိဘနှစ်ပါးကို ဝင်းလင်သို့ ခေါ်ခဲ့ချင်တယ်"ဟု သူက ဆက်ပြောသည်။

ဗီဒီယို ကြည့်ရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫二维码看视频

ကျဲ့ကျန်းပြည်နယ်

这10年

云南

ယူနန်ပြည်နယ်

图片来源：新华社

တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသရှိ မြို့ပြနှင့်ကျေးလက်တို့သည် သာယာချမ်းမြေ့သော ဘဝ အတူတည်ဆောက်

山海城乡共筑幸福生活

ကျဲ့ကျန်းတက္ကသိုလ် ပါမောက္ခ၊ ကျဲ့ကျန်းပြည်နယ် ခေတ်သစ်ကျေးလက်သုတေသနဌာန တွဲဖက်ဒါရိုက်တာနှင့် အကြီးတန်းကျွမ်းကျင်ပညာရှင် ယန်လိကျော်
浙江大学教授、浙江省新时代乡村研究院副理事长兼首席专家 严力蛟

တောင်တန်းဒေသမှ ကမ်းရိုးတန်းဒေသသို့၊ မြို့ပြမှ ကျေးလက်သို့။ တောင်တန်း ထူထပ်၍ မြစ်ချောင်းနှင့် လယ်ယာမြေတို့၏ အချိုးအစား နည်းပါးသောကြောင့် "တောင်တန်း ခုနစ်သွယ်၊ မြစ်တစ်ဆယ်၊ နှစ်ကွက် လယ်ယာမြေ"ဟု ပြောစမှတ်တွင်သည့် ကျဲ့ကျန်းပြည်နယ်သည် ဖွံ့ဖြိုးမှုဘက်မညီခြင်း၊ ဖွံ့ဖြိုးမှု မပြည့်ဝခြင်း ပြဿနာများကို အစဉ်သဖြင့် စူးစမ်းလေ့လာကာ အဖြေရှာလျက်ရှိပေသည်။

စီးပွားရေးဖွံ့ဖြိုးမှု ပိုမို ကောင်းမွန်သည့် ကမ်းရိုးတန်းဒေသ ခရိုင်များနှင့် ဖွံ့ဖြိုးမှု အရှိန်မြင့်တင်ရမည့် တောင်တန်းဒေသတို့ လက်တွဲပေါင်းစပ်ခြင်းမှတစ်ဆင့် ကျဲ့ကျန်းသည် တောင်တန်းနှင့် ပင်လယ် ပူးပေါင်းစက်မှုဇုန်၊ "မျိုးခြားဝိုင်းခံ"စက်မှုဇုန်၊ ဂေဟစနစ် ခရီးသွားယဉ်ကျေးမှုလုပ်ငန်းဇုန် စသည့်ပလက်ဖောင်းများကို အတူတည်ဆောက်ကာ ဒေသချင်း ကွာဟချက် လျှော့ချခြင်းနှင့် ဒေသချင်း ပူးပေါင်းဖွံ့ဖြိုးရေးကို မြှင့်တင်ပေးခြင်းတို့တွင် ခိုင်မာသော ခြေလှမ်းများ လှမ်းချီလာခဲ့ပေသည်။

"တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ပူးပေါင်းဆောင်ရွက်မှု" လုပ်ငန်းစဉ်မှတစ်ဆင့် တောင်ပေါ်ထွက်ကုန်များသည် ပင်လယ်ဒေသ၏ ဆောင်ကြဉ်းပေးမှုဖြင့် အလယ်အလတ်နှင့် အဆင့်မြင့်ဈေးကွက်အတွင်းသို့ ဝင်ရောက်လာနိုင်ခဲ့ပြီ ဖြစ်သည်။ "လိဆွေဆန်းကင်း" ကုန်အမှတ်တံဆိပ်ဖြင့် လိဆွေတောင်ပေါ်ဒေသ စိုက်ပျိုးရေးထွက်ကုန်များမှာ မြို့ကြီးပြကြီးများတွင် တစ်နေ့တခြား နာမည်ကြီးလာခဲ့သည်။ ကျင်နင်း ရဲတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင်မှ "ကုန်သေတ္တာပျံ" အမြန်ပို့စနစ်ဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၆၀၀ နှင့်အထက်တွင် စိုက်ပျိုးထားသော အရည်အသွေးမြင့် "ကျင်နင်း ၆၀၀" တောင်ပေါ်ဒေသ စိုက်ပျိုးရေးထွက်ကုန်များကို အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချခဲ့သဖြင့် တိုင်းရင်းသား ဒေသရှိ တောင်သူများ၏ ဝင်ငွေ တိုးပွားလာခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် ကျဲ့ကျန်းပြည်နယ်အတွင်းရှိ အခြားခရိုင်များနှင့်စာလျှင် ဖွံ့ဖြိုးမှုအားနည်းသော ခရိုင် ၂၆ ခုအား ဆင်းရဲခြင်းမှ လွတ်ကင်းလာစေနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် "တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတော်ကောင်စီ၏ ကျဲ့ကျန်း အရည်အသွေးမြင့်ဖွံ့ဖြိုးမှုနှင့်အတူ ကြီးပွားရေးစံပြဇုန် တည်ဆောက်မှုကို ထောက်ခံအားပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်"ကို ထုတ်ပြန်ကြေညာခဲ့သည်နှင့်အမျှ တစ်နိုင်ငံလုံး အတူကြီးပွားရေးအတွက် ကျဲ့ကျန်း၏ စူးစမ်းလေ့လာရေး ခရီးစဉ်သစ်ကို စတင်ဖွင့်လှစ်လာပေသည်။

လွန်ခဲ့သော ဆယ်နှစ်အတွင်း ကျဲ့ကျန်း၏ မြို့ပြနှင့် ကျေးလက်နေ ပြည်သူလူထုများ၏ ဝင်ငွေသည် နှစ်ဆတိုးလာခဲ့သည်။ မြို့ပြနှင့် ကျေးလက်နေ ပြည်သူလူထုများ၏ ဝင်ငွေ ကွာဟချက်မှာ ၂.၃၇ ဆမှ ၁.၉၄ ဆသို့ လျော့ကျလာခဲ့သည်။ မြို့ပြနေ ပြည်သူလူထုများ၏ အမြင့်ဆုံးနှင့် အနိမ့်ဆုံး ဝင်ငွေကွာဟချက်မှာ ၂၀၁၃ ခုနှစ်က ၁.၇၆ ဆ ရှိခဲ့ရာမှ ၁.၆၁ ဆအထိ လျော့ကျလာခဲ့ပါသည်။ နှစ်စဉ် အိမ်ထောင်စု သုံးစွဲနိုင်သော ဝင်ငွေ တရုတ်ယွမ် ၂ သိန်းမှ တရုတ်ယွမ် ၆ သိန်းအထိရှိသော အုပ်စုအချိုးမှာ ၃၀.၆% အထိ တိုးတက်လာခဲ့သည်။

ယခုအခါ အဆိုပါမြို့ကြီး၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာတို့ကို လွှမ်းခြုံထားသော ကျဲ့ကျန်း "တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ပူးပေါင်းဆောင်ရွက်မှုကွန်ရက်"သည် တစ်ဆင့်တိုး၍ ပြီးပြည့်စုံလာခဲ့ပြီ ဖြစ်သည်။ အရည်အသွေးမြင့်ဖွံ့ဖြိုးမှုကို မောင်းနှင်အား အဖြစ်ပြုကာ ကျဲ့ကျန်းသည် အတူကြီးပွားမှုရှေ့ဆောင်ဖြစ်ရေးနှင့် ပြည်နယ်ခေတ်မီမှုရှေ့ဆောင်ဖြစ်ရေးဟူသော ရည်မှန်းချက်ပန်းတိုင်ဆီသို့ ဆက်လက် ချီတက်လျက်ရှိသည်။

တရုတ်ပြည်၏ ဆင်းရဲမွဲလျော့ပါးရေးလုပ်ငန်း အောင်မြင်မှုမှာ မျက်မြင်ထင်ရှားဖြစ်သည်

中国扶贫事业的成就有目共睹

ဗီယက်နမ်လူမှုရေးသိပ္ပံအကယ်ဒမီ(VASS) တရုတ်ရေးရာသုတေသနအင်စတီကျူ သမိုင်းယဉ်ကျေးမှုသုတေသနဌာန ဌာနမှူး၊ တရုတ်ရေးရာ ပါရဂူ၊ သုတေသီ ချန်ရှီရွှေ

越南社会科学翰林院中国研究所历史文化研究室主任、中国学博士、研究员 陈氏水

အကြွင်းမဲ့ဆင်းရဲမွဲတေမှု ပယောက်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းသည် တရုတ်ကွန်မြူနစ်ပါတီ၏ နှစ်ပေါင်းတစ်ရာကျော် သမိုင်းတစ်လျှောက်တွင် ရရှိထားသည့် ထင်ရှားသော အောင်မြင်မှုများထဲက တစ်ခု ဖြစ်သည်။ တရုတ်နိုင်ငံတော် သမ္မတ ရှီကျင့်ဖိန် အမှူးပြုသည့် ဦးဆောင်မှုအောက်တွင် ခရိုင် ၈၃၂ ခုနှင့် ကျေးလက်နေ ဆင်းရဲနွမ်းပါးဦးရေ သန်း ၁၀၀ နီးပါးတို့သည် ဆင်းရဲခြင်းမှ လွတ်ကင်းလာခဲ့သည်။ တရုတ်ပြည်သည် "ကုလသမဂ္ဂ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်"၏ ဆင်းရဲမှုလျှော့ချရေးပန်းတိုင်ကို ဆယ်နှစ် စော၍ အကောင်အထည်ဖော်နိုင်ခဲ့သည်။ တရုတ်ပြည်၏ အောင်မြင်မှု အတွေ့အကြုံများမှာ မျက်မြင်ထင်ရှား ဖြစ်ပါသည်။

နံပါတ် ၁ ။ ။ ကျေးရွာချင်းဆက် မော်တော်ကားလမ်းများ ဖောက်လုပ်ခြင်း။ ကျေးရွာတိုင်းအား ကတ္တရာလမ်းခင်းပေးခြင်းဖြင့် ဆင်းရဲမှုလျှော့ချရေးအတွင်း အခြေခံအဆောက်အဦးပြဿနာကို ဖြေရှင်းပေးခဲ့သည်။ လက်ရှိတွင် တရုတ်ပြည်သည် မော်တော်ကားလမ်းများ၊ မြန်နှုန်းမြင့်ရထားလမ်းများ၊ ပင်လယ်ဖြတ်ကျော် မော်တော်ကားလမ်းများ၊ သဲကန္တာရ မော်တော်ကားလမ်းများ ဖောက်လုပ်ခြင်းဆိုင်ရာ အခြေခံအဆောက်အဦးကဏ္ဍတွင် ကြီးမားသော အောင်မြင်မှု ရရှိထားပြီး ဒေသတွင်းနှင့် ကမ္ဘာနိုင်ငံအသီးသီးတို့အတွက် နက်ရှိုင်းသော အာရုံစွဲထင်မှုနှင့် အဖိုးတန်အတွေ့အကြုံများ ပေးစွမ်းခဲ့ပေသည်။

နံပါတ် ၂ ။ ။ ဆင်းရဲနွမ်းပါးဒေသများ၊ သဘာဝအခြေအနေ ဆိုးရွားသော ဒေသများတွင် နေထိုင်သူများအား နေရာပြောင်းရွှေ့၍ ပြန်လည်နေရာချထားပေးခြင်း။ ထိုနေရာချထားမှုဇုန်အသစ်များက ၎င်းတို့၏ နေထိုင်မှုအခြေအနေကို အာမခံချက် အပြည့်အဝ ပေးလာနိုင်ခဲ့ရုံသာမကဘဲ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ပြဿနာများကိုပါ ဖြေရှင်းပေးလာနိုင်ခဲ့သည်။

နံပါတ် ၃ ။ ။ စိုက်ပျိုးရေးကဏ္ဍတွင် အီး-ကော်မာ့စ်များ ဖွံ့ဖြိုးလာခြင်းမှာလည်း တရုတ်ပြည်၏ ဆင်းရဲမှုမှ လွတ်ကင်းလာရေးအခက်အခဲတွင် ထင်ရှားသော အချက်တစ်ချက် ဖြစ်သည်။ အီး-ကော်မာ့စ် ပလက်ဖောင်းများနှင့် လိုက်ဖက်လွှင့်မှုပလက်ဖောင်းများမှတစ်ဆင့် တောင်ပေါ်ဒေသ၊ ဝေးလံခေါင်ဖျားဒေသတို့မှ ဒေသထွက်ကုန်များကို စားသုံးသူများလက်ထဲ လွယ်လင့်တကူ ပို့ဆောင်ပေးလာနိုင်ခဲ့သကဲ့သို့ တောင်သူများကိုလည်း ဆင်းရဲခြင်းမှ လက်တွေ့လွတ်ကင်းလာစေခဲ့ပေသည်။ လက်ရှိတွင် တရုတ်အစိုးရက အီး-ကော်မာ့စ်ဆိုင်ရာ မွမ်းမံသင်တန်းများ ကျင်းပပေးခြင်းနှင့် တောင်သူများအား ကုန်ပစ္စည်းရောင်းချရာတွင် လိုအပ်သော အခြေခံပစ္စည်းကိရိယာများ ပံ့ပိုးပေးခြင်းတို့မှတစ်ဆင့် ကူးသန်းရောင်းဝယ်ရေးကို ဆင်းရဲမှုပယောက်ရေး၏ ရေရှည် ဖြေရှင်းသည့် နည်းလမ်းအဖြစ် အသုံးပြုလာခဲ့သည်။

ဗီယက်နမ်တွင်လည်း ဆင်းရဲမှုလျော့ပါးရေးလုပ်ငန်းသည် ပါတီနှင့်အစိုးရ၏ အရေးကြီးလုပ်ငန်း ဖြစ်ပေသည်။ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ ယနေ့အထိ ကြီးစွာသော အောင်မြင်မှု ရရှိထားပြီ ဖြစ်၏။ အနာဂတ်တွင် ဗီယက်နမ်နှင့် တရုတ် နှစ်နိုင်ငံအနေဖြင့် ပြည်သူတို့၏ ဘဝတိုးတက်ကောင်းမွန်ရေးလုပ်ငန်းတွင် ပြည်သူကို ဆက်လက် ဗဟိုပြု၍ ဒေသအသီးသီး၏ အားသာချက်များကို ကောင်းမွန်စွာ အသုံးချကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို ဖန်တီးရန်၊ ပြည်သူတို့၏ နေထိုင်မှုဘဝ အရည်အသွေးနှင့် အဆင့်အတန်းကို မြှင့်တင်ပေးရန်၊ အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသမှ ပြည်သူများနှင့် တိုင်းရင်းသားသွေးချင်းတို့၏ ဘဝအရည်အသွေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးသွားရန် လိုအပ်ပေသည်။

近年来，反复的疫情给线下演出市场带来持续的压力。线下演出场所关闭，院团、舞团和舞蹈演员开始走进直播间，寻求出路。

在互联网发达的今天，观众不用走进剧院，通过直播平台，就能看到古典舞、芭蕾舞的气韵形神，还能感受拉丁舞、国标舞的热情洋溢，更能跟随街舞主播学习流行舞步。

打开手机看

舞蹈

လက်ကိုင်ဖုန်းဖြင့် အကဖျော်ဖြေမှုများ ရှုစားခြင်း

ယခုနှစ်ပိုင်းတွင် ကိုဗစ်–၁၉ ကပ်ရောဂါ တစ်ကျော့ပြန်ပြန်လည်ဖြစ်ပွားသော အခြေအနေအရပ်ရပ်ကြောင့် အော့ဖ်လိုင်းဖျော်ဖြေရေးစျေးကွက်အပေါ် ဖိအားများစွာ စဉ်ဆက်မပြတ်သက်ရောက်စေပါသည်။ တရုတ်နိုင်ငံ ဖျော်ဖြေရေးလုပ်ငန်းကော်မတီမှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ ယခုနှစ်ပထမသုံးလပတ်ကာလအတွင်း တရုတ်နိုင်ငံ တစ်နိုင်ငံလုံးတွင် ဖျော်ဖြေပွဲအစီအစဉ် ပယ်ဖျက်ခြင်း သို့မဟုတ် ကျင်းပမည့်ရက် ရွှေ့ဆိုင်းခြင်း၏ ပွဲအရေအတွက်သည် ၉၀၀၀ ခန့်ရှိသည်။ ၎င်းမှာ ပထမသုံးလပတ်အတွင်း ပရောဖက်ရှင်နယ်ပြဇာတ်များနှင့် ခေတ်မီဖျော်ဖြေပွဲတို့ အရေအတွက်၏ ၃၀% ရှိပါသည်။ ဖျော်ဖြေပွဲ ကျင်းပသည့် ဇာတ်ရုံများ ပိတ်ထားခြင်းကြောင့် ပြဇာတ်ဖျော်ဖြေရေးအဖွဲ့များ၊ အကအဖွဲ့များနှင့် ကပွဲသရုပ်ဆောင်များသည် လိုက်ဖ်လွှင့်မှုအခန်းကဏ္ဍထဲသို့ ဝင်ရောက်လာကြပြီး လမ်းစရှာလာကြပါသည်။

ကံကောင်းခြင်းတစ်ခုမှာ အင်တာနက်ကွန်ရက်ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ခေတ်ကြီးတွင် ပြဇာတ်ရုံသို့ မသွားဘဲ ပရိသတ်များသည် လိုက်ဖ်လွှင့်မှု ပလက်ဖောင်းမှတစ်ဆင့် ကျက်သရေဂုဏ်ဆောင် ရှေးခေတ်အကများ၊ ဘဲလေးအကများကို ရှုစားနိုင်ပြီ ဖြစ်သည်။ အားမာန်အပြည့်ဖြင့် သွက်လက်သော လက်တင်အက၊ Ballroom dance အကများကိုလည်း ခံစားနိုင်သည်။ လိုက်ဖ်လွှင့်သူထံမှ ခေတ်မီသည့် street dance အကများကိုလည်း လေ့လာသင်ယူနိုင်သည်။ တရုတ်နိုင်ငံ ဘဲလေးအကဗဟိုအသင်း၊ တရုတ်နိုင်ငံ Minzu တက္ကသိုလ် အကအနုပညာကောလိပ်၊ အရှေ့တိုင်းအဆိုအကအသင်း၊ ပေကျင်းယနေ့ခေတ် အကအသင်း၊ ဥဒေါင်းယနေ့ခေတ် အကအသင်း စသည့်အသင်းနှင့် ၎ဌာနအသီးသီးတို့သည်

CFP 图 武瑞 设计

ပရိသတ်တို့၏ ကြိုက်နှစ်သက်မှုကို ရရှိနေသော “အကလိုက်ဖ်လွှင့်သူများ” ဖြစ်ကြသည်။ ယခင်က လူအနည်းစုသာ ကြည့်ရှုခံစားနိုင်သည့်၊ တင့်တယ်သည့် ကပြဖျော်ဖြေတင်ဆက်မှုလက်ရာများသည် အများပြည်သူ အမြဲတမ်း ကြည့်ရှုခံစားနိုင်ပြီး စိတ်ပိုင်းဆိုင်ရာ အာဟာရအနေဖြင့် တဖြည်းဖြည်း အသွင်ပြောင်းလဲလာနေပြီ ဖြစ်သည်။

ထုတ်ပြန်ကြေညာသော ကိန်းဂဏန်းစုစည်းမှုများအရ ၂၀၂၂ ခုနှစ် ဧနီနဝါရီလမှ ဇွန်လအထိ Tik Tok ပလက်ဖောင်းတွင် အကလိုက်ဖ်လွှင့်သူ စုစုပေါင်းဦးရေ ၀.၃၆ သိန်းကျော်တို့၏ စုစုပေါင်း လိုက်ဖ်လွှင့်တင်ဆက်ချိန် ၉၀.၄၂ သန်းနာရီ ရှိသည်။ ကပွဲတင်ဆက်မှု၏ စုစုပေါင်းအရေအတွက်မှာ ၅.၀၅ သန်း ရှိသည်။ ပွဲကြည့်သူဦးရေ ၁၉၉၀ သန်းကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ ၎င်းအနက် အကလိုက်ဖ်လွှင့်တင်ဆက်သူ ၇၀%တို့သည် ဝင်ငွေများ ရရှိနေကြသည်။

ပုံ ၁။ အွန်လိုင်းလိုက်ဖ်လွှင့်သူတစ်ဦးသည် ချုချင့်မြို့ နန်အန်ဇုန် ချန်ကျားဟွေ ရှုခင်းမျှော်စင်တွင် အကဖျော်ဖြေမှုကို လိုက်ဖ်လွှင့်နေစဉ်။

图① 在重庆市南岸区长嘉汇观景台，一名网络主播正在直播跳舞 CFP 图

ပုံ ၂၊ ၃၊ ၄၊ ၅၊ ၆။ လိုက်ဖ်လွှင့်မှုပလက်ဖောင်း၏ အကကကွက်များကို တွေ့ရစဉ်။

图②③④⑤⑥ 网络平台上的舞蹈作品 网络截图



②

③



④

⑤

⑥

ဗီဒီယို ကြည့်ရန် QR ကုဒ်ကို
စကင်ဖတ်ပါ။
扫二维码看视频

နာမည်ကျော် အကမင်းသားနှင့် မင်းသမီးများ

舞蹈新明星

လိုက်ဖ်လွှင့်မှုအခန်းများသည် “အကဇာတ်စင်အသစ်” အနေဖြင့် ရပ်တည်လာပြီ ဖြစ်သည်။ ယခင်က ဇာတ်ရုံ၌ ကပြတင်ဆက်မှုများ ဖျော်ဖြေသည့်အခါတွင် ပရိသတ်များ၏ အာရုံစိုက်မှုသည် အဓိကဇာတ်ကောင်များအပေါ်တွင်သာ ထားရှိကြပါသည်။ ယခုအခါ လူတိုင်းလူတိုင်းသည် လိုက်ဖ်လွှင့်မှုအခန်းများတွင် အလယ်ဗဟိုနေရာကောင်း၌ ကပြနိုင်ကြသည်။ စတိုင်လ် ကိုယ်စီရှိသော အကတင်ဆက်သူများအားလုံးကို ပရိသတ်များက ဂရုစိုက်နိုင်မည် ဖြစ်သည်။ လိုက်ဖ်လွှင့်မှုပလက်ဖောင်းဖြင့် အကတင်ဆက်သူများစွာသည် “နာမည်ကျော် အကမင်းသားနှင့် မင်းသမီးများ” ဖြစ်လာကြပါသည်။

“လက်မနဲ့ လက်ညှိုးကို ထိပြီး မိုးကောင်းကင်ဘက်

①

သို့ ညာဘက် လက်ညွှန်ပါ။ ဘယ်ဘက်လက်ကို ရင်ဘတ်ရှေ့မှာ ထားပြီး ကိုယ်ခန္ဓာ ယိမ်းနွဲ့လျက် ခြေလှမ်း စည်းချက်တစ်ချက်၊ နှစ်ချက်...”ဟု ဂျင်ဟွိုင်က Tik Tok လိုက်ဖ်လွှင့်မှုအခန်းထဲမှ ပြောဆိုရင်းနှင့် ကိုယ်အမှုအရာဖြင့်လည်း မရပ်မနား သင်ကြားပို့ချပေးနေပါသည်။ နေ့စဉ်ညတိုင်း ၉ နာရီအချိန်တွင် သူသည် လက်ကိုင်ဖုန်းဖြင့် အခြေခံကကွက်များကို တစ်နာရီကြာ သင်ကြားပို့ချပေးလေ့ရှိသည်။ ဂန္ဓဝင်အကများဖြင့် ၂ နာရီခန့် ဖျော်ဖြေလျက်ရှိသည်။ သူသည် အိပ်ယာမဝင်မီ အချိန်သုံးနာရီခန့်ကို ယခုပုံစံအတိုင်း လုပ်ဆောင်ခဲ့သည်မှာ ၂ နှစ်ကြာခဲ့ပြီ ဖြစ်သည်။ အင်တာနက်ကွန်ရက် ဖွံ့ဖြိုးတိုးတက်သည့် ခေတ်ကာလ၌ ၁၉၉၀ ပြည့်လွန်နှစ်များတွင် မွေးဖွားသူတစ်ဦးအနေနှင့် ဂျင်ဟွိုင်သည် မိမိ၏ အကကကွက်ဗီဒီယိုများကို အင်တာနက်ပေါ်တွင် အမြဲ တင်ဆက်မျှဝေလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် သူသည် Tik Tok ပေါ်တွင် မိမိ၏ အကကကွက် ဗီဒီယိုအတိုလေးများကို မျှဝေပြီးချိန်မှ စတင်ကာ သူ၏ အကတင်ဆက်သူ ဘဝသစ်တစ်ခု၏ တံခါးပေါက်ကို ဖွင့်လှစ်လိုက်သဖွယ်ဖြစ်သည်။ သူသည် ဟာအော်ပင် ဘုရားကျောင်းဆောင်အရှေ့၊ တရုတ်နှစ်သစ်ကူး မီးပုံးပွဲတော် လပြည့်ည မီးရောင်အောက်တွင် ရင်သပ်ရှုမောဖွယ်ရာ အကများကို ကပြတင်ဆက်ခဲ့သည်။ ထောင်သောင်းနှင့်ချီသော အားပေးကျသည့် ပရိသတ်များသည် သူ့ကို like များပေးခဲ့ကြသည်။ “ကိုယ်ရဲ့ကပြတင်ဆက်မှုကို လူတွေဒီလောက်များတောင် ကြိုက်နှစ်သက်ကြတာလားဆိုပြီး အဲဒီအချိန်မှာ သိလိုက်ရတယ်။” ဂျင်ဟွိုင်သည် အိမ်ပြင်ထွက်တိုင်း ကျောပိုးအိတ်ထဲ၌ အကဝတ်စုံ တစ်စုံ အမြဲ ထည့်ထားလေ့ရှိပါသည်။ သင့်တော်သည့် နောက်ခံရှုခင်းများကို တွေ့လျှင် အချိန်မရွေး ကပြတင်ဆက်မှုကို ဖျော်ဖြေနိုင်ရန်အတွက် ဖြစ်ပါသည်။ “ဟာအော်ပင်မြို့က အထင်ကရနေရာအစုံမှာ ကျွန်တော် ကဖူးပြီးပါပြီ။ နောက်ပိုင်းမှာ ရှန်ဟိုင်း၊ တာ့လီ၊ စန်ရ စတဲ့ ဒေသတွေကို ရောက်ဖူးခဲ့တယ်။ တောင်ပေါ် မြစ်ကမ်းနားဘေးနေရာတွေမှာ ကဖူးတယ်။ အက ကတဲ့အခါမှာ တစ်မူထူးခြားတဲ့ ခံစားမှုကို ရရှိလိုက်တယ်။ ဥယျာဉ်၊ ဈေးတန်းစတဲ့ လူစည်ကားတဲ့ နေရာတွေမှာ ကပြဖျော်ဖြေပေးတဲ့အတွက် လူတော်တော်များများက ကြိုက်နှစ်သက်ကြတယ်။” ဂျင်ဟွိုင်သည် သူ့ကိုယ်သူ “ကျောပိုးအိတ်လွယ်တစ်ကိုယ်တော် အကတင်ဆက်သူ”ဟု ခံယူထားသည်။ သူ၏ အကတင်ဆက်မှု၊ ဆွဲဆောင်မှုတို့ကြောင့် Tik Tok ပေါ်တွင် fan ဦးရေ ၇ သိန်းခန့်ရှိပြီး ဗီဒီယိုအတို မျှဝေမှုကို like ပေးထားကြသူဦးရေ စုစုပေါင်း ၁၀ သန်းကျော်ရှိပါသည်။

ဂျင်ဟွိုင်သည် လိုက်ဖ်လွှင့်မှုဖြင့် အကတင်ဆက်သူ ဘဝကို ဆက်လက် ရှင်သန်စေနိုင်ပါသည်ဟု ဆိုရလျှင် အောင်တာလီသည်လည်း လိုက်ဖ်လွှင့်မှုဖြင့် လုပ်ငန်း ပြောင်းလဲလုပ်ဆောင်ခဲ့သူဟု ဆိုရပေမည်။ တာလီသည် ယခင်ကချိန်တူမြို့မှ အကဆရာတစ်ဦး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု အခြေအနေကြောင့် အတန်း မဖွင့်လှစ်

ပုံ ၁။ တရုတ်ဘဲလေးအကဇာတ် ဖြစ်သည့် “ကြိုးကြာအက”။

图① 中国芭蕾舞剧“鹤魂” CFP 图

ပုံ ၂။ ကျန်းစူးပြည်နယ် လျိန်ယွင်ကမ်မြို့ လျိန်ယွင်ဇုန်မှ အကလေ့ကျင့်သင်တန်းပေးရေးအဖွဲ့တစ်ဖွဲ့သည် အွန်လိုင်းမှတစ်ဆင့် အကသင်ကြားပို့ချမှုကို လိုက်ဖ်လွှင့်နေစဉ်။

图② 江苏省连云港市连云区一家舞蹈培训机构通过网上直播进行舞蹈教学 中新社 图

နိုင်သည့်အတွက်ကြောင့် သူမသည် Tik Tok လိုက်ဖ်လွှင့်မှုကို စတင်စမ်းသပ်လုပ်ဆောင်ခဲ့ပါသည်။ တရုတ်အက၊ လက်တင်အက အစရှိသော အကမျိုးစုံကို တာလီ စမ်းကခဲ့ဖူးသည်။ သို့သော် ပရိသတ်များ၏ ကြိုက်နှစ်သက်မှုကို မရခဲ့ပါ။ တစ်နေ့တွင် သူမသည် တွင်ဟွမ်အကကို အနည်းငယ် စမ်းကကြည့်လိုက်သောအခါတွင် မထင်မှတ်ဘဲ ပရိသတ်များစွာ၏ ကြိုက်နှစ်သက်မှုကို ရရှိခဲ့သည်။ အကကြည့်ရှုသည့် ပရိသတ်ဦးရေသည် ၈ သောင်း၊ ၁ သိန်း၊ ၃ သိန်း စသည်ဖြင့် လျင်မြန်စွာ တိုးမြင့်လာခဲ့သည်။ တွင်ဟွမ်အက လိုက်ဖ်လွှင့်မှု ၃ ရက်တာ အချိန်ကာလအတွင်း ဗီဒီယိုကြည့်ရှုသူဦးရေသည် ဒုံးပျံစီးနင်းသကဲ့သို့ အရှိန်အဟုန်ဖြင့် တိုးမြင့်လာပါသည်။ အင်တာနက်တွင် တွင်ဟွမ်အကဖြင့် ပထမဆုံး လိုက်ဖ်လွှင့်အကတင်ဆက်သူအနေဖြင့် ပရိသတ်များအတွက် အခန်းတွင် လိုက်ဖ်လွှင့်ပေးသည်မှာ ကန့်သတ်ချက်များရှိကြောင်း သူမ သတိပြုမိခဲ့သည်။ ထို့ကြောင့် သူမသည် ရှေ့သို့ ဆက်လက်လျှောက်လှမ်း၍ ပိုးလမ်းမကြီးကို တစ်ကျော့ပြန် လျှောက်လှမ်းပြီး အပြင်ဘက်တွင် လိုက်ဖ်လွှင့်ရန်၊ လိုက်ဖ်လွှင့်မှုအခန်းထဲမှ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကမ္ဘာသို့ တင်ဆက်ရန် အကြံဖြစ်ခဲ့ပါသည်။ တာလီသည် အသေးစိတ် ရွေးချယ်ခဲ့သည်။ ရွှရာချမ်၊ ယုမိန်ကွမ်၊ ရန်ကွမ် စသည့်ရှုခင်းသာနေရာများကို လိုက်ရှာရွေးချယ်ပြီး အဆိုပါရှုခင်းသာနေရာများကို နောက်ခံထား၍ တွင်ဟွမ်အကကို လိုက်ဖ်လွှင့်ခဲ့သည်။ သူမသည် နောက်ခံရှုခင်းများနှင့်အတူ သူမ၏ အကကကွက်များကို လိုက်ဖ်လွှင့်မှုဖြင့် ပရိသတ်များကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ၏ သဘာဝအလှတရားများ ခံစားကြည့်ရှုနိုင်ရန် ဆွဲဆောင်ခဲ့ပါသည်။ တစ်လတာအချိန်ကာလအတွင်း သူမ၏ ဗီဒီယိုများ ကြည့်ရှုမှု အကြိမ်ရေ ၈ သန်းခန့် ရောက်ရှိသွားခဲ့ပါသည်။

ပေကျင်းအကအနုပညာကောလိပ် လူငယ်အကအဖွဲ့မှ မာကျောင်လုံသည် လွန်ခဲ့သော နှစ်အနည်းငယ်က ဆရာအနေဖြင့် အင်္ဂလန်သို့ အလုပ်တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်းခံခဲ့ရသည်။ အဆိုပါဒေသတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် သူသည် အွန်လိုင်းမှတစ်ဆင့် သင်ကြားပို့ချပေးသည်ကို ပြောင်းလဲလာသည်။ သင်ကြားရေးအတွက် ကိုယ်ပိုင်ဟန်ပုံသဏ္ဌာန် မှန်ကန်စေသော်လည်း နေထိုင်သည့်နေရာ အကန့်အသတ်ရှိသောကြောင့် ကကွက်များစွာကို လွတ်လပ်စွာ ကပြသင်ကြားပေးရန် အခက်အခဲရှိသည်။ သူ၏ "မြို့ပြအကတင်ဆက်မှု"သည် ထိုကဲ့သို့သော အချိန်အခါမျိုးတွင် ဖြစ်ပေါ်လာပါသည်။ သူသည် ခရီးသွားများကို ဆွဲဆောင်သော ရှုခင်းသာယာလှပသည့် ဂရင်းနစ်ပန်းခြံထဲတွင် အကဗီဒီယိုတစ်ခုကို ရိုက်ကူးခဲ့ပြီး လူမှုမီဒီယာပေါ်သို့ မျှဝေလိုက်သည်။ လူအများ၏ ကြိုက်နှစ်သက်မှုကို ရရှိခဲ့သည်။ "ဒီလူက ပျံတတ်တယ်။" မာကျောင်လုံ၏ Tik Tok ဖွင့်လိုက်သည်နှင့် ကောမန့်အားလုံးနီးပါးက အံ့အားသင့်သော စကားများကိုသာ မြင်တွေ့ရပါသည်။ ဗီဒီယိုထဲတွင် သူသည် သူ၏ နာမည်နှင့် လိုက်အောင် ခုန်ပျံ၍ ကနေလျက်ရှိသည်။ မိုးကောင်းကင်ပေါ်တွင် နဂါးတစ်ကောင် ပျံသန်းနေသကဲ့သို့ ခွန်အားအပြည့် ရှိသပါည်။ သူသည် အပြင်ဘက်တွင် အက ကရသည်ကို ကြိုက်နှစ်သက်ကြောင်း၊ သဘာဝတရားနှင့် ပိုပြီး နီးစပ်သည်သာမက ဒေသခံများကို သူ၏ အကအား စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်ကြောင်း မာကျောင်လုံက ပြောသည်။ ယခုအချိန်တွင် ဗီဒီယိုရိုက်ကူးကာ မျှဝေပေးသည်မှာ သူ၏ လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်နေခဲ့သည်။ ဒီထက်များသော ပရိသတ်များထံသို့ အထူးသဖြင့် နိုင်ငံခြားသားပရိသတ်များထံသို့ တရုတ်နိုင်ငံ၏ ရှေးခေတ် အကများကို တင်ဆက်ပေးလိုသော ဆန္ဒရှိသည်။ ထိုလုပ်ရပ်သည် မြို့ပြအကတင်ဆက်မှု တစ်ခုတည်းသာ မဟုတ်ဘဲ "တရုတ်အကတင်ဆက်သူတစ်ဦးက အနီရောင်ယပ်တောင်ကို ကိုင်ထားကာ လက်ဝှေ့ရှည် ရိုးရာအကဝတ်စုံများနဲ့ အနောက်တိုင်းရှုခင်းသာယာတဲ့ အဆောက်အဦးတွေနဲ့ ပေါင်းစပ်ထားခြင်း ဖြစ်ပါတယ်။ ဒါက အရှေ့တိုင်းနဲ့ အနောက်တိုင်းရဲ့ တစ်မူထူးခြားတဲ့ ပုံစံနဲ့ ရောနှောနေခြင်း ဖြစ်တယ်"ဟု မာကျောင်လုံက ခံယူထားပါသည်။

အကတင်ဆက်သူများ၏ ''ဝင်ငွေသစ်များ''

舞者新收益

ဧရိယာ ၃၁ ရက်နေ့ ညပိုင်းအချိန်တွင် ''၂၀၂၂ ခုနှစ် Tik Tok အကလိုက်ဖ်လွှင့်မှု အမွေဆက်ခံခြင်း–နှစ်ပေါင်းထောင်ချီကဟန် '' ခေါင်းစဉ်ဖြင့် ပြပွဲတစ်ရပ်ကို ယူနန်ရင်ရှမ်ပြဇာတ်ရုံတွင် ကျင်းပခဲ့သည်။ အကတင်ဆက်သူ ရန်လီဖျိန်သည် ပွဲကြည့်ပရိသတ်များအတွက် ပြဇာတ် ''ပဟေဠိ Xizang''အတွင်းရှိ ''ရှလာအက''အပိုင်းကို ကပြတင်ဆက်ခဲ့ပါသည်။ Tik Tok အကတင်ဆက်သူ ၁၇ ဦးနှင့်အတူ ပရိသတ်များအတွက် တစ်မူထူးခြားသည့် ကပွဲတစ်ခုကို တင်ဆက်ပေးခဲ့သည်။ ယခင်က ဇာတ်ရုံအတွင်း ကပွဲကျင်းပသည့်အခါတွင် ထိုင်ခုံနေရာ အကန့်အသတ် ရှိသည်။ ယခုတွင် လိုက်ဖ်လွှင့်မှုအခန်းထဲ၌ ကပွဲတင်ဆက်လျှင် လူပေါင်းထောင်သောင်းမက ကြည့်ရှုခံစားနိုင်ပါသည်။ အရပ်ဒေသအသီးသီးမှ အွန်လိုင်းမိတ်ဆွေများသည် အွန်လိုင်းပေါ်မှ တစ်ဆင့် ကပွဲကြည့်ရှုသူပရိသတ် အသစ်များ ဖြစ်လာကြသည်။ ယခင်က ဇာတ်ရုံအတွင်း ကပွဲကျင်းပသည့်အခါတွင် လက်ခုပ်သံများနှင့် ပန်းစည်းများကို လက်ခံရရှိသည်။ ယခုအချိန် လိုက်ဖ်လွှင့်မှုအခန်းထဲ၌ ကပွဲတင်ဆက်သည့်အခါတွင် လက်ဆောင်၊ ကောမန့်များ လက်ခံရရှိကြသည်။ ပရိသတ်များသည် သစ်လွင်သော နည်းစနစ်ပုံစံအသစ်ဖြင့် အကတင်ဆက်သူများ၏ တင်ဆက်မှုများအတွက် ချီးမြှင့်ငွေများ ပေးကြသည်။ လိုက်ဖ်လွှင့်မှုကြောင့် အကတင်ဆက်သူများသည် အကအဖွဲ့မှ ပေးအပ်သည့် လစာအပြင် အခြားသော ဝင်ငွေအသစ်များကို ရရှိစေပါသည်။ ထိုကဲ့သို့သော ဝင်ငွေများ တိုးပွားရရှိခြင်းကြောင့် လူငယ်အကတင်ဆက်

သူများ၏ စားဝတ်နေရေးကို အဆင်ပြေစေပြီး အနုပညာ လေ့လာသင်ယူမှုလမ်းကြောင်းပေါ်သို့ ကောင်းမွန်စွာ ဆက်လက်လျှောက်လှမ်းသွားစေရန် အထောက်အကူ ဖြစ်စေပါသည်။

ယခုနှစ်ပိုင်းတွင် အွန်လိုင်းပေါ်တွင် “ Cloud Performance” ပြဇာတ်ရုံဖွင့်ခြင်းသည် ဖျော်ဖြေရေးဌာနနှင့် အသင်းအဖွဲ့များအကြား ရေပန်းစားလာကြသည်။ အစပိုင်းအချိန်တွင် အွန်လိုင်းပြဇာတ်ရုံ ဖွင့်လှစ်ခြင်းသည် မလွဲမရှောင်သာသည့် လုပ်ရပ်တစ်ခုသာ ဖြစ်သည်။ သို့သော် ယခုအချိန်တွင် ပုံမှန်ရွေးချယ်မှုတစ်ရပ် ဖြစ်လာသည်။ ထို့အတူ “Cloud Performance” ပြဇာတ်ရုံတင်ဆက်မှု စနစ်သည်လည်း ပြောင်းလဲမှုများ ရှိလာသည်။ ယခင်ကကြိုတင်ရိုက်ကူးထားသည့် ဗီဒီယိုများကို အွန်လိုင်းပေါ်သို့ တင်ခြင်းမှ နည်းပညာအကူအညီဖြင့် တင်ဆက်မှုပုံစံ အသစ်သို့ အသွင်ပြောင်းလဲလာကြသည်။ ပရိသတ်များ၏ ကြည့်ရှုမှုနှင့် ကပြတင်ဆက်မှုတို့၏ ဆက်နွယ်မှုများကို စူးစမ်းရှာဖွေလာကြပါသည်။ “Cloud Performance” ပြဇာတ်ရုံသည် သီးခြားတင်ဆက်မှုပုံစံတစ်ရပ်အနေဖြင့် ဖြည်းဖြည်းချင်း ရပ်တည်လာနိုင်ပြီ ဖြစ်သည်။

မကြာသေးခင်က စီချွမ်ပြဇာတ်ရုံကြီးသည် “ Cloud Theatre” ပြဇာတ်ရုံပုံစံဖြင့် “နိုးလော့ ခြသေ့” ပြဇာတ်ကို တင်ဆင်ခဲ့သည်။ ပရိသတ်များ၏ ကြည့်ရှုမှုနှင့် ကပြတင်ဆက်မှုတို့၏ ဆက်နွယ်မှုအတွက် စူးစမ်းမှုကြီးတစ်ရပ် ဖြစ်ပါသည်။ “စတိအနေဖြင့် တရုတ်ယွမ် တစ်ယွမ်မျှသာ ကောက်ခံခြင်း”ဟူသော ကြော်ငြာများသည် အင်တာနက်မှတစ်ဆင့် လျင်မြန်စွာ ပျံ့နှံ့သွားသည်။ အချိန်တိုအတွင်း WeChat Moment ထဲသို့ပါ ပျံ့နှံ့သွားပါသည်။ နောက်ဆုံးတွင် အွန်လိုင်းပေါ်မှ ကြည့်ရှုသူဦးရေသည် ၃.၄ သန်းအထိ မြင့်တက်သွားခဲ့ပြီး like များ ပေါင်း ၁.၄ သန်းရရှိခဲ့သည်။ ကောမန့်နှင့် မျှဝေမှုသည် ၅၃၈၀၀ ကျော်ပါသည်။ လူမှုမီဒီယာများတွင် ၎င်းနှင့် သက်ဆိုင်သည့် သတင်းများကို လူအများ စိတ်ဝင်စားနေကြပါသည်။

ပြဇာတ်နှင့် လုံးဝ ထိတွေ့မှု မရှိသော ပရိသတ်များ အနေဖြင့် “ စတိအနေဖြင့် တရုတ်ယွမ် တစ်ယွမ်မျှသာ ကောက်ခံခြင်း”သည် လိုက်ဖလွင့်မှုကို ကြည့်ရှုနိုင်ပြီး အကအနုပညာနှင့် ထိတွေ့ခွင့် ရရှိစေသည်။ ပြဇာတ်နှင့် အကအကြောင်း လေ့လာခွင့်တံခါးကို ဖွင့်လှစ်ပေးလိုက်သည်။ အဆိုပါ “Cloud Theatre” ပြဇာတ်ရုံတင်ဆက်

မှုကြောင့် ပွဲကြည့်ပရိသတ်အသစ်များကို ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။ “ယခင်က ပြဇာတ်အကတင်ဆက်မှုများကို ပြဇာတ်ရုံတွင်သာ ကျင်းပလေ့ရှိသည်။ အားလပ်ချိန်ရှိသော၊ ကပွဲကြည့်ရှုမှု ဝါသနာပါသော ပရိသတ်များကသာ လက်မှတ်ဝယ်ယူပြီး ပွဲကြည့်ကြလေ့ရှိသည်”ဟု တရုတ်နိုင်ငံ Minzu တက္ကသိုလ် အကအနုပညာကောလိပ်မှ တာဝန်ရှိသူ မာယွမ်ရှာက ပြောကြားသည်။ ယခုအချိန်တွင် လက်ကိုင်ဖုန်းဖွင့်လိုက်သည်နှင့် ကပွဲကြည့်ရှုခံစားနိုင်ပြီ ဖြစ်ပါသည်။ ကောမန့်များဖြင့် အကတင်ဆက်သူများကို ချီးမွမ်းဂုဏ်ပြုစကားများ ရေးသားချီးမြှောက်နိုင်ပါသည်။ ပြဇာတ်ရုံမှ လိုက်ဖလွင့်မှုအခန်းအထိ အသွင်ပြောင်းလဲလာသည့်အခါ ကပွဲကြည့်ရှုသူပရိသတ်ဦးရေ တိုးပွားလာခဲ့ပါသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

ပုံ ၁။ တရုတ်နိုင်ငံ၏ အတိုင်းအတာ ကြီးမားသော တိုင်းရင်းသားအကဇာတ် ဖြစ်သည့် “ခြသေ့နိုးကြားခြင်း”။

图① 中国大型民族舞剧《醒·狮》CFP 图

ပုံ ၂။ ကျန်းစူးပြည်နယ် လျိန်ယွင်ကမ်မြို့ လျိန်ယွင်ဇုန်မှ အကလေ့ကျင့်သင်တန်းပေးရေးအဖွဲ့တစ်ဖွဲ့သည် အွန်လိုင်းမှတစ်ဆင့် အကသင်ကြားပို့ချမှုကို လိုက်ဖလွင့်နေစဉ်။

图② 江苏省连云港市连云区一家舞蹈培训机构通过网上直播进行舞蹈教学 人民视觉 图

ပုံ ၃။ အကသရုပ်ဆောင်တစ်ဦးသည် အွန်လိုင်းမှတစ်ဆင့် မွန်ဂိုတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအက ဖြစ်သော “ဆာအူလ်သိန်”ကို လိုက်ဖလွင့်နေစဉ်။

图③ 一位舞蹈演员通过互联网直播蒙古族传统舞蹈《萨吾尔登》中新社 图

သာယာလှပသော တယ်ဟုန်တွင် ကြည်လင်သောရေ၊ စိမ်းလန်းသော တောင်တန်းများနှင့် ပြည့်နှက်နေပြီး ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်အကြောင်း ဖော်ပြလျက်ရှိ

美丽德宏
讲述绿水青山好故事

本刊记者 熊燕 郭瑶 张莹琳 王欢 / 文 李文君 / 图

阳光下户撒的五彩稻田、雨后三台山青翠欲滴的茶园、华灯初上后人流如织的芒市傣族古镇摆勐傣民俗体验街、假日里一房难求的出冬瓜村民宿、如火如荼的盈江观鸟经济……走进云南省德宏傣族景颇族自治州，仿佛走进一幅美丽的生态山居长图。生态保护带来的真金白银、文旅融合带动的乡村振兴，在长图中一目了然。近年来，德宏州生态保护的底色更足，民族文化保护和特色产业发展动能强劲，着力描绘乡村振兴、活力迸发的边疆新景。

နေရောင်အောက်တွင် ဟူဆားကျေးရွာ၏ ရောင်စုံစပါးစိုက်ခင်းများ၊ မိုးရွာပြီးနောက် စိမ်းစိုနေသည့် စန်ထိုက်ဆန်းကျေးရွာအုပ်စုအဖွဲ့၏ လက်ဖက်ခြံများ၊ ထွန်းလင်းတောက်ပပြီး လူများသွားလာလည်ပတ်နေသော မန်စီ တိုင်လူမျိုးရှေးဟောင်းမြို့လေးရှိ ပိုင်မန်တိုင် ရိုးရာဓလေ့များလေ့လာမှုစျေးတန်းများ၊ ရုံးပိတ်ရက်များတွင် အခန်းရှာရခက်သော ချူတုန်ကွာကျေးရွာ၏ ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာ၊ ရင်ကျန်းခရိုင်တွင် အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော ငှက်ရှုစားမှုစီးပွားရေး စသည်တို့ကြောင့် ယူနန်ပြည်နယ် တယ်ဟုန် တိုင်၊ ဂျိမ်းဖောတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲသို့ ဝင်ရောက်လည်ပတ်လျှင် သာယာလှပသော သဘာဝတောတောင်ရေမြေ ပန်းချီကားချပ်ထဲသို့

ရှောက်ရှိနေသကဲ့သို့ပင် ခံစားနိုင်ပေသည်။ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးမှ ဆောင်ကြဉ်းလာသော ရွှေငွေစစ်စစ်၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်မှုမှ တွန်းအားပေးသော ကျေးလက်ဒေသ ပြန်လည်ရှင်သန်လာခြင်းတို့မှာ အဆိုပါပန်းချီကားချပ်တွင် အလွန် ထင်ရှားသည်။ ယခုနှစ်ပိုင်းတွင် တယ်ဟုန်ပြည်နယ်ခွဲ၏ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးမှာ ပိုပြီး အာရုံစိုက်လာကာ တိုင်းရင်းသားယဉ်ကျေးမှုကာကွယ်ရေးနှင့် ထူးခြားသော ကုန်ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့၏ မောင်းနှင်အားမှာလည်း ပိုပြီး အားကောင်းလာပါသည်။ ကျေးလက်ဒေသ ပြန်လည်ရှင်သန်လာခြင်းနှင့် ခွန်အားပြည့်သော နယ်စပ်ဒေသတို့၏ အလှတရားအသစ်များကို တစိုက်မတ်မတ် ပုံဖော်လျက်ရှိပါသည်။

လက်တွဲကာ တစ်ကြိမ်မျှ ပူးပေါင်းဆောင်ရွက်မှု ဖြင့် ကျေးလက်တောရွာ၏ အပြောင်းအလဲကြီးများ ဆောင်ကြဉ်းလာခဲ့

一次牵手带来的山乡巨变

ဆောင်ဦးရာသီ၏ အလယ်ပိုင်းကာလတွင် မိုးရွာနေသည်။ တယ်အောင်းတိုင်းရင်းသားတို့၏ လက်ဖက်ချဉ် (ကစော်ဖောက်သည့် လက်ဖက်)ထုတ်လုပ်မှု အတတ်ပညာ ပြည်နယ်ခွဲအဆင့် အမွေအနှစ်ဆက်ခံသူ ကျောက်လှထွေး၏ အိမ်သို့ လှမ်းကြည့်ရာ သူသည် လက်ဖက်ချဉ်ကို ပြုလုပ်လျက်ရှိနေသည်။ အသစ်တည်ဆောက်သော ganlan-styled နှစ်ထပ်အဆောက်အဦးများသည် မူလက သစ်သားအိမ်ကို အစားထိုးခဲ့သည်။ ဤနေရာသည် ကျောက်လှထွေးမှ ဧည့်သည်တော်များအား ဧည့်ခံသော ရိုးရာအခန်းပုံစံဖြစ်သော အပန်းဖြေစခန်း ဖြစ်ပြီး စားပွဲ ၁၀ လုံးမက ခင်းကျင်းနိုင်သည်။ “စနေ၊ တနင်္ဂနွေနေ့တိုင်း ဒီမှာက အရမ်းစည်ကားလှတယ်။ ထမင်းလာစားတဲ့သူရော လက်ဖက်ချဉ်ရေနွေးကြမ်း လာသောက်တဲ့သူပါ များစွာ ရှိတယ်။ တစ်ချို့က မန်စီနယ်သူနယ်သားတွေဖြစ်ပြီး တစ်ချို့ကတော့ ပြင်ပက ခရီးသွားဧည့်သည်တွေ ဖြစ်တယ်။ ကျွန်ုပ်တို့ တယ်အောင်းတိုင်းရင်းသား လက်ဖက်ချဉ်ဟာ အခုအချိန်မှာ အရမ်းနာမည်ကြီးပါတယ်။ နိုင်ငံတစ်ဝှမ်းလုံးက ဧည့်သည်တွေက ကျွန်တော်တို့ဆီမှာ လာဝယ်ကြနေပါတယ်။” ယခင်က စကားပြော သိပ်မကျွမ်းကျင်သော ကျောက်လှထွေးသည် ယခုတွင်မူ မိမိကိုယ်မိမိယုံကြည်မှု ပို၍ ရှိလာကာ ဟာသနောလာတတ်ပါသည်။ သူ့မိသားစုသည် တစ်နှစ်လျှင် လက်ဖက်ချဉ် ၃၀၀ ကီလိုဂရမ်ခန့် ထုတ်လုပ်နိုင်ပြီး ၁ ကီလိုဂရမ်လျှင် တရုတ်ယွမ် ၈၈၀ ဖြင့် ရောင်းချနိုင်သည်။ ၎င်းအနက် သူ ဖွင့်လှစ်ထားသည့် ရိုးရာအခန်းပုံစံဖြစ်သော အပန်းဖြေစခန်းသည် ၂၀၀ ကီလိုဂရမ်ခန့်အား အသုံးပြုပြီး ကျန်သည့် လက်ဖက်ချဉ် ၁၀၀ ကီလိုဂရမ်ကျော်အား ရောင်းချလိုက်သည်။ တစ်နှစ်လျှင် လက်ဖက်ချဉ်ရောင်းရဝင်ငွေမှာ တရုတ်ယွမ် ၂ သိန်း ဝန်းကျင်ရှိပါသည်။

ချူတုန်ကွာကျေးရွာ၌ ဤကဲ့သို့သော တယ်အောင်းတိုင်းရင်းသားအိမ်ထောင်စု များစွာ ရှိပါသည်။ အဆိုပါကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုအသစ် ဖြစ်မြောက်နိုင်ခဲ့သည်မှာ ရှန်ဟိုင်းမြို့မှ မန်စီမြို့ စန်ထိုက်ဆန်းကျေးရွာအုပ်စုအဖွဲ့ တယ်အောင်းတိုင်းရင်းသား ယဉ်ကျေးမှုထုတ်လုပ်မှုလုပ်ငန်းတည်ဆောက်ရေးစီမံကိန်း၏ အထောက်အပံ့ပြုခြင်းကြောင့်ပင် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်မှစတင်ပြီး ရှန်ဟိုင်းမြို့မှ စန်ထိုက်ဆန်းကျေးရွာအုပ်စုအဖွဲ့အား သီးသန့်ကူညီပံ့ပိုးမှုကို ဆောင်ရွက်ကာ တရုတ်ယွမ် ၇၂ သိန်းအားရင်းနှီးမြှုပ်နှံခဲ့သည်။ ချူတုန်ကွာကျေးရွာ၌ တယ်အောင်းတိုင်းရင်းသား လက်ဖက်ချဉ် လေ့လာမှုစင်တာကို တည်ဆောက်ကာ အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တယ်အောင်းတိုင်းရင်းသားလက်ဖက်ချဉ်ထုတ်လုပ်မှု အတတ်ပညာကို ထိန်းသိမ်းဆက်ခံရန်နှင့် ဘက်ပေါင်းစုံမှနေ၍ တစ်ရွာလုံး၏ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှင်သန်

ပုံ ၁။ ယူနန်ပြည်နယ် တယ်ဟုန် တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ မန်စီမြို့ စန်ထိုက်ဆန်းကျေးရွာအုပ်စုအဖွဲ့ ချူတုန်ကွာကျေးရွာ၏ ရိုးရာအခန်းပုံစံဖြစ်သော တည်းခိုရိပ်သာကို တွေ့ရစဉ်။

图① 云南省德宏傣族景颇族自治州芒市三台山乡出冬瓜村民宿

ပုံ ၂။ တယ်ဟုန်ပြည်နယ်ခွဲ သဘာဝဂေဟယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတပြန့်ပွားရေးပညာပေးပြခန်းကို တွေ့ရစဉ်။

图② 德宏州生态文明科普教育展厅

ပုံ ၁။ တိုင်းရင်းသား လက်မှုပညာလက်ရာ ဖြစ်သော တယ်အောင်းအထည်ရက်ခြင်းကို တွေ့ရစဉ်။

图① 民族工艺德昂织布

ပုံ ၂။ စန်ထိုက်ဆန်း တယ်အောင်းတိုင်းရင်းသား ကျေးရွာအုပ်စုအဖွဲ့ကို တွေ့ရစဉ်။

图② 三台山德昂族乡

စေရန် ရည်ရွယ်ထားပါသည်။ ချူတုန်ကွာကျေးရွာသည် ကျင့်ချီကုမ္ဗဏီကို ထူထောင်ကာ ဟွာကျန်းကုမ္ဗဏီနှင့်အတူ လီတာ့အောင်းခရီးသွားကုမ္ဗဏီကို ပူးပေါင်းတည်ထောင်ခဲ့ရာ အရည်အသွေးမြင့် ခရီးသွားစီမံကိန်းများမှာ ဖွံ့ဖြိုးတိုးတက်လာပါသည်။ ယင်းစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ရန် အနီးအနားရှိ အိမ်ထောင်စု ၅၅ စုတို့မှ ရွာသူရွာသား ၂၁၀ ဦးကိုလည်း ခေါ်ယူခဲ့ပါသည်။ ယခုနှစ် အလုပ်သားများနေ့ (မေဒေးနေ့) ရုံးပိတ်ရက်ကာလတွင် ချူတုန်ကွာကျေးရွာသည် ခရီးသွားဧည့်သည် ၅၀၀၀ နီးပါးကို ဆွဲဆောင်ကာ ဤနေရာတွင် လာရောက်လည်ပတ်ကြည့်ရှုခဲ့သည်။ နစ်မျောမှုပုံစံဖြင့် ရိုးရာအိမ်ပုံစံဖြစ်သော တည်းခိုရိပ်သာများ၏ တည်းခိုမှုနှုန်းမှာ ၅၇.၈% ရှိပြီး အချို့သော ရိုးရာအခန်းပုံစံဖြစ်သော အပန်းဖြေစခန်း၏ နေ့စဉ်ဝင်ငွေမှာ တရုတ်ယွမ် ၁ သောင်းအထက် ရှိကြပါသည်။

ဓာတ်ပုံတစ်ပုံဖြင့် သဘာဝပတ်ဝန်းကျင်၏ အကျိုးကောင်းများ ဆောင်ကြဉ်းလာခဲ့

一张照片带来的生态红利

ပိန်ညင်းသည် ငါးကို ဖမ်းသည်၊ အသက်ရှင်ခြင်းနှင့် သေခြင်း အခိုက်အတန့်ကို မြင်ကြည့်လိုက်ပါ။ သစ်တောထဲတွင် တစ်ညလုံး ခြုံခိုနေသည့် သဘာဝဂေဟဓာတ်ပုံဆရာ စွန့်ရှောက်ဟုန်းသည် ဤအဖိုးတန်သော မြင်ကွင်းကို ရိုက်ကူးရန် ကင်မရာရှုပ်တာခလုတ်ကို နှိပ်လိုက်ခဲ့ပါသည်။ အဆိုပါဓာတ်ပုံမှ ၄က်မှာ "လိပ်ပြာ အကျိုးသက်ရောက်မှု"ကို ဆောင်ကြဉ်းလာနိုင်လိမ့်မည်ဟု မည်သူမျှ မထင်မိခဲ့ပေ။ ၄က်များအား ရိုက်ကူးရန်နှင့် ရှုစားရန်အတွက် နှစ်ဝက်အတွင်းတွင် ပြည်တွင်းပြည်ပမှ ၄က်ရှုစားသူ ၃၀၀၀ ကျော်တို့အား ဤနေရာသို့ လာရောက်ရန် ဆွဲဆောင်နိုင်ခဲ့သည်။ ဒေသရှိ မြို့နယ်နှင့် ကျေးရွာများအတွက် ဝင်ငွေ တရုတ်ယွမ် ၅ သိန်းကျော် သယ်ဆောင်လာသည့်အပြင် ရင်ကျန်းခရိုင်အား နေ့ချင်းညချင်း ရေပန်းစားစေခဲ့သည်။

အဆိုပါဓာတ်ပုံမှာ စွန့်ရှောက်ဟုန်းက ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ရင်ကျန်းခရိုင် နဘန်းမြို့နယ် နဘန်းရေဝပ်ဒေသ၌ ရိုက်ကူးခဲ့ခြင်း ဖြစ်ပေသည်။ ပုံတွင် ပါရှိသော Stork-billed ပိန်ညင်းမှာ တရုတ်နိုင်ငံ အမျိုးသား ဒုတိယအဆင့် ကာကွယ်ရေးတိရစ္ဆာန် ဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ အရှားပါးဆုံးသော ၄က်များထဲမှ တစ်မျိုးဖြစ်ပါသည်။ နှစ်ပေါင်းများစွာတွင် အဆိုပါ၄က်မျိုးစိတ်သည် နဘန်းရေဝပ်ဒေသကဲ့သို့သော အလွန်ရှားပါးသော ဒေသများတွင် တွေ့ရှိခဲ့သည်။ ဤဓာတ်ပုံ ရိုက်ကူးလာပြီးနောက် တရုတ်နိုင်ငံရှိ ဒေသအသီးသီးတို့မှ သဘာဝဂေဟဓာတ်ပုံဆရာများသည် အံ့အားသင့်သွားကာ ဤနေရာကို အဆက်မပြတ် လာရောက်ကြည့်ရှုခဲ့ကြပါသည်။ " တယ်ဟုန်မှာ ဒီလို ရှားပါးတဲ့ ၄က်ကို ရိုက်ကူးနိုင်ဖို့ဆိုတာ အရမ်း ရှားပါးပါတယ်။ Stork-billed ပိန်ညင်းအပြင် အရင်က မရိုက်ဖူးခဲ့တဲ့ ၄က်တွေတောင် ဒီနေရာမှာလည်း ကျက်စားနေထိုင်လျက်ရှိကြပါတယ်။ အဲဒါက သဘာဝဂေဟဓာတ်ပုံဆရာတွေကို ဆွဲဆောင်နိုင်တဲ့ အဓိကသော့ချက် ဖြစ်နိုင်လိမ့်မယ်"ဟု စွန့်ရှောက်ဟုန်းက ပြောဆိုပါသည်။

ပြီးပြည့်စုံသော အပူပိုင်းသစ်တောဂေဟစနစ်နှင့် ပေါများကြွယ်ဝသော တောရိုင်းငှက်များ မျိုးစိတ်အရင်းအမြစ်များအား အခြေခံကာ ဒေသတွင်း သဘာဝဂေဟခရီးသွားလုပ်ငန်းကို တက်ကြွစွာ ဖော်ဆောင်ကာ ထူးခြားသော ၄က်ရှုကျေးရွာများ တည်ဆောက်ခြင်းနှင့် " နိုင်ငံတကာ ၄က်ရှုစားပွဲတော်"စသည့် လှုပ်ရှားမှုများကို ကျင်းပခြင်းကြောင့် ခရိုင်တစ်ဝှမ်းတွင် "၄က်ရှုစားခရီးသွား" ပတ်ဝန်းကျင်ကို ဖြစ်ပေါ်လာစေမည် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် ရွာသူရွာသားအသီးသီးတို့သည် စီးပွားရေးအခွင့်အလမ်းများအား ဆုပ်ကိုင်လာကာ အစားအသောက်၊ နေထိုင်ရေးနှင့် ဧည့်လမ်းညွှန် စသည့် ထွန်းသစ်စအလုပ်အကိုင်များတွင် ပါဝင်ဆောင်ရွက်လာကြခဲ့ပါသည်။ ပြင်ပမှ လူများ

②

သည် စိမ်းလန်းစိုပြည်သော တောတောင်များတွင် ၄က်ရှစားနိုင်ရန်နှင့် ဒေသခံများသည် အိမ်ရှေ့တွင် ငွေရှာနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆက်စပ်လျက်ရှိသော ယဉ်ကျေးမှုနှင့် အားကစားလှုပ်ရှားမှုများဖြင့် ခရိုင်လေး၏ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ကြဉ်းလာခဲ့

一系列文体活动带来的小城发展

"ဟူဆားဓားဘုရင်" ဖြစ်သော ရှန့်လောက်ကျိုက်သည် အာချမ်းတိုင်းရင်းသား ဟူဆားဓားထုလုပ်ခြင်းအတတ်ပညာ အမျိုးသားအဆင့် ကိုယ်စားပြု အမွေအနှစ်ဆက်ခံသူ ဖြစ်ပေသည်။ နာမည်ကျော်ကြားသည့်အတွက်ကြောင့် နေ့စဉ်နေ့တိုင်း သူ့အိမ်သို့ ဟူဆားဓားများအားလာရောက်ကြည့်ရှုသူ များစွာရှိလှသည်။ အာချမ်းတိုင်းရင်းသားလူမျိုးတို့ မရှိမဖြစ် လိုအပ်သော ထုတ်လုပ်မှုကိရိယာများမှ ယခုအချိန်တွင် ထုတ်လုပ်မှုကိရိယာများ၊ နေ့စဉ်သုံးပစ္စည်းများနှင့် မွမ်းမံအလှဆင် လက်မှုအနုပညာလက်ရာများဟူသော အမျိုးကြီး ၃ မျိုးထဲမှ အမျိုးငယ်ပေါင်း ၁၂၀ ကျော်ရှိသည့် ဟူဆားဓားများသည် လူတိုင်း၏ တူညီသော အသိအမှတ်ပြုမှု ရရှိကြလာသည်နှင့်အတူ လုံ့ဆွမ်းခရိုင်အတွက် အားပေးသော ဧည့်သည်များအား အစုလိုက်အပြုံလိုက် သယ်ဆောင်လာနေသည်။ ရှန့်လောက်ကျိုက်၏ အိမ်သို့ သွားရောက်လည်ပတ်ပြီးနောက် ခရီးသွားဧည့်သည်များသည် ဟူဆားငွေထည်ထုလုပ်ခြင်းအတတ်ပညာ ခရိုင်အဆင့် ကိုယ်စားပြုအမွေအနှစ်ဆက်ခံသူ လီဟွမ်းကျီ၏ အိမ်ကို သွားလေ့ရှိပြီး အာချမ်းတိုင်းရင်းသားတို့ ငွေထည်ထုလုပ်ခြင်းကို လေ့လာကြပါသည်။ ဓားများနှင့် ငွေထည်များစသည့် လက်မှုပစ္စည်းများအား ဝယ်ယူရာတွင် ခရီးသွားဧည့်သည်များသည် အာချမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု လက်ဆင့်ကမ်း ဆက်ခံမှုကို တစ်ချိန်တည်းတွင် လေ့လာကြပါသည်။

ယခုနှစ်ပိုင်းတွင် လုံ့ဆွမ်းခရိုင်သည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အဆန်းထွင်လိုက်ကာ တစ်မူထူးခြားသော ပထဝီတည်နေရာကို အားကိုးပြီး အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှု အမျိုးမျိုးအဖုံဖုံကို ဖန်တီးလာသည်။ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် မိုးသစ်တောဖြတ်ကျော်ခြင်း စိန်ခေါ်မှုပြိုင်ပွဲ၊ တောင်တက်စက်ဘီးပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောဖိတ်ခေါ်ပြိုင်ပွဲ၊ တဲထိုးခြင်းနှင့် တောင်တက်ခြင်း ဂီတပွဲတော်၊ လက်ရေးလှ ပန်းချီနှင့် ဓာတ်ပုံပြပွဲ အစရှိသည့် လှုပ်ရှားမှုများတို့ကို တစ်နှစ်ပတ်လုံးအတွင်းတွင် အသီးသီး ကျင်းပလျက်ရှိပါသည်။

ယခုနှစ် နှစ်ကုန်ပိုင်းတွင် လုံ့ဆွမ်းခရိုင်တစ်ဝှမ်းလုံးတွင် မတူကွဲပြားသော ယဉ်ကျေးမှုနှင့် အားကစားလှုပ်ရှားမှု မျိုးစုံပါဝင်သော အခင်းအကျင်းကို စတင်ပုံဖော်လာမည်ဖြစ်ပါသည်။ ခရိုင်အတွင်းတွင် အားကစားလှုပ်ရှားမှုနှင့် ယဉ်ကျေးမှုခရီးသွားလုပ်ငန်းတို့ နက်ရှိုင်းစွာ ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်မှုအား စဉ်ဆက်မပြတ် တွန်းအားပေးကာ အားကစားလှုပ်ရှားမှုများနှင့် သဘာဝဂေဟာခရီးသွားလုပ်ငန်းတို့ အပြန်အလှန် စွမ်းဆောင်ပေးရန် တဖြည်းဖြည်း ဖော်ဆောင်စေပြီး ကျေးလက်ဒေသများအား ပြန်လည်ရှင်သန်စေနိုင်ရန် ရှေ့သို့ လှမ်းချီကာ ဦးဆောင်မည်ဖြစ်ပါသည်။

တိုင်းရင်းသားယဉ်ကျေးမှုများ၊ ရိုးရာလက်မှုပညာများ၊ ဆန်စပါးစိုက်ခင်း ရှုခင်းအလှများနှင့် တောင်တန်းလယ်ကွင်းများတွင် ခံစားရရှိသည်။ စိတ်ဝင်စားဖွယ်များဖြင့် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင် ပိုင်ဆိုင်သကဲ့သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ အမွေအနှစ်လက်မှုပညာ ဆက်ခံကာ ထိန်းသိမ်းစောင့်ရှောက်ပေးသကဲ့သို့ စွန့်ဦး တီထွင်ကာ ပြန်လည်ရှင်သန်လာရန် ဖြစ်မြောက်လျက်ရှိနေပါသည်။ ယခုကဲ့သို့ အပြန်အလှန် အထောက်အကူပြုသည့်အတွက် သာယာလှပပြီး ထွန်းသစ်စတယ်ဟုန်ပြည်နယ်ခွဲ၏ အလှပန်းချီကားချပ်ကို တဖြည်းဖြည်း ရေးဆွဲပုံဖော်လျက်ရှိနေပါသည်။

တရုတ်နိုင်ငံ၏ “ထူးခြားသော တိရစ္ဆာန်”— ချီလင်

中国“神奇动物”在身边

在中国，有这样一群“神奇动物”，他们生活在我们身边，承载着人们对平安、富足的渴望，承担着繁重的“工作”，他们穿越历史，充满神秘色彩。

本期，我们一起去探索一只集万千宠爱于一身的宠物——**麒麟**。

图片来源于网络

图片来源于网络

တရုတ်နိုင်ငံတွင် “ ထူးခြားသော တိရစ္ဆာန်” အုပ်စုတစ်စု ရှိသည်။ သူတို့သည် ကျွန်တော်တို့၏ ဘေးပတ်ဝန်းကျင်တွင် နေထိုင်ပြီး ငြိမ်းချမ်းရေး၊ သာယာဝပြောရေးအတွက် လူသားတို့၏ လိုလားသည့် ဆန္ဒများကို သယ်ဆောင်ထမ်းဆောင်ပေးနေကြသည်။ သူတို့သည် သမိုင်းက ဖြတ်ကျော်ပြီး ဆန်းကျယ်လှို့ဝှက်လှပါသည်။

ဤလထုတ် မဂ္ဂဇင်းတွင် ကျွန်တော်တို့နှင့်အတူ အားလုံးကြိုက်နှစ်သက်ကြသော ချီလင်အကြောင်းများကို စူးစမ်းလေ့လာကြပါစို့။

ချီလင်သည် တရုတ်နိုင်ငံ ရှေးဟောင်းဒဏ္ဍာရီပုံပြင်များထဲမှ အိမ်မွေးတိရစ္ဆာန် ဖြစ်ပါသည်။ ၎င်း၏ အပြင်ပန်းပုံသဏ္ဌာန်သည် ခြေသေ့ခေါင်း၊ သမင်ချို၊ ကျားမျက်လုံး၊ ဆတ်ခန္ဓာ၊ နဂါးအကြေးခွံ၊ နွားအမြီး စသဖြင့် ပေါင်းစပ်ထားသည်။ ဤသို့သော ပုံသဏ္ဌာန်သည် လူအများ ကြိုက်နှစ်သက်သည့် တိရစ္ဆာန်များ၏ အားသာချက်များ အားလုံးကို ချီလင်ဆိုသည့် စိတ်ကူးယဉ် တိရစ္ဆာန်တွင် စုစည်းထားခြင်း ဖြစ်ပါသည်။

ရှေးခေတ်အခါမှ ယခုအချိန်ထိ ချီလင်၏ ပုံရိပ်ကို ပုံစံအမျိုးမျိုးဖြင့် ပုံဖော်လေ့ရှိကြသည်။ ကြေးခေတ်ယဉ်ကျေးမှု စတင်ထွန်းကားလာချိန်တွင် ချီလင်ကြေးရုပ်ထုမှာ အထူးရေပန်းစားခဲ့ပါသည်။ လက်ရှိ ချီလင်သည် ရုပ်ရှင်များထဲတွင်သာမက ချစ်ဖွယ်ကောင်းသော ယဉ်ကျေးမှု ဆန်းသစ်လက်ရာများအဖြစ် ကျွန်တော်တို့အားလုံး၏ ရှေ့မှောက်တွင် ထွက်ပေါ်လာပါသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

CFP 图

ထူးခြားလှသော အတွေ့အကြုံတရပ်

不一样的味觉体验

酸

CFP 图

来自大自然的天然酸味是人类烹饪中最古老的调味，而人造酸味醋的加盟使酸味有了更大作为。酸味在中国人的生活中究竟扮演着什么样的角色？除了让人口舌生津外，更要惊叹于各地人民“万物皆可酸”的创造力。水果可以酸、蔬菜可以酸、肉类可以酸……无论是你想得到的、想不到的，似乎都可以做成酸食享用，其味道还总能让人垂涎欲滴、欲罢不能。

သဘာဝအချဉ်အရသာသည် လူသားများ ချက်ပြုတ်သည့်အခါ အသုံးပြုသော အရှေးကျဆုံးသည့် အရသာဖြစ်သည်။ လူလုပ် ရှာလကာရည်သည် အချဉ်အရသာကို ပိုမို ထိရောက်စေသောကြောင့် ပို၍ အသုံးပြုလာစေသည်။ တရုတ်လူမျိုးများအတွက် အချဉ်အရသာသည် မည်သို့ အရေးပါသနည်း။ အမြိတစေ သွားရည်ကျစေသည်သာမက နေရာအသီးသီးမှ ပြည်သူများ၏ “အရာရာတိုင်းသည် ချဉ်နိုင်သည်” ဆိုသည့် ဆန်းသစ်တီထွင်မှုမှာ အံ့အားသင့်ဖွယ်ကောင်းလှသည်။ အသီးအနှံလည်း ချဉ်နိုင်၊ ဟင်းသီးဟင်းရွက်လည်း ချဉ်နိုင်၊ အသားလည်း ချဉ်နိုင်....အဆွေများ၊ စဉ်းစားနိုင်သည့်၊ မစဉ်းစားနိုင်သည့် အရာတိုင်းကို အချဉ်စာအဖြစ် ချက်ပြုတ်ပြီး စားသုံးနိုင်ပေသည်။ အရသာလည်း ကောင်းလှပေသည်။

图片来源于网络

酸酒鸭

ဘဲသား ဆန်ရှာလကာရည် ။ ။ ဘဲကို ပေါင်းပြုတ်သည့်အခါ ပွက်ပွက်ဆူနေသော ရေထဲသို့ ဂျင်းနှင့် ပါကော့ထည့်ပြီး သင့်လျော်သော မီးဖြင့် ချက်ပြုတ်သည်။ ထို့နောက် ဘဲသားကို လှီးပြီး ကိုယ်တိုင်လုပ်သည့် ဆန်ရှာလကာရည်နှင့် ငရုတ်သီးတို့ဖြင့် ရောစပ်၍ စားသုံးရပါသည်။

图片来源于网络

酸辣粉

ကြာဇံချဉ်စပ် ။ ။ သင့်လျော်သော အချိုးအစားအတိုင်း ကန်ဇွန်းဥနှင့် ပဲများအား ရောစပ်ထားသော ကြာဇံ ဖြစ်သည်။ အရသာ၏ ထူးခြားချက်မှာ ချဉ်စပ်ပြီး ထုံကျဉ်စေသည်။ အနံ့မွှေးပြီး လတ်ဆတ်သည်။ ဆီလည်း မအီစေပါ။

酸牛筋

အမဲကြောချဉ် ။ ။ အမဲကြောကို စိမ်ထားပြီး အလုံပိတ်အိုးထဲသို့ ထည့်ပြီး အချဉ်ဖောက်သည်။ အမဲကြော အရသာချဉ်လာသည့်အခါ စားသုံးနိုင်ပါသည်။ အရသာ ကောင်းမွန်သော တိုင်လူမျိုးတို့၏ ဟင်းလျာ ဖြစ်ပါသည်။

CFP 图

醋溜花生

ရှာလကာမြေပဲ ။ ။ မြေပဲစေ့နှင့် ဆန်းရှီးရှာလကာရည် ရောပြီး ချက်ပြုတ်ခြင်း ဖြစ်သည်။ လွယ်ကူသော အမြည်း ဟင်း ဖြစ်ပါသည်။

CFP 图

酸笋

မျှစ်ချဉ် ။ ။ ကွမ်ရှီး ကျွမ့် တိုင်းရင်းသားကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၏ ရိုးရာအစားအစာနှင့် ဟင်းခတ် အမွှေးအကြိုင်ပစ္စည်း ဖြစ်ပေသည်။ ဟင်းလျာအတွင်း မျှစ်ချဉ် အနည်းငယ် ထည့်ပါက အရသာ ကောင်းစေနိုင်သည်။ ခရုမြီးရှည်သည် မျှစ်ချဉ်အစားအသောက် ကိုယ်စားပြုသည့် ဟင်းလျာတစ်ခု ဖြစ်သည်။

CFP 图

酸豆角炒肉沫

ပဲတောင့်ချဉ်အသားတောက်တောက် ။ ။ ပဲတောင့်ချဉ် နှင့် အသား တောက်တောက်ကို ကြော်ပြီး ဝေါဝေါထိုတို့ နှင့် တွဖက်စားသုံးပါက အရသာ ကောင်းလှသည်။

CFP 图

酸萝卜老鸭汤

ဘဲသား မုန်လာဥချဉ်ဟင်းရည် ။ ။ အဓိက စားသောက်ကုန်ကြမ်းသည် ဘဲသား နှင့် မုန်လာဥချဉ် ဖြစ်ပါသည်။ အဓိကချက်ပြုတ်နည်းသည် ရေပြုတ်ခြင်း ဖြစ်ပေသည်။ ဟင်းရည်အရောင်နှင့် အရသာကောင်းမွန်ပြီး ချဉ်စပ်အရသာ ရှိသည်။

CFP 图

酸菜鱼

ငါးမုန်ညင်းချဉ် ။ ။ ငါးကြင်းဖြင့် မုန်ညင်းချဉ်နှင့် အခြားပါဝင်ပစ္စည်းများ အတူချက်ပြုတ်ထားခြင်း ဖြစ်ပါသည်။ ချဉ်စပ်အရသာ ရှိသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

“မဂ်လာ”မဂ္ဂဇင်းကို မြန်မာစာဖတ်သူများထံသို့ ကျွန်မ ဆောင်ကြဉ်းပေးခဲ့ပုံးသည်

我把《吉祥》带给缅甸读者

作者：缅甸历史文化博士 石瑛

ရှီရင်း
石瑛 受访者供图

၁၉၉၈ ခုနှစ် ဧပြီလတွင် “မဂ်လာ”မဂ္ဂဇင်းနှင့် ကျွန်မ စတင် ရေစက်ဆုံခဲ့ပါသည်။ ထိုစဉ်က ကျွန်မသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ယဉ်ကျေးမှုဌာနတွင် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်း ခံရပါသည်။ ယဉ်ကျေးမှုဌာနက စီမံခန့်ခွဲရသည့် စာကြည့်ခန်းတွင် မြန်မာဘာသာဖြင့် ထုတ်ဝေသော “မဂ်လာ”မဂ္ဂဇင်းအတွဲများ စုံလင်စွာ ထားရှိပေးထားပြီး စာဖတ်သူများအနေဖြင့် စာကြည့်ခန်းတွင် ဖတ်ရှုနိုင်သကဲ့သို့ ငှားရမ်း၍လည်း ဖတ်ရှုနိုင်သည်။ သံရုံးတွင် အခမ်းအနားပွဲများ ကျင်းပသည့်အခါ ကျွန်မတို့သည် မဂ္ဂဇင်းများကို ဧည့်သည်များ ယူငင်ဖတ်ရှုနိုင်ရန် ခင်းကျင်းပေးထားသည်။ ထိုစဉ်က ယဉ်ကျေးမှုဌာနသည် မြန်မာဘာသာဖြင့် လစဉ်ထုတ်ဝေသော “ယနေ့တရုတ်ပြည်”မဂ္ဂဇင်းအတွက် စာမူရွေးချယ်ခြင်း၊ ဘာသာပြန်ခြင်း၊ စိစစ်ခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် ဖြန့်ချိခြင်းလုပ်ငန်းများကို အစအဆုံး တာဝန်ယူဆောင်ရွက်ပေးနေဆဲဖြစ်ရာ၊ ၎င်းမှာ ကျွန်မ၏ နေ့စဉ်လုပ်ငန်းဆောင်တာများထဲက တစ်ခုလည်း ဖြစ်ပေသည်။

သို့ဖြစ်၍ ကျွန်မသည် “မဂ်လာ”မဂ္ဂဇင်းကို အမြဲလိုလို ဖတ်ရှုဖြစ်သည်။ မဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပြီ ဖြစ်သော အကြောင်းအရာများကို သိရအောင် ဖတ်ရှုခြင်းလည်း ဖြစ်သည်။ သို့မှသာ“ယနေ့တရုတ်ပြည်”မဂ္ဂဇင်းအတွက် စာမူရွေးချယ်သည့်အခါ အတတ်နိုင်ဆုံး အကြောင်းအရာချင်းမထပ်ရအောင် ရွေးချယ်နိုင်မည်ဖြစ်၍ အပြန်အလှန် ဖြည့်တင်းမှုသဘော ရှိနိုင်မည်ဖြစ်သည်။ နောက်တစ်ချက်မှာ မြန်မာစာဖြင့် အလုပ်လုပ်နေသူတစ်ယောက်အနေဖြင့် မိမိ၏ နိုင်ငံခြားဘာသာ အရည်အချင်းကို မြှင့်တင်ရန်အတွက် မြန်မာဝေါဟာရသစ်အချို့နှင့် တရုတ်–မြန်မာဘာသာပြန်နည်းနာအချို့တို့ကို လေ့လာဆည်းပူးရန် ဖတ်ရှုခြင်းလည်း ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် “ယနေ့တရုတ်ပြည်”မဂ္ဂဇင်းနှင့် “မဂ်လာ”မဂ္ဂဇင်းတို့သည် ထိုစဉ်က မြန်မာပြည်သူများအတွက် တရုတ်ပြည်၏ ပြုပြင်ပြောင်းလဲရေး၊ တံခါးဖွင့်မူဝါဒနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုအခြေအနေများအကြောင်းကို လေ့လာသိရှိနိုင်သည့် အရေးပါသော

လမ်းကြောင်း ဖြစ်သည့်အလျောက် တရုတ်–မြန်မာ နယ်ပယ် အသီးသီး၏ ကူးလူးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ တရုတ်–မြန်မာ ချစ်ကြည်မှု တိုးတက်ခိုင်မြဲရေးတို့အတွက် များစွာ အကျိုးပြုခဲ့ပေသည်။ ထိုစဉ်က “မဂ်လာ”မဂ္ဂဇင်း အနေဖြင့် မြန်မာပြည်တွင် မိမိကိုယ်ပိုင် ဖြန့်ချိရေးလမ်းကြောင်း မရှိသေးပါ။ သို့ဖြစ်ရာ “မဂ်လာ” မဂ္ဂဇင်းကို မြန်မာစာဖတ်သူများ ပိုမို ဖတ်ရှုနိုင်စေရန်နှင့် မဂ္ဂဇင်းပါ သတင်းအချက်အလက်များကို ပိုမို မျှဝေပေးနိုင်ရန်အလို့ငှာ ယဉ်ကျေးမှုဌာနက အသင့်ရှိပြီ ဖြစ်သော“ယနေ့တရုတ်ပြည်” မဂ္ဂဇင်း ဖြန့်ချိရေးလမ်းကြောင်းကို အသုံးချ၍ “မဂ်လာ” မဂ္ဂဇင်းကို ဖတ်ရှုချင်သော အရာရှိများ၊ ပညာတတ်ပုဂ္ဂိုလ်များ၊ ထင်ရှားကျော်ကြားသူများနှင့် အဓိကစာဖတ်သူများ ထံသို့ “ယနေ့တရုတ်ပြည်”မဂ္ဂဇင်းနှင့်အတူ တွဲ၍ ပို့ပေးခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ကျွန်မသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးတွင် ဒုတိယအကြိမ် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်းခံရပြန်ပါသည်။ ထိုအချိန်တွင် “မဂ်လာ” မဂ္ဂဇင်းမှာ မိမိကိုယ်ပိုင် ဖြန့်ချိရေးလမ်းကြောင်း ရှိနေပြီ ဖြစ်ရာ မြန်မာပြည်၌လည်း လူသိများကာ ထင်ရှားနေပြီ ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ရန်ကုန် တရုတ်ယဉ်ကျေးမှု စင်တာကို တာဝန်ယူ စီမံရန် စေလွှတ်ခြင်းခံရသောအခါ ကျွန်မသည် “မဂ်လာ”မဂ္ဂဇင်း ရန်ကုန်မြို့အခြေစိုက်ရုံးခွဲနှင့် ထိတွေ့မှု ပိုများလာခဲ့သည်။ သူတို့၏ အလုပ်အပေါ် စေတနာထားရှိမှုနှင့် စိတ်အားထက်သန်စွာ လုပ်ဆောင်မှုတို့ကြောင့် ကျွန်မမှာ များစွာ ကြည်နူးမိရသည်။ ယဉ်ကျေးမှု စင်တာသို့ လစဉ် လက်ဆောင်ပေးပို့သည့် မဂ္ဂဇင်းအုပ်ရေ ၄၀၀ မှာ စာဖတ်သူများ၏ နှစ်ခြိုက်စွာ အားပေးဖတ်ရှုမှုကြောင့် မလောက်သည့်အထိပင် ဖြစ်ရပါသည်။ ဘယ်လထုတ်မဂ္ဂဇင်း ရှိသေးသလား၊ နောက်လထုတ်မဂ္ဂဇင်းက ဘယ်တော့ရောက်မှာလဲဟု စာဖတ်သူများက ယဉ်ကျေးမှု စင်တာသို့ မကြာခဏ လာရောက်ကာ မေးမြန်းစုံစမ်းကြပါသည်။ စာဖတ်ပရိသတ်ကြီးများ၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၁၉ ခုနှစ် မတ်လမှစ၍ ယဉ်ကျေးမှုစင်တာသို့ လစဉ်အုပ်ရေ ၁၀၀၀ အထိ တိုးမြှင့်ပေးလာခဲ့သည်။

“ မဂ်လာ ” မဂ္ဂဇင်းသည် ကျွန်မ၏ ဆရာကောင်းမိတ်ဆွေကောင်းဆိုလျှင်လည်း မမှားပေ။ သူနှင့် စတင်ဆုံတွေ့ခဲ့အချိန်မှ ယနေ့အထိ နှစ်ပေါင်း ၂၀ ကျော်ကြာ အဖော်ပြုမှုအတွင်း ကျွန်မ၏ အလုပ်အတွက် ဖြစ်စေ၊ လေ့လာမှုအတွက်ဖြစ်စေ အများကြီး အထောက်အကူပြုခဲ့၍ ၎င်းထံမှ ကျွန်မ အကျိုးကျေးဇူး များစွာရရှိခဲ့သည်။ ကျွန်မသည် “မဂ်လာ”မဂ္ဂဇင်း၏ အမာခံစာဖတ်ပရိသတ်ဖြစ်သကဲ့သို့ “မဂ်လာ” မဂ္ဂဇင်း၏ တိုးတက်ကြီးထွားလာမှုကိုလည်း မျက်မြင်ကိုယ်တွေ့ရှိခဲ့ပါသည်။ မဂ္ဂဇင်းတွင် ပါဝင်သော ကော်လံများသထက် များလာ၏။ အကြောင်းအရာ စုံလင်သထက် စုံလင်လာ၏။ ဘာသာပြန်အရည်အချင်း မြင့်သထက် မြင့်လာ၏။ အဆင်အပြင် ဆန်းသစ်၍ ပုံနှိပ်မှုမှာ လှပသေသပ်၏။ မဂ္ဂဇင်း၏ အရည်အသွေးမှာ ကောင်းသထက် ကောင်းလာလျက်ရှိပေသည်။

“မဂ်လာ”မဂ္ဂဇင်း စတင်ထုတ်ဝေခြင်း နှစ် ၃၀ ပြည့် အခါသမယတွင် “မဂ်လာ”မဂ္ဂဇင်း ယခုထက်မက အောင်မြင်ပါစေ။ တရုတ်–မြန်မာချစ်ကြည်ရေးအတွက် ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာ့သမိုင်းနှင့်ယဉ်ကျေးမှု ပါရဂူ၊ မြန်မာစာ
တည်းဖြတ်ပြန်ဆိုသူ ရှီရင်း(ဒေါက်တာ ယဉ်ယဉ်မေ)

မဂ္ဂဇင်းကို အလွယ်တကူ ဖတ်ရှုရန်
QR ကုဒ်ကို စကင်ဖတ်ပါ။
扫描二维码 轻松听杂志

ချုံချင့်မြို့ ဟုန်ရိမ်ဂူ၏ ရှုခင်းများကို တွေ့ရစဉ်။
重庆洪崖洞 CFP 图

ရင်ထဲက“ချုံချင့်”မြို့
我心中的重庆

စာရေးသူ ။ ။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတက္ကသိုလ်မှ မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသူ ချောစုဝင်း

作者：西南大学缅甸留学生 秋素温

时间在岁月中一点点流逝，我已经在重庆留学 3 年多了。2018 年，还没来中国之前，我和爸爸激动地在世界地图上找“重庆”在哪里。现在，随着在重庆生活的时间越来越久，我对这个地方也越来越熟悉和喜爱。

အချိန်ဆိုသော အရာသည် တရွေ့ရွေ့နှင့် ရွှေ့လျားနေသည်။ ဘာလိုလိုနဲ့ ချုံချင့်မှာ ပညာတော်သင်အဖြစ် ၃ နှစ်ကျော်ခဲ့ပြီ ဖြစ်သည်။ ၂၀၁၈ ခုနှစ် တရုတ်နိုင်ငံသို့ မလာခင်က အင်မတန် စိတ်လှုပ်ရှားမိခဲ့သည်။ ထိုအချိန်က ဖေဖေနှင့် ကျွန်မသည် ကမ္ဘာ့မြေပုံပေါ်တွင် ကျွန်မ သွားရမည်ဆိုသော ချုံချင့်၏ တည်နေရာကို ရင်ခုန်စွာနဲ့ ရှာကြည့်ခဲ့ကြဖူးသည်။ ယခုတွင်မူ ချုံချင့်မှာ အနေကြာလာသည်နှင့်အမျှ ချုံချင့်နှင့် လည်း တဖြည်းဖြည်း ရင်းနှီးလာခဲ့သည်။

မြေမျက်နှာသွင်ပြင်အရ ချုံချင့်မြို့တွင် တောင်ကုန်း တောင်တန်း အလွန်ပေါများသော ဒေသပင် ဖြစ်သည်။ ၎င်း အနက် တောင်တန်းဒေသများသည် ချုံချင့်မြို့ စုစုပေါင်း ဧရိယာ၏ ၇၅.၃၃% ပါဝင်ပြီး အမည်ကျော်ကြားသော “တောင်ပေါ်မြို့” ဖြစ်ပေသည်။ ရပ်မြေတစ်ခုရှိ တောတောင်ရေမြေဖြင့် ရပ်သူရပ်သားများအား သီးသန့် ပြုစုပျိုးထောင်သည်ဟု ဆိုလိုသကဲ့သို့ပင် ဤနေရာက တောတောင်ရေမြေသည် ထူးခြားသော ပါယွီ(Bayu)ယဉ်ကျေးမှုကို ထွန်းကားစေခဲ့သည်။ ဤမြေကြီးပေါ်တွင် တရုတ်ရှေးခတ်က နာမည်ကျော်ကဗျာဆရာများ ဖြစ်ကြသည့် လီပိုင်နှင့် ဒူဖူတို့သည် နှစ်ပေါင်းတစ်ထောင်ကျော် လက်ဆင့်ကမ်းလျက်ရှိသည့် လက်ရာမြောက်ကဗျာများကို ချန်ထားခဲ့ကြသည်။ ဘိုးစဉ်

ဘောင်ဆက် ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် တောတောင်ရေမြေများ ဖြတ်သန်းသွားလာကာ နယ်မြေများ ချဲ့ထွင်ခဲ့ကြပါသည်။ Chuanjiang haozi (လှေသမားများ၏ အလုပ်သီချင်း)သီဆိုသည့် ကြွေးကြော်သံများသည် ချုံချင့်နယ်သူနယ်သားများ၏ ထူးခြားသော ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြနေပါသည်။

ဘာသာစကားအရ ချုံချင့်တွင် တရုတ်စံပြဘာသာစကားထက် အများဆုံးကြားရသည့် စကားမှာ ချုံချင့်ဒေသစကားပင် ဖြစ်သည်။ ချုံချင့်ဒေသစကားသည် တရုတ်စံပြဘာသာစကားနှင့် လေယူလေသိမ်း(အသံတုံး)အနည်းငယ်ကွဲပြားသည်ဟု ထင်မိသည်။ အစပိုင်းတွင် ဤအချက်သည် ကျွန်မကို ခက်ခဲစေသော်လည်း ယခုအခါမှာမူ ချုံချင့်ဒေသစကားကို အတော်အသင့် နားလည်လာပြီ ဖြစ်သည်။ ချုံချင့်ဒေသခံများသည် ကျွန်မတို့ကဲ့သို့သော နိုင်ငံခြားကျောင်းသားများအား အထူးပင် ဖော်ရွေသမူ ပြုကြပါသည်။ ကျွန်မ၏ အမြင်အရ ဒေသခံများ၏ ချစ်စရာ ထူးခြားချက်တစ်ခုမှာ စကားပြောသည့်အခါ အသံကျယ်ကျယ်နှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ကြသည်။ သူတို့နှင့် စကားပြောချိန်တွင် အလွန် ပျော်ရွှင်ရပါသည်။ ဤသို့ဖြင့် မကြာခဏဆိုသလိုပင် နှစ်နိုင်ငံယဉ်ကျေးမှုများ ပြောဆိုဖလှယ်ဖြစ်ကြသည်။ အထူးသဖြင့် အပြောများကြသည်မှာ အစားအစာအကြောင်းများပင် ဖြစ်သည်။

ချုံချင့်အစားအစာသည် စီချမ်ဟင်းလျာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ချုံချင့်သည် ဤစပ်သော အစားအစာကြောင့် ပြည်တွင်းမှာသာမက ပြည်ပမှာပါ နာမည်ကြီးသည်။ အထူးသဖြင့် ချုံချင့်ဟော့ပေါ့အနှစ်သည် အလွန် နာမည်ကြီးပါသည်။ ချုံချင့်အစားအစာများ ချက်ပြုတ်ရာတွင် ငရုတ်ကောင်းများကို အသုံးပြုထားခြင်းကြောင့် ၎င်းအစားအစာ၏ အရသာသည် ပုံမှန်အားဖြင့် စားသုံးသူများအား ထုံကျဉ်စေတတ်သည်။ ကျွန်မသည် ချုံချင့် ရောက်စအချိန်တုန်းက ထိုအရသာ ထုံထုံကျဉ်ကျဉ်ကို ထူးထူးဆန်းဆန်း အရသာအဖြစ် မစားနိုင်ဖြစ်ခဲ့ဖူးသည်။ သို့ရာတွင် ယခုအခါ ၆ နေ့စဉ်အစားအစာထဲမှာ ထုံထုံကျဉ်ကျဉ် အရသာမပါပါက တစ်ခုခု လိုအပ်နေသလိုပင် ခံစားရသည်။ "အစပ်မရှိလျှင် ပျော်ရွှင်မှုမရှိပေ"ဟု ဆိုသလိုပင် ဖြစ်ပါသည်။ ကျွန်မသည် ချုံချင့်၏ မြို့လယ်သို့ သွားလည်ရသည်ကို အကြိုက်ဆုံး ဖြစ်သည်။ ထိုနေရာတွင် လမ်းဘေးစားသောက်ဆိုင်များ အပါအဝင် အစားအသောက်ဆိုင် များစွာရှိသည်။ ဤစားသောက်ဆိုင်များတွင် ကျွန်မသည် ဒေသထွက် အထူးအစားအစာ အမျိုးမျိုးအဖုံဖုံ စားသောက်ခဲ့ဖူးသည်။ အခွင့်အရေးရှိလျှင် ယင်းစားသောက်ဆိုင်များသို့ သွားစားကြရအောင်ဟု ဖိတ်ခေါ်လိုက်ပါသည်။ ဈေးနှုန်းများမှာလည်း သက်သက်သာသာနှင့်ပင် လူတန်းစားမရွေး စားသုံးနိုင်သည်။ ထို့ကြောင့် ချုံချင့်မှာ အနေကြာလာသူတိုင်း ချုံချင့်ဟင်းလျာများကို ခုံမင်စွာ နှစ်ချိုက်လာကြမည်ဟု ကျွန်မ ယုံကြည်ပါသည်။

ယနေ့ခေတ် ညမအိပ်သော မြို့ကြီးများတွင် ချုံချင့်မြို့သည် ထိပ်ဆုံးက ပါဝင်နေမည်ဟု ထင်မိသည်။ အဘယ်ကြောင့်ဆိုသော် ချုံချင့်၏ ညရှုခင်းအလှသည် နေ့ခင်းထက်ကိုပင် ပိုမို ဆွဲဆောင်အား ကောင်းလွန်းနေသောကြောင့် လူအများသည် ညအခါတွင် အပြင်သို့ ပို၍ ထွက်ကြသည်ဟု ထင်မိပါသည်။ "ညရှုခင်းအလှ မရှုစားခဲ့ဖူးရင် ချုံချင့်မြို့ကို မရောက်ဖူးခဲ့ဘူး"ဟု ဆိုသကဲ့သို့ပင် ချုံချင့်မြို့၏ ညရှုခင်းအလှကို မရှုစားခဲ့ဖူးလျှင် လုံးဝ သနားစရာကြီး ဖြစ်လိမ့်မည်။ မီးအလင်းရောင် ထွန်းလင်းထောက်ပလာသည်နှင့် မြို့ပြ၏ ထိပ်ဆုံးနေရာတွင် ရပ်တည်ကာ ချုံချင့်မြို့၏ ညရှုခင်းအလှကို အပေါ်စီးမှ ရှုမြင်နိုင်သည့်အတွက်ကြောင့် တိမ်ပေါ်တွင် ရပ်နေသကဲ့သို့ ရှုစားနိုင်သည့် ရင်သပ်ရှုမောဖွယ်ကောင်းသော မြင်ကွင်းကို ခံစားရသည်။ မြို့လယ်ခေါင် ယန်စီမြစ်ကမ်းအလှနှင့် တံတားပေါ်တွင် ဖြတ်သန်းသွားလာနေသော လူများ၊ ကမ်းနားလမ်းရှိ လျှပ်စစ်မီး ထိန်ထိန်လင်းနေသော အဆောက်အဦးများ၊ အဆက်မပြတ် သွားလာနေသော မော်တော်ယဉ်များကြောင့် ချုံချင့်သည် ညအခါ ပိုမို စည်ကားနေတတ်သည်။ ကျွန်မနှင့် အတူတကွ လည်ပတ်သည့် သူငယ်ချင်းတို့သည် မည်သည့် နေရာမဆို ရပ်ကာ မတူကွဲပြားသော အလင်းရောင်ကို ရှုစားနိုင်မည် ဖြစ်ပါသည်။ ကိုယ်တိုင် လက်တွေ့ရှုစားပြီးမှသာ ချုံချင့်၏ ညရှုခင်းအလှမှာ မည်မျှ အံ့သြဖွယ်ကောင်းသည်ကို နားလည်နိုင်လိမ့်မည် ဖြစ်ပါသည်။

ကျွန်မ အိမ်ပြန်ရောက်သည့်အခါ မိဘဆွေမျိုးများနှင့် သူငယ်ချင်းများကို ချုံချင့်အကြောင်း ဂုဏ်ယူစွာ တစ်ဝကြီး ပြန်ပြောပြချင်မိသည်။ အကယ်၍ မိမိနိုင်ငံ၊ မိမိဒေသသို့ ပြန်လည်ရောက်ရှိချိန်မှာပင် ချုံချင့်၏ အင္ဂေ့အသက်များကား ရင်ထဲတွင် စွဲကျန်နေပေဦးမည်။

မဂ္ဂဇင်းကို အလွယ်တကူ ဖတ်ရှုရန် QR ကုဒ်ကို စကင်ဖတ်ပါ။
扫描二维码 轻松听杂志

ရှုဖွယ်ခုံလင် တယ်ဟုန်တစ်ခွင် ။ ။ “သာယာလှပသော နေရာတစ်ခု”ပြစ်သည့် တယ်ဟုန်အား ဂုဏ်ပြုသီဆိုခြင်း

【美丽德宏】唱响“一个美丽的地方”——德宏

在中国云南省的西部边陲，有一个美丽的地方叫德宏傣族景颇族自治州。这里，有风光旖旎的自然景色，有多姿多彩的民族文化，有中缅边境的异国风情……山水人文孕育出了看不完的景，观不完的舞，听不完的歌，让德宏成为了“歌舞之乡”。

တရုတ်နိုင်ငံ ယူနန်ပြည်နယ်၏ အနောက်ပိုင်း နယ်စပ်ဒေသတွင် သာယာလှပသော နေရာတစ်ခုရှိပြီး တယ်ဟုန်တိုင်၊ ဂျိမ်းဖောတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲဟု ခေါ်ဆိုပါသည်။ ဤနေရာတွင် သာယာလှပသော သဘာဝရှုခင်း အလှတရားများ၊ ဆန်းတင့်ဝေဆာလှသော တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် တရုတ်–မြန်မာ နယ်စပ်ဒေသရှိ နိုင်ငံရပ်ခြား ဧလေ့ထုံးစံများ ရှိပါသည်။ ရှုမဝသော ရှုခင်းအလှများနှင့် အကများ၊ နားထောင်မဝသော သီချင်းများကြောင့် တရုတ်ပြည်တွင်းပြည်ပတွင် တယ်ဟုန်အား “သီချင်းနှင့်အက မွေးရပ်မြေ”ဟု ချီးကျူးခဲ့ပါသည်။

“မွန်ပါနားရှီး တေးဂီတအဖွဲ့”သည် ဤမှော်ဆန်သော နယ်မြေတွင် ထူထောင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ အဆိုပါ တေးဂီတအဖွဲ့ကို ဖွဲ့စည်းသည့် အဖွဲ့ဝင် ညီအစ်ကို ၅ ဦး တို့၏ သီဆိုသံများသည် ကိုယ်ပိုင်လက္ခဏာများ တစ်ဦးချင်းစီတွင် ရှိကြပါသည်။ ရန်ဂူ၏ သီဆိုသံမှာ ကြီးကျယ်ခမ်းနားပြီး မြင့်မြတ်ပါသည်။ ဟော်မင်းချွမ်၏ သီဆိုသံမှတစ်ဆင့် ဖော်ရွေပျူဂ္ဂာမှုကို ခံစားစေနိုင်သည်။ လျှုယုံကျန်း၏ သီဆိုသံမှာ စိတ်အားထက်သန်စေနိုင်သည်။ ကျန်းကျီချန်း၏ သီဆိုသံမှာ စိတ်လှုပ်ရှားစေနိုင်ပါသည်။ ရန်ကျောင်၏ သီဆိုသံမှာ ဖက်ရှင်ကျပြီး ရိုးရာဖြစ်ပါသည်။

“အသံနိမ့်တယ်၊ subwoofer ပါ။ နတ်သားတေးဂီတ အဖွဲ့ပါ။ စိတ်လှုပ်ရှားစေနိုင်ပါတယ်။ သဘာဝက ပေးစွမ်းတဲ့ အသံပါ။ အတော်ဆုံး သံပြိုင်ပါ...” ယခုနှစ်မှစ၍ “မွန်ပါနားရှီး တေးဂီတအဖွဲ့”သည် “သာယာလှပသော နေရာတစ်ခု”၊ “တစ်မြစ်တည်းရေ တူစုံသောက်သုံး”၊ “ဂျိမ်းဖောမိန်းကလေးကောင်း”၊ “လရောင်အောက်ဝယ် စည်းရိုးဝါး”နှင့် “တယ်ဟုန်ကော်ဖီ၏ ဇာတ်လမ်း”စသည့် ဂန္ဓဝင်သီချင်းများကို တင်ဆက်သီဆိုကြပြီး အင်တာနက်သုံးစွဲသူ အများအပြား၏ ချီးကျူးမှုနှင့် အာရုံစိုက်မှုများစွာ ဆွဲဆောင်ခဲ့ပါသည်။

“မွန်ပါနားရှီး တေးဂီတအဖွဲ့”မှ ညီအစ်ကို ၅ ဦးတို့၏ အမြင်တွင် ၎င်းတေးဂီတအဖွဲ့ကို စတင်ဖွဲ့စည်းရာတွင် သူတို့ ကိုယ်သူတို့ အဆိုတော်တစ်ယောက်အနေနှင့် ရပ်တည်ခဲ့သည်။ ယခုအချိန်တွင် ပိုမို များပြားသော လူများသည် သူတို့၏ သီဆိုသံများဖြင့် မွေးရပ်မြေ တယ်ဟုန်ရှိ ဥဒေါင်းကန်နှင့် ရွှေတိဂုံဘုရားစသည့် ရှုခင်းအလှများကို အာရုံစိုက်လာသည့်အတွက်ကြောင့် သူတို့သည်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဂုဏ်ယူမိပါသည်။

“နယ်နိမိတ်မဲ့ အချစ်၊ ပေါက်ဖော်ချစ်ကြည်ရေး အခွန့်ရှည်ပါစေ”ဟု တယ်ဟုန် နယ်သူနယ်သားတို့သည် အမြဲတမ်း ပြောဆိုလျက်ရှိပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါပြီးနောက် တရုတ်–မြန်မာနှစ်နိုင်ငံမှ အနုပညာရှင်များသည် တေးဂီတဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး လက်ဆင့်ကမ်းပြီး

"အချစ်ကို နိုင်ငံမခွဲစေချင်"၊ "အနီးဆုံးဒို့တွေ လက်တွဲကာ"စသည့် တရုတ်–မြန်မာ နှစ်ဘာသာဖြင့် သီချင်းများကို ဖန်တီးရေးဖွဲ့ သီဆိုခဲ့သည်။ နှစ်နိုင်ငံပြည်သူပြည်သားများသည် အဆိုပါသီချင်းများကို လူမှုကွန်ရက်ပလက်ဖောင်းတွင် ကျယ်ပြန့်စွာ ပျံ့နှံ့မျှဝေလျက်ရှိနေသည်။ တယ်ဟုန်ပြည်နယ်ခွဲ ဂျိမ်းဖောတိုင်းရင်းသားယဉ်ကျေးမှု အနုပညာအဖွဲ့ဥက္ကဋ္ဌ တုန်းကျန်ပိန်က "အချစ်ကို နိုင်ငံမခွဲစေချင်"၏ အဓိကထုတ်လုပ်သူတစ်ဦး ဖြစ်ပါသည်။ ၎င်းသီချင်းကို တီထွင်ထုတ်လုပ်ရန် ရည်ရွယ်ချက်ကို ပြောရလျှင် သူက ဤကဲ့သို့ ပြောဆိုခဲ့သည်။ ငယ်စဉ်ကတည်းက တရုတ်–မြန်မာ နယ်စပ်ဒေသတွင် နေထိုင်သော တုန်းကျန်ပိန်သည် စိတ်လှုပ်ရှားစေသည့် ပေါက်ဖော်ပုံပြင်ဖြစ်စဉ် များစွာကို ကိုယ်တိုင်ဖြတ်ကျော်ခဲ့သည်။ တရုတ်–မြန်မာ ပေါက်ဖော်ချစ်ကြည်ရေးမှာ ချစ်ခြင်းမေတ္တာ၏ ခွန်အားကို စုဆောင်းကာ သူနှင့် သူတို့၏အဖွဲ့မှ အဆိုပါပရဟိတသီချင်းကို ဖန်တီးရန် တွန်းအားပေးခဲ့ကြောင်း တုန်းကျန်ပိန်က ယုံကြည်ပါသည်။

တုန်းကျန်ပိန်က "ဂျိမ်းဖောကောင်လေး တေးဂီတအဖွဲ့"၏ ခေါင်းဆောင်လည်း ဖြစ်သည်။ ဤဆယ်စုနှစ်အတွင်းတွင် သူသည် အခြားသော အဖွဲ့ဝင်များနှင့်အတူ နေရာအနှံ့ သွားရောက်ကာ မိမိတို့ တီထွင်ရေးစပ်သည့် သီချင်းများကို ဖျော်ဖြေခဲ့သည်။ ပိုမို များပြားသော လူများအတွက် "သာယာလှပသော နေရာတစ်ခု"အား သီဆိုပေးခဲ့ပါသည်။

အိပ်မက် လိုက်လံရှာဖွေရန် စိတ်အားထက်သန်မှုနှင့် လိုအင်ဆန္ဒ လိုအပ်သကဲ့သို့ အိပ်မက် ဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်မှုနှင့် အကျိုးပြုမှု လိုအပ်ပေသည်။ "တေးဂီတ တယ်ဟုန်" တေးဂီတအဖွဲ့မှ ရေးဖွဲ့သီကုံးထားသည့် "အကျိုးဆောင်"သီချင်းမှာ တယ်ဟုန်နယ်သူနယ်သားများစွာအား စိတ်လှုပ်ရှားစေခဲ့ပါသည်။ အနာဂတ်တွင် "တေးဂီတ တယ်ဟုန်" တေးဂီတအဖွဲ့သည် တီထွင်မှုကို ဗဟိုပြု၍ ပိုမို ထူးချွန်ထက်မြတ်သော ဂီတပညာရှင်များ၊ အဆိုတော်များ၊ သံစုံတီးဝိုင်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ တယ်ဟုန်ပြည်နယ်ခွဲ၏ ဓလေ့ထုံးစံ၊ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် စသည်များကို ထင်ဟပ်စေသည့် ကွဲပြားသော တီးမှုတ်ခြင်းနှင့် တေးဂီတလက်ရာများ ဆက်လက် ဖော်ဆောင်သွားမည်ဖြစ်သည်။

တေးဂီတဖြင့် တယ်ဟုန်ပြည်နယ်ခွဲကို မှတ်တမ်းတင်ကာ သီဆိုသံဖြင့် တယ်ဟုန် အကြောင်းအရာများကို ဖော်ပြနေပါသည်။ "မွန်ပါနားရှီးတေးဂီတအဖွဲ့" "ဂျိမ်းဖောကောင်လေး တေးဂီတအဖွဲ့" နှင့် "တေးဂီတ တယ်ဟုန်" တေးဂီတအဖွဲ့တို့က ဝိုင်းဝန်းဖော်ဆောင်လျက်ရှိပါသည်။

တယ်ဟုန်ပြည်နယ်ခွဲပါတီကော်မတီပြန်ကြားရေးဌာန

德宏州委宣传部供稿供图

ဆွဲဆောင်မှုနှင့် ပြည့်နှက်နေသော ပူအော်။ ။ သာယာလှပသော မော့မေကျေးရွာ၌ သီးနှံအထွက်နှုန်း အလွန်ကောင်းမွန်

魅力普洱｜大美莫美村迎丰收

在这收获的季节，云南省普洱市西盟佤族自治县勐卡镇莫美村的水稻、玉米等相继迎来丰收，田野乡间、房舍屋檐满目金黄。

မော့မေကျေးရွာသည် ယူနန်ပြည်နယ် အနောက်တောင်ပိုင်း ဖူအော်မြို့ ရှီးမုန် ၀ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် မွန်ခါမြို့နယ်၌ တည်ရှိသည်။ ယခုကဲ့သို့ သီးနှံရိတ်သိမ်းသည့် ရာသီချိန်တွင် မော့မေကျေးရွာ၏ စပါး၊ ပြောင်းဖူးတို့၏ အထွက်နှုန်းသည် ရှေ့ဆင့်နောက်ဆင့် အလွန်ကောင်းမွန်သော အောင်မြင်မှုရရှိထားရာ လယ်ယာနှင့် ကျေးလက်တို့မှာ ရွှေဝါရောင် ဝင်းပနေတော့သည်။

ယခုနှစ်တွင် ရှီးမုန်ခရိုင်၌ သီးနှံ ၁၃၉၉၄ ဟက်တာ စိုက်ပျိုးခဲ့ရာ၊ ၎င်းတို့အနက် စပါးစိုက်ပျိုးမှု ၂၂၄၀ ဟက်တာ ရှိသည်။ ရှီးမုန်ခရိုင် မွန်ခါမြို့နယ် မော့မေကျေးရွာ အမှတ် ၂ ရွာအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က “ ကျွန်တော်တို့ရွာမှာ ဒီနှစ် စပါး ၁၁ ဟက်တာနီးပါး စိုက်ပျိုးခဲ့တယ်။ ကျွန်တော့် တစ်အိမ်တည်းကပဲ ၀.၃ ဟက်တာနီးပါး စိုက်ပျိုးထားတယ်။ အခြေအနေ မဆိုးဘူး။ တရုတ်မူ ၁ မူ(တရုတ်မူ ၁ မူသည် ၆၆၆.၆၇ စတုရန်းမီတာ ရှိပါသည်)မှာ ၅၀၀ ကီလိုဂရမ် ဝန်းကျင် ထွက်မယ်လို့ မှန်းထားတယ်။ စပါးရိတ်သိမ်းပြီးလို့ရှိရင် ကျွန်တော်တို့က ဗိုလ်စားပဲသီး စိုက်မယ်။ ဗိုလ်စားပဲသီးစိုက်ပြီးလို့ရှိရင် ပြောင်းဖူး စိုက်မယ်။ ကျွန်တော်တို့ရဲ့ ဒီမြေကြီးက တစ်နှစ်ပတ်လုံး အားလပ်တယ်လို့ကို မရှိပါဘူး”ဟု ရှင်းပြသည်။

၂၀၁၃ ခုနှစ်တွင် မော့မေကျေးရွာသည် ဒေသ၏ လက်တွေ့အခြေအနေမှန်အပေါ် အခြေခံ၍ ဆောင်းရာသီ သီးနှံအဖြစ် ဗိုလ်စားပဲသီးကို စတင်စိုက်ပျိုးလာခဲ့ပါသည်။ နှစ်ပေါင်းများစွာ စူးစမ်းလေ့လာ၊ စမ်းသပ်စိုက်ပျိုးခဲ့ပြီးနောက် မော့မေကျေးရွာမှ ရွာသူရွာသားများ စိုက်ပျိုးထားသည့် ဗိုလ်စားပဲသီးမှာ နှစ်စဉ် အထွက်နှုန်း ကောင်းသည့်အပြင် ပဲစေ့၏ အရည်အသွေးမှာလည်း အလွန်ကောင်းပါသည်။ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် မော့မေကျေးရွာ၌ ဗိုလ်စားပဲသီး ၁၁ ဟက်တာ စိုက်ပျိုးဖြစ်ထွန်းခဲ့ရာ တောင်သူဝင်ငွေမှာ တရုတ်ယွမ် ၅၅၄၉၂၆ အထိ ရှိလာခဲ့သည်။

ယခုအခါ မော့မေကျေးရွာက အသားစားနွားမွေးမြူရေးကို အဆိုပါကျေးရွာ၏ အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်လာခဲ့သည်။ အသားစားနွား မွေးမြူရေးသမဝါယမအသင်းကို ဖွဲ့စည်း၍ မွေးမြူရေးသမားများအား ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးအပ်နိုင်ခဲ့သည်။

ဖူအော်မြို့ပါတီကော်မတီပြန်ကြားရေးဌာန

普洱市委宣传部供稿供图

အရောက်လှမ်းခို ယွီရှိုးဆီ ။ ။ ယွီရှိုး၏ သဘာဝအလှတရားများ စုစည်းနေသော ဖြူပြာပန်း တစ်ပွင့်

走进玉溪｜一朵青花，凝聚山水灵秀

位于滇中地区的玉溪，因山而广袤丰饶，因水而妩媚灵秀，而青花瓷，则凝聚了玉溪山水的灵秀。玉溪窑青花瓷历史悠久，始烧于元末明初，因其造型古朴敦厚，纹饰简洁生动，有着鲜明的民间特色，在中国陶瓷界独树一帜。

ယူနန်အလယ်ပိုင်းဒေသ၌ တည်ရှိသော ယွီရှိုးမြို့သည် တောင်တန်းများကြောင့် သာယာကျယ်ပြောပြီး သဘာဝအလှများ ပေါများကြွယ်ဝသည်။ မြစ်ချောင်းအင်းအိုင်များကြောင့် စွဲမက်ဖွယ်ရာကောင်းအောင် လုပတင့်တယ်နေသည်။ ဖြူပြာကြွေထည်များမှာ ယွီရှိုး၏ တောတောင်ရေမြေ သဘာဝအလှတရားများကို စုစည်းလျက်ရှိပါသည်။ ယွီရှိုးဒေသထွက် ဖြူပြာကြွေထည်မှာ သမိုင်းရှည်ကြာခဲ့ပြီ ဖြစ်သည်။ ယွမ်မင်းဆက်ခေတ်နှောင်း၊ မင်မင်းဆက်ခေတ်ဦး (အေဒီ ၁၃၆၈ ဝန်းကျင်)ကပင် စတင်ခဲ့သည်။ ထိုဒီဇိုင်းပုံစံသည် ရိုးရိုးရှင်းရှင်းနှင့် ရေးဆွဲထားသော ပန်းပွင့်ပန်းခက်များက အသက်ဝင်လှပြီး ရိုးရာလေ့လက္ခဏာများ ထင်ရှားပေါ်လွင်သဖြင့် တရုတ်ပြည်၏ ကြွေထည်မြေထည်လောကတွင် အများနှင့်မတူ တစ်မူထူးခြားနေသည်။

ယွီရှိုး ဖြူပြာကြွေထည်ပြုလုပ်ရာတွင် မြေစေးကို သန့်စင်ခြင်း၊ အခြောက်ခံခြင်း၊ ရေစိမ်ခြင်း၊ စစ်ထုတ်ခြင်း၊ ဆေးကြောခြင်း၊ သိမ်းဆည်းသိုလှောင်ခြင်း၊ မြေစေးနယ်ခြင်း၊ အကြမ်းထည်ပြုလုပ်ခြင်း၊ ဖြူပြာ ဒီဇိုင်းရေးဆွဲရန် ဆေးရောင်စပ်ခြင်း၊ ဖြူပြာ ဒီဇိုင်းရေးဆွဲအလှဆင်ခြင်း၊ ကြွေရည်ပြုလုပ်ခြင်း၊ ကြွေသုတ်လိမ်းပြီး ကြွေထည်ဖြစ်လာအောင် မီးဖုတ်ခြင်းဟူသော လုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်မှုပညာသည်များက ယနေ့ထက်တိုင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည်။

ယွီရှိုးဝါယော်ကျေးရွာတွင် ပန်းပြာကြွေထည်ပြုလုပ်သည့် အတတ်ပညာကို ဆက်ခံသူများသည် ရာစုနှစ်ချီသော သမိုင်းကြောင်း ရှိပြီး လက်မှုပညာကို ဆက်လက်တည်တံ့အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဖြူပြာကြွေထည်များ ဆန်းသစ်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက်လည်း ကြိုးပမ်းလျက်ရှိသည်။ ဒေသဝိသေသလက္ခဏာကို ခေတ်အကြောင်းအရာနှင့် ပေါင်းစပ်၍ ကြွေထည်လက်ရာများတွင် ထည့်သွင်းပြုလုပ်လာကြခြင်းဖြင့် မိရိုးဖလာကြွေထည်မြေထည်ပြုလုပ်မှုကို ကြွေထည်မြေထည် အနုပညာဘက်ဆီသို့ အသွင်ပြောင်းလဲလာခဲ့ကြပါသည်။

ယွီရှိုးမြို့ပါတီကော်မတီပြန်ကြားရေးဌာန

玉溪市委宣传部供稿供图

တရုတ်-မြန်မာ-အင်္ဂလိပ် သိပ္ပံနှင့်နည်းပညာအဘိဓာန်(၁၇၃)

汉缅英科技词典（173）

王子崇 编译

jī

几丁，壳多糖，壳质 ခိုက်တင် chitin

击穿电压 ဖောက်ဖို့အား puncture voltage,breakdown voltage

机变数，幻数 နံပါတ်ထူး magic number

机场 လေဆိပ်၊ လေယာဉ်ကွင်း airport

机车，火车头 စက်ခေါင်း locomotive

机床 တွင်ခံစက်၊ တွင်ခုံ machine tool

机动车 စက်တပ်ယာဉ် automobile

机构 ဌာန၊ လုပ်ငန်းဌာန၊ ဌာနအဖွဲ့အစည်း၊ စက်ယန္တရားအတွင်းပိုင်းတပ်ဆင်ထားပုံ၊ စက်အတွင်းပိုင်းကိရိယာ organization, mechanism

机件 စက်အစိတ်အပိုင်း machine element

机井，管井 ပြွန်စိုက်တွင်း tube well

机能 ဆောင်ရွက်ချက်၊ စွမ်းဆောင်ရည် function

机能亢进 စွမ်းဆောင်ရည်လွန်ကဲခြင်း hyperfunction

机器，机械 စက်၊ စက်ကိရိယာ machinery

机器工时 စက်လည်ချိန် machine hour

机器人 လူပုံစံစက်ရုပ်၊ လူသဏ္ဌာန်စက်ရုပ်၊ ရောဘတ် robot

机器小时率 စက်လည်ချိန်နှုန်း machine hour rate

机枪 စက်သေနတ်၊ မရှင်းဂန်း machine gun

机械工 စက်ကိုင် machinist

机械功 မကွင်းနစ်အလုပ် mechanical work

机械共振 မကွင်းနစ်ခွင်ကျခြင်း mechanical resonance

机械化 စက်ယန္တရားတပ်ဆင်ခြင်း mechanization

机械零点 မကွင်းနစ်သုည mechanical zero

机械模型 မကွင်းနစ်ပုံစံ mechanical model

机械能 ယန္တရားစွမ်းအင် mechanical energy

机械耦合 မကွင်းနစ်သဘောတွဲခြင်း mechanical coupling

机械设计 စက်ဒီဇိုင်း machine design

机械师 စက်ပြင် mechanic

机械效率 စက်စွမ်းရည် mechanical efficiency

机械性能 မကွင်းနစ်ဂုဏ်သတ္တိ mechanical property

机械学 မကွင်းနစ်ပညာ mechanics

机械阻抗 မကွင်းနစ်ဟန့်တားမှု mechanical impedance

机械阻力 မကွင်းနစ်ခုခံမှု mechanical resistance

机油 စက်ဆီ machine oil

机遇数，随机变数，无规变数 ကျဖမ်းကိန်းရှင် random variable

机轴箱，曲柄轴箱 ကရိုင်းအုပ် crank case

机组 လေယာဉ်အမှုထမ်းအဖွဲ့၊ စက်ရိယာပေါင်းစု air crew, flight crew, unit, set

肌氨酸，甲基甘氨酸，甲基氨基乙酸 ဆာကိုဆင်း sarcosine

肌弛缓 ကြွက်သားတင်းအားမဲ့ခြင်း amyotonia

肌醇，环己六醇 အင်နိုဆီတော inositol

肌醇胺 အင်နိုဆာမင်း inosamine

肌醇胺霉素 အင်နိုဆာမင်းနိုမိုင်ဆင် inosaminomycin

肌醇磷脂 လိုက်ပိုဆီတော lipositol

肌醇六磷酸，植物酸，植酸 ဖိုက်တစ်အက်ဆစ် phytic acid

肌醇六磷酸钙镁，植酸钙镁，非丁 ဖိုက်တင် phytin

肌醇六磷酸酶，植酸酶 ဖိုက်တေ့(စ) phytase

肌蛋白（质）မိုင်ယိုပရိုတင်း myoprotein

肌动蛋白 အက်တင် actin

肌钙蛋白 ထရိုပိုနင် troponin

肌苷，次黄嘌呤核苷 ဟိုက်ပိုဇန်သင်းရိုင်ဘိုဆိုက်၊ အင်နိုဆင်း hypoxanthine riboside, inosine

肌苷磷酸钠，次黄苷酸钠 ဆိုဒီယမ် အင်နိုဆင်းမိုနိုဖော့စဖိတ် sodium inosinemonophosphate

肌苷酸，次黄嘌呤核苷酸 အင်နိုဆင်းနစ်အက်ဆစ် inosinic acid

肌苷酸酶 အင်နိုဆင်းနစ်ကေ့(စ) inosinicase

肌高铁血红素 မိုင်ယိုဟီမက်တင် myohematin

肌红蛋白 မိုင်ယိုဂလိုဘင် myoglobin

肌红蛋白尿 ဆီးမိုင်ယိုဂလိုဘင်ပါခြင်း myoglobinuria

ပိုးစာပင်ကို လက်ညှိုးထိုးပြီး ပြည်ပန်းညိုပင်ကို စောင်းမြောင်းဆဲဆိုခြင်း(၂)

三十六计（26）-- 指桑骂槐 (2)

《三十六计》或称三十六策，是指中国古代三十六个兵法策略，语源于南北朝（420 年—589 年），成书于明清（1368 年—1912 年）。它是根据中国古代军事思想和丰富的斗争经验总结而成的兵书，是中华民族悠久的非物质文化遗产之一。

ဇောင်ကျိုးသည် စိတ်ဆိုးပုံမရှိ အေးအေးဆေးဆေးနှင့် မမြင်ချင်ယောင်ဆောင်ပြီး စစ်ရေးစစ်ရာအချို့ လုပ်ဆောင်၍ စစ်တန်းလျား တံခါးဝသို့ရောက်လာသည်။ သူ့အမိန့်အရ အချိန်တိုင်းတိုင် ထောင်လိုက်ပြီး ရေနာရီလင်ဗန်းလဲ ပြင်ဆင်ထားသည်။ နေမင်းကြီး၏ အရိပ်သည် တဖြည်းဖြည်းတိုလာသည်။ အရိပ် အတိုဆုံးအချိန်အခါသည် မွန်းမတ်မတ်တည့်သော အခါ ဖြစ်ပေသည်။ ချိန်းဆိုထားသည့်အချိန် ရောက်ပြီ ဖြစ်သော်လည်း ကြီးကြပ်ဗိုလ် ကျွမ်ကြားမရောက်သေးပေ။ ဇောင်ကျိုးသည် ကျွမ်ကြားကို မစောင့်တော့ဘဲ စစ်ချီရေးအစီအစဉ်နှင့် စည်းကမ်းပညတ်ချက်များ အလေးအနက် ကြေညာခဲ့သည်။

နေဝင်မိုးချုပ်ချိန်မှ ကျွမ်ကြားသည် အရက်မူးမူးနှင့် ရောက်လာသည်။ ဆွေမျိုးတို့၏ ထမင်းစားပွဲတွင် ပါဝင်၍ နောက်ကျခဲ့သည် ဟဟဟ ဟုဆိုရာ ဇောင်ကျိုး မျက်နှာမကောင်းတော့ဘဲ "တိုင်းရေးပြည်ရာကို အမှုမထားဘဲ ကိုယ့်အိမ်သူအိမ်သား ဆွေမျိုးရင်းချာကိုပဲ မက်မောနေရသလား" ဟု ခပ်တင်းတင်းပြစ်တင်သည်။ နောက်သော် စစ်တွင်းတရားသူကြီးကို ဖိတ်ခေါ်ပြီး "အကြောင်းမဲ့ နောက်ကျသူကို ဘယ်လို ဒဏ်ခတ်ရမလဲ" ဟု မေးသည်။ စစ်တရားသူကြီးသည် "သတ်ဖြတ်ရမယ်" ဟု တိုတိုရှင်းရှင်း အဖြေပေးသည်။ ကျွမ်ကြားသည် ကြောက်လန့်နေပြီး မင်းကြီးထံ အကူအညီ တောင်းရန် လူကို ချက်ချင်းစေလွှတ်လိုက်သည်။ သို့သော် စေလွှတ်သွားသည့် လူကား ပြန်မရောက်သေးမီပင် စည်းကမ်းကျူးလွန်သူ၏ အသက်ပျောက်ဆုံးသွားပြီ ဖြစ်သည်။ စစ်ဗိုလ်စစ်သားအားလုံး ကြောက်လန့်တကြား ဖြစ်သွားသည်။

ပုံပြင်ကား မပြီးသေးပါ။ သိပ်မကြာခင်တွင် "ကြီးကြပ်ဗိုလ်ကို ခွင့်လွှတ်ပေးပါ"ဟူသည့် မင်းကြီးအမိန့်ကို ပါလာသော အစေတော်သည် စစ်စခန်းကို ကမန်းကတန်း ရောက်လာသည့်အခါ ဇောင်ကျိုးသည် "ဗိုလ်ချုပ်ကြီး လုပ်သူဟာ စစ်စခန်းမှာ နေရင် ပြည်မင်းကြီးရဲ့ အချို့အမိန့်ကို လက်မခံခွင့်ရှိတယ်"ဟု ပြောသည်။ ထို့နောက် "ပြည်မင်းကြီးရဲ့ အစေတော်ဟာ ခွင့်ပြုမှုမရဘဲ စစ်စခန်းမှာ အရမ်း ရိုင်းစိုင်းတဲ့ အပြုအမူကို ဘယ်လိုလက်ခံရမလဲ"ဟု စစ်တရားသူကြီးကို ထပ်မေးသည်။ "သတ်ဖြတ်ရမယ်"ဟု ပြန်ဖြေ၍ ဇောင်ကျိုးသည် "ပြည်မင်းကြီးရဲ့ အစေတော်ကို မသတ်ရဘူး"ဟူသော သတ်မှတ်ချက် ရှိသဖြင့် လိုက်ပါသူတစ်ယောက်နှင့် ဘယ်ဘက်က လှည်းဆွဲမြင်းကို အစေတော်၏ ဓားစာခံအဖြစ် သတ်ပစ်လိုက်သည်။

"ဘယ်သူ့ကိုမဆို စည်းကမ်းကျူးလွန်ရင် ခြွင်းချက်မရှိဘဲ ဘယ်သူ့မှ အသက်လွတ် ငြိမ်းချမ်းသာခွင့် မရှိဘူး။ ကြပ်ကြပ်သတိထားပါ။" ဟူ၍ သတင်းပြန့်ပွားပြီး စည်းကမ်းသေဝပ်လျက်ရှိပါသည်။ တိုက်အားလည်း ကြံ့ခိုင်တောင့်တင်းလာသည်။ နိုင်ငံခြားပူးပေါင်းကျူးကျော်ရေးတပ်သည် အဆိုပါသတင်းကို ကြားရပြီး မတိုက်ရဲဘဲ ဆုတ်ခွာသွားကြသည်။ ထို့ကြောင့် စည်းကမ်းသေဝပ်မှုသည် စစ်တပ်၏ တိုက်အားဖြစ်သည်ဟု ဆိုနိုင်သည်။

本文系缅文投稿，投稿人：刘钦友

တရုတ်ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏ အလှအပကို ဖော်ပြနိုင်သော ရိုးရာသစ်သား အဆောက်အဦး ဆောက်လုပ်ရေးလက်ရာ

中国非物质文化遗产——

传统木结构建筑营造技艺

zhōng guó chuán tǒng mù jié gòu jiàn zhù yíng zào jì
中国传统木结构建筑营造技
yì shì yǐ mù cái wéi zhǔ yào jiàn zhù cái liào yǐ sǔn mǎo
艺是以木材为主要建筑材料，以榫卯
wéi mù gòu jiàn de zhǔ yào jié hé fāng fǎ yíng zào jì
为木构件的主要结合方法。营造技
yì yǐ shī tú zhī jiān yán chuán shēn jiào de fāng shì shì dài
艺以师徒之间言传身教的方式世代
xiāng chuán zhè zhǒng yíng zào jì yì tǐ xì yán xù le
相传。这种营造技艺体系延续了
duō nián shì dōng fāng gǔ dài jiàn zhù jì shù
7000多年，是东方古代建筑技术
de dài biǎo dài biǎo zuò yǒu sū zhōu yuán lín běi
的代表，代表作有苏州园林、北
jīng sì hé yuàn xī dì hóng cūn děng nián
京四合院、西递宏村等。2009年，
zhōng guó chuán tǒng mù jié gòu yíng zào jì yì rù xuǎn lián
中国传统木结构营造技艺入选联
hé guó rén lèi fēi wù zhì wén huà yí chǎn
合国人类非物质文化遗产。



CFP 图

တရုတ်နိုင်ငံ ရိုးရာသစ်သားအဆောက်အဦးဆောက်လုပ်ရေးလက်ရာသည် သစ်သားကို အဓိက ကုန်ကြမ်းအဖြစ် အသုံးပြုသည်။ Tenon နှင့် Mortise နည်းဖြင့် သစ်သားများကို အဓိကပေါင်းစပ်သည့် နည်းလမ်း ဖြစ်ပေသည်။ ဆောက်လုပ်ရေးလက်ရာသည် ဆရာက တပည့်ကို ပြောဆိုလေ့ကျင့်သင်ကြားပို့ချပေးသည့် နည်းလမ်းဖြင့် ခေတ်အဆက်ဆက် ဆက်ခံလာခဲ့ခြင်း ဖြစ်သည်။ ဤဆောက်လုပ်ရေးလက်ရာစနစ်သည် နှစ်ပေါင်း ၇၀၀၀ ကျော် ဆက်ခံလာခဲ့ပြီး အရှေ့တိုင်းရှေးဟောင်းအဆောက်အဦး နည်းပညာကို ကိုယ်စားပြုနိုင်သည်။ စူးကျိုးဥယျာဉ်၊ ပေကျင်း လေးဖက်ဆိုင်အိမ်၊ ရှီးတီဟုန်ရွာ စသည်တို့သည် အပြောင်မြောက်ဆုံးသော လက်ရာများ ဖြစ်သည်။ ၂၀၀၉ ခုနှစ် တရုတ်ရိုးရာသစ်သားအဆောက်အဦး ဆောက်လုပ်ရေးလက်ရာကို ကုလသမဂ္ဂ လူသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ရွေးချယ်ခံခဲ့ရပါသည်။

rú jīn zhōng guó chuán tǒng jì yì zài xiàn dài
如今，中国传统技艺在现代
shēng huó zhōng chóng huàn shēng jī rì jiàn xīng qǐ de
生活中重焕生机，日渐兴起的
sǔn mǎo jī mù yuè lái yuè shòu dào hái zi hé nián qīng rén
榫卯积木越来越受到孩子和年轻人
de huān yíng
的欢迎。

လက်ရှိတွင် တရုတ်ရိုးရာသစ်သားအဆောက်အဦး ဆောက်လုပ်ရေးလက်ရာသည် ခေတ်ပေါ်နေထိုင်မှုဘဝ အတွင်း၌ ပြန်လည်သက်ဝင်လာနေသည်။ တစ်နေ့တခြား ရေပန်းစားလာသော Tenon နှင့် Mortise သစ်သားအရုပ်များကို ကလေးငယ်များနှင့် လူငယ်မိဘများက အထူးကြိုက်နှစ်သက်ကြလာသည်။

zhè shì wǒ men zhōng guó de jī mù hǎo hǎo
“这是我们中国的积木，好好
wán suì de liú qí zōng xiǎo péng yǒu duì yī
玩！”7岁的刘奇宗小朋友对一
kuǎn sǔn mǎo jié gòu jī mù ài bù shì shǒu
款榫卯结构积木爱不释手。

“ဒါက ကျွန်တော်တို့ တရုတ်နိုင်ငံက သစ်သားအရုပ်ပါ။ အရမ်း ကစားလို့ ကောင်းပါတယ်။” အသက် ၇ နှစ် အရွယ် လျောချီကျုံးသည် Tenon နှင့် Mortise သစ်သားအရုပ် တစ်ခုကို အလွန် ကြိုက်နှစ်သက်နေပါသည်။

shén me shì sǔn shén me shì mǎo tā men zhī
什么是榫、什么是卯？它们之
jiān yǒu shén me lián xì
间有什么联系？

Tenon ဆိုသည်မှာ အဘယ်နည်း။ Mortise ဆိုသည်မှာ အဘယ်နည်း။ မည်သို့သော ဆက်စပ်မှု ရှိသနည်း။

tū chū lái de bù fen shì sǔn āo jìn qù de shì mǎo
凸出来的部分是榫，凹进去的是卯，

hé èr wéi yī cáinéng qì hé
合二为一才能契合 。

ခုံးထွက်လာသည့်အပိုင်းသည် Tenon ဖြစ်ပြီး ချိုင့်ဝင်သွားသည့်အပိုင်းသည် Mortise ဖြစ်သည်။ နှစ်ခု ပေါင်းစပ်လိုက်မှာသာ တစ်ခုတည်း ဖြစ်လာနိုင်မည်။

jù mǒu sǔn mǎo jī mù pǐn pái fù zé rén jiè shào
据某榫卯积木品牌负责人介绍，

cháng duǎn bù tóng de sǔn mǎo jī mù tōng guò bù tóng
长短不同的榫卯积木，通过不同

de pīn jiē fāng shì kě yǐ yǒu shàng bǎi zhǒng zào xíng duì
的拼接方式可以有上百种造型，对

péi yǎng hái zi chuàng zào lì dà yǒu bì yì tóng shí hái
培养孩子创造力大有裨益，同时还

néng tí gāo hái zi de kōng jiān jié gòu gǎn cóng
能提高孩子的空间结构感。“从

shàng hǎi shì bó huì zhōng guó guǎn dào tíng tái lún chuán
上海世博会中国馆到亭台、轮船、

shǒu qiāng xiǎo dòng wù děng dōu néng yòng sǔn mǎo jī
手枪、小动物等都能用榫卯积

mù pīn dā chū lái
木拼搭出来。”

အတိုအရှည် မတူညီသော Tenon နှင့် Mortise သစ်သားအရုပ်များသည် မတူသော ဖွဲ့စည်းပေါင်းစပ်နည်းလမ်းများဖြင့် ပုံစံအမျိုးမျိုး ထွက်ပေါ်လာနိုင်ပါသည်ဟု Tenon နှင့် Mortise သစ်သားအရုပ်တံဆိပ်တစ်ခု၏ တာဝန်ခံ၏ မိတ်ဆက်ခြင်းများအရ သိရပါသည်။ ကလေးငယ်များ၏ ဖန်တီးတီထွင်မှုအပေါ် အထူး အကျိုးပြုစေသည်။ ကလေးငယ်၏ လွတ်လပ်သော အာရုံခံစားမှုကို ပိုမို မြှင့်တင်ပေးနိုင်သည်။ “ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲရှိ တရုတ်ပြတိုက်မှ မဏ္ဍပ်၊ သဘော်၊ သေနတ်၊ တိရစ္ဆာန် စသည့် ပုံစံအမျိုးမျိုးကို ဒီသစ်သားအရုပ်လေးနဲ့ ဖန်တီးနိုင်တယ်။”

yǔ cháng jiàn de jī mù bù tóng sǔn mǎo jié gòu
与常见的积木不同，榫卯结构

xiāng hù kòu jǐn láo gù wěn dìng ná qǐ lái yě bú
相互扣紧、牢固稳定，拿起来也不

huì sōngsǎn zhè shì wéi yī yī kuǎn néng gòu dài chū
会松散，“这是唯一一款能够带出

qù wán de jī mù bìng qiě tā de biàn xíng xìng fēi cháng
去玩的积木，并且它的变形性非常

dà chāi le zhī hòu hái néng dā bié de dōng xī
大，拆了之后还能搭别的东西。”

အမြဲမြင်တွေ့ရသော သစ်သားအရုပ်များနှင့် မတူသည့် အချက်သည် Tenon နှင့် Mortise ဖွဲ့စည်းပုံသည် ပိုမိုခိုင်မာသောကြောင့် ကိုင်တွယ်ရလွယ်ကူသည်။ “ဒီသစ်သား



အရုပ်ဟာ အပြင်သို့ သယ်ဆောင်ပြီး ကစားနိုင်တဲ့ တစ်ခုတည်း သစ်သားအရုပ် ဖြစ်တယ်။ ဒါ့အပြင် ၎င်းက ပုံစံပျက်နေလို့ တစ်ခြားပုံစံအဖြစ်သို့ ပြောင်းလဲတည်ဆောက်နိုင်ပါတယ်။”

liú qí zōng xiǎng zuò yī bǎ xiǎo shǒu qiāng tā
刘奇宗想做一把小手枪，他

shuō tā yǐ qián cóng lái méi jiàn guò zhè zhǒng jī mù
说他以前从来没见过这种积木，

suī rán nán dù yǒu diǎn gāo dàn shì hěn hǎo wán ér
虽然难度有点高，但是很好玩，而

qiě shì mù tóu cái zhì de fēi cháng nài shuāi chāi kāi
且是木头材质的，非常耐摔。拆开

yī gè jié gòu liú qí zōng xīng fèn de chōng mā mā hǎn
一个结构，刘奇宗兴奋地冲妈妈喊：

“mā mā wǒ chāi kāi le zhǎo dào le guān jiàn de
“妈妈，我拆开了，找到了关键的

nà yī kuài
那一块！”

လျှာချီကျုံးသည် သေနတ်အသေးတစ်ခု ဖန်တီးပြုလုပ်ချင်ပါသည်။ ယခင်က ဤသို့သော သစ်သားအရုပ်ကို မမြင်တွေ့ဖူးကြောင်း သူက ပြောသည်။ ခက်ခဲသော်လည်း ကစားရ ကောင်းသည်။ သစ်သားဖြစ်သည့်အတွက် အကြမ်းလည်း ခံသည်။ “မေမေ၊ အရေးကြီးဆုံးတဲ့ အချက်ကိုသား တွေ့သွားပြီ”ဟု ဖွဲ့စည်းပုံတစ်ခုကို ခွဲခြမ်းလိုက်သည့် အခါ လျှာချီကျုံးသည် စိတ်အားထက်သန်စွာ အော်ပြောနေလေသည်။

မဂ္ဂဇင်းအထွေထွေဆောင်းပါး

本刊综合

ဖာဖတ်သူ၏ အသံ

读者反馈

■ 本刊记者 张莹琳 / 整理

杜姗姗：妙妙，你好！我是缅甸边贸商人。在9月刊《吉祥》杂志上，我关注到《这十年：东看浙江 西看云南》这组报道。其中，我最感兴趣的文章是《朗瑞玉：带着“人字拖”来中国》，通过这篇文章，我了解到她的创业经历，这也让我联想到自己的故事。希望更多缅甸人能像朗瑞玉一样享受到云南对外开放带来的更多机遇。

ဒေါ်စန်းစန်း ။ ။ မြမြ၊ မင်္ဂလာပါရှင်။ ကျွန်မဟာ မြန်မာနိုင်ငံက နယ်စပ်ကုန်သွယ်ရေး လုပ်ကိုင်နေတဲ့ ကုန်သည်တစ်ယောက်ပါ။ စက်တင်ဘာလထုတ် “မင်္ဂလာ” မဂ္ဂဇင်းမှာ ကျွန်မက “ဤဆယ်စုနှစ်အတွင်း ကျဲ့ကျန်းပြည်နယ်နှင့် ယူနန်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှု တစ်စေ့တစ်စောင်း လေ့လာကြစို့” အထူးဆောင်းပါးတွေကို ဖတ်ရှုခဲ့တယ်။ ဒီဆောင်းပါးတွေထဲမှာ“နန်းရွှေယု ။ ။ညှပ်ဖိနပ်များအား တရုတ်နိုင်ငံသို့ သယ်ယူလာခြင်း”ဆိုတဲ့ ဆောင်းပါးဟာ ကျွန်မ စိတ်ဝင်စားမှုအရှိဆုံး ဆောင်းပါးဖြစ်ပါတယ်။ ဒီဆောင်းပါးကတစ်ဆင့် နန်းရွှေယုရဲ့ ကိုယ်ပိုင်လုပ်ငန်းထူထောင်ခြင်း အတွေ့အကြုံတွေကို သိရှိလာရပြီး ကိုယ်ရဲ့ လုပ်ငန်းထူထောင်တာကိုလည်း ပြန်လည်သတိရလာတယ်။ နန်းရွှေယုလို ပိုမို များပြားလာတဲ့ မြန်မာကုန်သည်တွေဟာ ယူနန်ပြည်နယ်က တံခါးဖွင့်လှစ်မှုဖြင့် ဆောင်ကြဉ်းလာတဲ့ ပိုမို များပြားတဲ့ အခွင့်အလမ်းတွေကို ခံစားနိုင်ကြဖို့ ကျွန်မက မျှော်လင့်ထားပါတယ်။

妙妙：云南省是中国最邻近缅甸的省份，这里有西双版纳傣族自治州、普洱市、临沧市、德宏傣族景颇族自治州、怒江傈僳族自治州与缅甸接壤。滇缅地缘相近、人缘相亲、文缘相通，双方商贸交往频繁，有关中缅边贸合作的故事数不胜数，我们将在《吉祥》杂志上持续讲述。

မြမြ ။ ။ ယူနန်ပြည်နယ်ဟာ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့ အနီးဆုံးပြည်နယ်ဖြစ်ပါတယ်။ ယူနန်ပြည်နယ်ရဲ့ စစ်ဆောင်ပန်းနား တိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ၊ ဖူအော်မြို့၊ လင်ချန်းမြို့၊ တယ်ဟုန် တိုင်း၊ ဂျိမ်းဖောတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲနဲ့ နုကျန်း လီဆူးတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲတို့ဟာ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိနေပါတယ်။ တရုတ်နိုင်ငံ

ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံတို့ဟာ တောတောင်ရေမြေ ထိစပ်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှု နက်ရှိုင်းတယ်။ နှစ်ဦးနှစ်ဖက် ယဉ်ကျေးမှုဖလှယ်ရေးနဲ့ ချိတ်ဆက်မှု များစွာရှိပြီး ကူးသန်းရောင်းဝယ်မှု ဖလှယ်ရေးလည်း များပြားပါတယ်။ တရုတ်–မြန်မာ နယ်စပ်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအကြောင်းလည်း မရေမတွက်နိုင်အောင် များပြားလှတယ်။ စာဖတ်ပရိသတ်တွေအတွက် "မင်္ဂလာ" မဂ္ဂဇင်းကတစ်ဆင့် သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ဆက်လက် ရေးသားဖော်ပြပေးသွားပါမယ်။

ဗားရှင်းနဲ့ လူမှုမီဒီယာအကောင့် အစရှိတဲ့ ပလက်ဖောင်းတွေနဲ့ ပေါင်းစပ်ကာ စမတ်ဘာသာပြန်ဆိုခြင်းစတဲ့ ခေတ်မီတဲ့ သိပ္ပံနည်းပညာကို အပြည့်အဝ အသုံးပြုကာ မြန်မာနိုင်ငံက မတူညီတဲ့ စာဖတ်ပရိသတ်တွေအတွက် အချိန်နဲ့ တစ်ပြေးညီအောင် ပြည့်စုံတဲ့ တရုတ်–မြန်မာ ကုန်သွယ်ရေး သတင်း အချက်အလက်တွေကို ဖော်ပြသွားမှာ ဖြစ်တယ်။ စောင့်မျှော်ပေးပါဦး။

杜姗姗：之前，我们了解缅中边贸资讯，需要通过翻译，这其中会产生一定的信息误差。作为缅中边贸从业者，我希望《吉祥》杂志能带来更多缅中农产品进出口相关的资讯。

ဒေါ်စန်းစန်း ။ ။ အရင်တုန်းက ကျွန်မတို့ဟာ မြန်မာ–တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးသတင်းတွေ သိချင်ရင် ဘာသာပြန်ဖို့ လိုအပ်တယ်။ ဒီကနေရရှိတဲ့ သတင်းအချက်အလက်တွေဟာ ဘာသာပြန်အမှားတွေ အတော်အသင့် ပါနိုင်ပါတယ်။ မြန်မာ–တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ကိုင်သူအနေနဲ့ "မင်္ဂလာ"မဂ္ဂဇင်းမှာ နှစ်နိုင်ငံ လယ်ယာထွက်ကုန် တင်သွင်းမှုနဲ့တင်ပို့မှုနဲ့သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကို များစွာ ဖော်ပြပေးဖို့ ကျွန်မက မျှော်လင့်ထားပါတယ်။

မြန်မာနိုင်ငံဝါရင့် Think Tank ပညာရှင်၊ B&R-GRN (Belt & Road-Global Research Network)၏ အဖွဲ့ဝင်၊ တရုတ်-မြန်မာ စီးပွားရေးကြီး သုတေသနပညာရှင် ခင်မောင်စိုး၊ ၊
缅甸资深智库专家、"一带一路"全球研究网成员、中缅经济走廊研究专家钦貌索：

中国云南省和缅甸接壤，经贸往来日益密切，合作内容不断丰富，《吉祥》杂志为缅甸民众更加深入地了解云南搭建了平台，并在促进缅中民心相通、深化两国交流合作中发挥重要的媒体作用，推动缅中命运共同体意识在两国人民心中落地生根。

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံတို့ဟာ ထိစပ်လျက်ရှိပြီး ကူးသန်းရောင်းဝယ်ရေး တစ်နေ့တခြား များပြားလာပါတယ်။ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှု အဆက်မပြတ် နက်ရှိုင်းလာပါတယ်။ "မင်္ဂလာ"မဂ္ဂဇင်းဟာ မြန်မာနိုင်ငံ ပြည်သူပြည်သားတွေ ယူနန်ပြည်နယ်ကို ပိုမို သိရှိစေဖို့အတွက် ပလက်ဖောင်းတစ်ခု တည်ဆောက်ခဲ့ပါတယ်။ မြန်မာ–တရုတ်နှစ်နိုင်ငံ ပြည်သူပြည်သားတို့ စိတ်ချင်းနီးစပ်စေဖို့နဲ့ နှစ်နိုင်ငံတို့ ဖလှယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်စေဖို့ အရေးပါတဲ့ မီဒီယာအခန်းကဏ္ဍကို ပါဝင်ဆောင်ရွက်ခဲ့တယ်။ မြန်မာ–တရုတ် အေးအတူပူအမျှ အသိုက်အဝန်း အတွေးအခေါ်ဟာ နှစ်နိုင်ငံပြည်သူပြည်သားတို့ စိတ်ထဲမှာ အမြစ်တွယ်စေနိုင်ဖို့လည်း တွန်းအားပေးခဲ့ပါတယ်။

妙妙：未来，《吉祥》杂志将与云南省南亚东南亚区域国际传播中心云桥网缅语频道、社交媒体账号等联动，充分利用人工智能翻译等先进技术，为有不同需求的缅甸读者带来更及时、全面的中缅商贸信息，敬请期待。

မြမြ ။ ။ အနာဂတ်မှာ "မင်္ဂလာ"မဂ္ဂဇင်းဟာ ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံတကာ ပြန်ကြားရေးစင်တာ လက်အောက်ရှိ Yunnan Gateway မြန်မာဘာသာစကား အင်တာနက်ဝက်ဆိုက်

SING SOFTLY FOR THE WORLD

唱享四方 聆听世界

NGAM MEUNG LAO

美丽老挝

SONG: NGAM MEUNG LAO

PERFORMED BY: SENGFAI STUDIO

演唱:森发工作室

扫码观看

SCAN QR CODE TO WATCH THE VIDEO.

WWW.YUNNANGATEWAY.COM